www.burmeseclassic.com



www.burmeseclassic.com

ပထမအကြိမ် ရိုက်နှိပ်ခြင်း (၂၀၁၂ ဧပြီလ) အုပ်ရေ (၅၀၀)
စာမူခွင့်ပြုချက်အမှတ် [ ၅၁၀၀၇၄၀၃၁၂ ] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၀၁၀၄၀၃၁၂ ] တို့အရ
ဦးသင်းသူရလွင်၊ အိမ်မက်အလင်းစာပေ
၃၁/ ခ၃၃၊ ၁၅၃လမ်း တာမွေမြို့နယ်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့် အတွင်းစာသားများကို ဦးအောင်နိုင်ထွန်း
နယူးပုံနှိပ်တိုက် (၁၂၄)၊ ဗိုလ်ချုပ်လမ်း ပုဇွန်တောင်တွင် ပုံနှိပ်သည်။

တန်ဖိုး (၂၅၀၀) ကျပ်

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅.၈၃

ဝေသကျော်စွာ
သမီးရည်းစားကဗျာ / ဝေသကျော်စွာ - ရန်ကုန်
အိမ်မက်အလင်းစာပေ၊ ၂၀၁၂။
၂၂၀ - စာ၊ ၁၂ စင်တီ x ၁၈.၅ စင်တီ။
(၁) သမီးရည်းစားကဗျာ

*For*
*My Sweet Heart,*

www.burmeseclassic.com

www.burmeseclassic.com

၃၊ တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ★ ပြုစည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို ဗိုဓိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# သမီးရည်းစားဂမ္ဘီရ

ချစ်သူတို့အတွက် ...

ဗီယာနှင့်သီးမျှား

ဒဿကျော်စွာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## ဒဿကျော်စွာ၏ ထွက်ရှိပြီး ဝတ္ထုများ


၁။ သစ်ခြောက်ကုန်း
၂။ သုသာန်စောင့်မဖဲဝါ
၃။ တမလွန်သို့ ခြေလှမ်းငါးလှမ်း
၄။ ပုလ္လာကတိုက်တဲ့အိမ်
၅။ သချိုင်းကုန်းမှ ဖုန်းခေါ်သံ
၆။ နန္ဒာဒေဝီ
၇။ သင်္ချိုဟ်စက်ပဟောင်းရဲ့ နံရံ
၈။ မကောင်းဆိုးရွားပုံတူ
၉။ စောင်းသံကဝေ
၁၀။ မြွေသိုက်
၁၁။ လိပ်ပြာခွဲတဲ့ည
၁၂။ လမိုက်ညခေါ်သံ
၁၃။ ဝိဘတ်ကြမ္မာ
၁၄။ သက်ပျောက်သစ်ပင်
၁၅။ တတိယမျက်လုံးရှင်
၁၆။ မနောမဟိဒ္ဓိ
၁၇။ သရဲကျမ်း (သရဲအကြောင်း သုတေသနစာတမ်း)
၁၈။ ခြေကလိန်မ မယ်ကာက
၁၉။ သန်းခေါင်ယံညည်းသံ
၂၀။ မှော်ဝင်ဖူးစာရှင် ရုပ်ပုံလွှာ
၂၁။ မြေကြွမ်း
၂၂။ သုံးဘဝမောင်နှမ


**ယခု = သမီးရည်းစားဂမ္ဘီရ**

ဆက်ထွက်ရန် = မှော်ဝင်ဖူးစာရှင် ရုပ်ပုံလွှာ - ၂



ဒီစာအုပ်ဟာ ...

ရှေ့က နှစ်အုပ်တွဲဖြစ်တဲ့ မှော်ဝင်ဖူးစာရှင်ရုပ်ပုံလွှာ စာအုပ်တွေရဲ့ အဆက်လို့ ပြောနိုင်သလို ဘာမှ မဆိုင်ဘူးလို့လည်း ဆိုနိုင်ပါလိမ့်မယ်။ ဘာလို့ဆို ဇာတ်လမ်းချင်း ဆက်စပ်မှု မရှိဘူး။

ဒါပေမဲ့ ဟိုစာအုပ်တွေမှာ ဖူးစာရှင်ရဲ့ ရုပ်ပုံလွှာကို ထွက်ချက်လို့ရသလို ဒီစာအုပ်မှာလဲ အဲဒီလိုမျိုး ထူးထူးခြားခြားတွေပါတယ်။

အဓိကအားဖြင့် ဒီစာအုပ်မှာ –

အင်မတန်ဆန်းတဲ့၊ ပြီးတော့ချစ်သူတိုင်း လိုလားကြမယ့်

၁) ဂမ္ဘီရနည်းကလေးတွေ ပါတယ်။

– ဖူးစာရှင်ရှာဖို့ ဂမ္ဘီရနည်း၊

– ချစ်သူသစ္စာရှိစေဖို့ ဂမ္ဘီရနည်း၊

– ဝေးကွာနေတဲ့ ချစ်သူအတွက် အနမ်းလက်ဆောင်ပို့ဖို့ ဂမ္ဘီရနည်း၊

– ချစ်သူ စိတ်ပြန်လည်လာစေဖို့ ဂမ္ဘီရနည်း၊

– အသည်းကွဲသူများအတွက် ဂမ္ဘီရနည်း၊

စတာတွေပေါ့။

၂) ဝိညာဉ်မိတ်ဖက် (အချစ်မီးလျှံ) ဆိုတဲ့ ဂမ္ဘီရကာဒ်ပြား ကလေးပါတယ်။

အဲဒီကာဒ်ပြားကလေးနဲ့ ချစ်သူဆီ အိပ်မက်စေလို့ ရတယ်။ အချစ်တွေနိုင်မြဲအောင်လည်း ဒီကာဒ်ပြားလေးက ကူညီနိုင်သတဲ့။ ဒါတွေတင်မက –

www.burmeseclassic.com

www.burmeseclassic.com



၃) အချစ်ဆိုတဲ့အကြောင်းတရားရဲ့ လျို့ဝှက်ချက်တို့ အလုံးစုံကို ဇာတ်လမ်းပိုင်းလေးတစ်ခုစီမှာ ဖော်ပြထားတဲ့ ဝတ္ထုလည်းဖြစ်တယ်။

ဝန်ခံရရင် ဒီဇာတ်လမ်းဟာ ဟိုးအရင်က သွန်းနေစိုးနာမည်နဲ့ ကျွန်တော်ရေးခဲ့တဲ့ ဝံပုလွေပုံပြင်ဆိုတဲ့ ဝတ္ထုတိုလေးရဲ့ တည်ဆောက်ပုံကို ပြန်ယူထားပါတယ်။

ဒါပေမဲ့ ဒီဝတ္ထုမှာ မူဟာန်တစ်မျိုး ချဲ့ထွင်ထားတယ်။

●

ဒီစာအုပ်နာမည်နဲ့ ပတ်သက်ပြီး ပြောရရင်တော့ ...

ကျွန်တော်ရဲ့ သွန်းနေစိုးဆိုတဲ့ကလောင်နဲ့ 'ရည်းစားစကား' ဆိုတဲ့ ကဗျာပေါင်းချုပ်လေးတစ်ခု ရေးခဲ့ဖူးပါတယ်။ ပြီးတော့ ဆရာဆင်ဖြူကျွန်းအောင်သိန်းရဲ့ သမီးရည်းစား ဝတ္ထုတိုများဆိုတာလည်း ဖတ်ဘူးတယ်။

အခုစာအုပ်ဟာ အဲဒီနှစ်အုပ်နဲ့ နာမည်ဆင်နေပေမယ့် ပါတဲ့ အကြောင်းအရာချင်းတော့ လုံးဝကွဲနေပါလိမ့်မယ်။

ဘာလို့ဆို ...

ဒီတစ်အုပ်ဟာ ဇာတ်ပြောင်းဇာတ်လဲ တစ်ခု ဖြစ်တယ်။

ပြီးတော့ ဒသကျော်စွာရဲ့ စတိုင်အတိုင်း

ဒီ့ထက် ဒီ့ထက် ပို 'သစ်'သွားမယ်။



## ထူးဆန်းသော ဝင်ပေါက်

ထို ဝင်ပေါက်၏ နဖူးစီးတွင် စာတမ်းတစ်ခု ကပ်ထားလေသည်။

'ချစ်သူမရှိတဲ့လူ မဝင်ရ'

BURMESE CLASSIC .com

ထို့ကြောင့် ထိုဝင်ပေါက်အတွင်း တဖွဲဖွဲဝင်ရောက်နေကြသူများမှာ ချစ်သူစုံတွဲများသာ အများစု ဖြစ်ကြလေ၏။

တစ်ယောက်ချင်းဝင်သူ တစ်ဦးစ နှစ်ဦးစကိုလည်း ကြိုကြားကြိုကြားတော့ တွေ့ရသေးသည်။ သို့သော် ထိုသူများမှာ အလယ်ခေါင်တည့်တည့် ဝင်ပေါက်မကြီးမှ ဝင်ခွင့်မရ။

စုလျားစ်မွန်းချွန်တို့ဖြင့် အတိပြီးသော ထိုဝင်ပေါက်မကြီးဘေးတွင် စုတ်ချာနွမ်းရွဲ့သော မလွယ်ပေါက်ကလေး တစ်ခုရှိပါသေးသည်။ ထိုအပေါ်တွင် ဆေးရောင်ပြယ်စပြုပြီဖြစ်သော ခေါင်းစည်းကလေး တစ်ခု ချိတ်ထားး၏။

'အသည်းကွဲသူများ ဝင်ပေါက်' ... ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသော လူငယ်

တစ်နေ့တွင် ...

ထို ဝင်ပေါက်ဝသို့ လူငယ်တစ်ယောက်

(မိုးပေါ်ကကျသလို) ဘွားကနဲ ရောက်လာလေ၏။

ဝင်ပေါက်နဖူးစည်းမှ စာတမ်းကိုကြည့်သည်။ မလွယ်ပေါက်မှ ခေါင်းစည်းကိုလည်း ကြည့်၏။ ပြီးတော့ သူ့ဘာသာ ပြောလေသည်။

"ငါဟာ အသည်းကွဲနေတဲ့သူ မဟုတ်ဘူး၊ ဒီတော့ ...ဟို မလွယ်ပေါက်ကလေးက ဝင်စရာမလိုဘူး"

ထိုသို့ရေရွတ်ကာ ရှေ့သို့ နှစ်လှမ်းတိုးလိုက်သည်။ သို့သော် နောက်တစ်ဖန် ထပ်မံပြောပြန်၏။

"ဒါပေမဲ့ ငါ့မှာ ချစ်သူလည်း မရှိပြန်ဘူး၊ ချစ်သူဆိုတဲ့ ဝေါဟာရနဲ့ ဘယ်တုန်းကမှကို မပတ်သက်ခဲ့တာ၊ ဒီတော့ ဒီ ဝင်ပေါက်မကြီးက ဝင်လို့ရပါ့မလား၊ အို ဘာပဲဖြစ်ဖြစ် အလယ်ဝင်ပေါက်ကပဲ ဝင်မယ်"



## ထူးဆန်းသော တံခါးစောင့်

ထိုဝင်မပေါက်ကြီးအတွင်း ခြေငါးလှမ်းမျှအကွာတွင် ကျောက်သား ရုပ်တုကြီး တစ်ရုပ်ရှိ၏။

လူငယ်ကလေး ...

ဝင်ပေါက်အတွင်းသို့ ခြေတစ်လှမ်း နစ်ကျွံလိုက်မိသည်နှင့်ပင် ထိုကျောက်သားရုပ်တုကြီးမှာ သက်ဝင်လှုပ်ရှားလာလေတော့သည်။

"တစ်ယောက်တည်း အလယ်ပေါက်က ဝင်လာတယ်"

"တစ်ယောက်တည်း အလယ်ပေါက်က ဝင်လာတယ်"

စကားတစ်ခွန်းတည်းကိုပင် ထပ်ခါ ထပ်ကာ ရေရွတ်လေ၏။ လူငယ်လေးက ရုပ်တုရှိရာသို့ သွားလိုက်သည်။

"ဘာဖြစ်လဲဗျ၊ အလယ်ပေါက်က ဝင်တာ"

"မင်းက အသည်းကွဲနေတဲ့သူလား"

"မဟုတ်ဘူး"

"အသည်းကွဲနေတဲ့သူ ဆိုရင်လည်း မလွယ်ပေါက်က ဝင်ရမယ်၊ ဒီအလယ်ပေါက်က ချစ်သူရှိတဲ့သူတွေပဲ စုံတွဲလိုက်ဝင်လို့ရတာ၊ မင်းတော့ အပြစ်သင့်ပြီ၊

... ... မင်းတော့ အပြစ်သင့်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



## ထူးဆန်းသော မြို့

''ဘာလဲဗျ၊ လူပဲ ဘယ်အပေါက်က ဝင်ဝင်ပေါ့''

''မရဘူး၊ ဒါဟာ ဒီမြို့ရဲ့ စည်းကမ်းပဲ''

''ဒီမြို့က ဘာမြို့လဲ''

''ချစ်သူတွေရဲ့ ဂမ္ဘီရမြို့တော်''

''ကျွန်တော်လည်း မကြားဖူးပါလား၊ ဘယ်အရပ်ကိုများ ရောက်လာပါလိမ့်''

''ဒါဟာ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အလယ်၊ ဘယ်မှာမှ မဟုတ်တဲ့အရပ်''

''ဒီလိုအရပ်ဒေသမျိုး ဘယ်ခေတ်မှာမှ မကြားဖူးခဲ့ပါဘူးဗျာ''

''ခုချိန်ဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးလုံးနဲ့ ကင်းလွတ်နေတဲ့ကာလလေ''

''တော်တော်ထူးဆန်းတာပဲနော်''



''ဒီမြို့မှာ အချစ်ရေးကိစ္စတွေကိုပဲ စီစဉ်ဆုံးဖြတ်တယ်၊ မင်းမှာ ဘာအချစ်ရေး ပြဿနာရှိလို့ရောက်လာတာလဲ''

''အချစ်ရေးပြဿနာရှိဖို့နေနေသာသာ ချစ်သူတောင် တစ်ယောက်မှ မရှိဖူးဘူး''

''ချစ်သူ လုံးဝမရှိတဲ့သူက ဒီမြို့မြေတောင် နင်းလို့ မရဘူး၊

... ပိုအပြစ်ကြီးသွားပြီ၊

... ပိုအပြစ်ကြီးသွားပြီ''

စကားဆုံးဆုံးချင်းပင် လူငယ်လေးအား ကြိုးများ အထပ်ထပ် ကုပ်နှောင်မိပြီးသား ဖြစ်သွားလေတော့သည်။

www.burmeseclassic.com

မြို့ကလေးရှိ ခုံရုံးတွင် လူငယ်လေးအား စစ်ဆေးကြလေသည်။

ချစ်သူမရှိဘဲ မြို့တွင်းဝင်မိသူ၏ အပြစ်ဒဏ်မှာ

သေဒဏ်တစ်ခုတည်းသာ ဖြစ်လေသည်။

သို့သော် ... လူငယ်ကလေးမှာ ထိုဒေသခံမဟုတ်ဘဲ

သူတစ်စိမ်းမို့ သက်ညှာရန် ဆုံးဖြတ်ကြသည်။

ထို့ကြောင့် လူငယ်ကလေးအား

လျှောက်လဲချက် ၄ ကြိမ် ပေးခွင့်ပြုလိုက်သည်။

ကျေလည်အောင်လျှောက်လဲနိုင်က လွှတ်မြောက်မည်။

ချစ်သူတို့၏ ဂမ္ဘီရမြို့တော်ကို စော်ကားသလိုဖြစ်ခဲ့၍

သူ့လျှောက်လဲချက် အားလုံးမှာ ...

၁။ အချစ်နှင့် ပတ်သက်ရမည်။

၂။ 'အချစ်' ဆိုသည်မှာ လူတိုင်း ကြားဖူးကြသော်လည်း အလွန်ပင် အဓိပ္ပါယ်ဖော်ရ ခက်ခဲသောအရာဖြစ်၍ အချစ်၏ အဓိပ္ပါယ်များကို ပေါ်လွင်အောင် ဖော်နိုင်ရမည်။

၃။ စိတ်ဝင်စားစရာ အလွန်ကောင်းရမည်။

ဟူ၍ ဆုံးဖြတ်သတ်မှတ်လိုက်လေသည်။



လူငယ်လေးသည် သူ၏ လျှောက်လဲချက်များအား မြို့လည်ကွက်လပ်တွင် မြို့သူမြို့သားအားလုံးရှေ့၌ ပြောကြားရလေသည်။

လူတိုင်းစိတ်ဝင်စားရန်အလို့ငှာ သူ့လျှောက်လဲချက်များအား စီကာပတ်ကုံးပြောရ၏။ ထိုလျှောက်လဲချက်များမှာ အချစ်၏ အနက်အဓိပ္ပါယ်ကို ရှုဒေါင့်အသီးသီးမှ ဖွင့်ဆိုရှင်းပြခြင်းဖြစ်လေသည်။

ပထမဆုံးသော သူ့လျှောက်လဲချက်၏အမည်မှာ 'အချစ်ရဲ့ အသုံးဝင်မှု' ဟု အမည်ရလေသည်။

www.burmeseclassic.com



## အချစ်ရဲ့ အသုံးဝင်မှု

ကောင်းကင်ဘုံမှာ …

အုပ်စိုးသူ နတ်ဘုရားကြီး တစ်ပါးရှိခဲ့ဘူးတယ်။

သူဟာ ကောင်းကင်၊ မြေပြင်နဲ့တကွ လောကအလုံးကုံ ချုပ်ခြယ်အုပ်စိုးရသူပေါ့။ တစ်ရက်မှာ သူပိုင်စားရာ လောကတစ်ခွင်ကို ဖြန့်ကျက်ကြည့်ရှုရင်း ဒီလို အကြံပေါက်မိတယ်။

“ဒီလောကထဲမှာ လူသားတွေကို အကျိုးမပြုပဲ ပိုလျှံနေတဲ့ အရာ တော်တော်များများရှိနေတာပဲ ဒီအရာတွေကို လောကထဲကနေ ဖယ်ရှားပစ်ရမယ်”

သူ့ရဲ့ အဲဒီအကြံကို အကောင်ထည်ဖော်ဖို့ ကောင်းကင်ဘုံ အတိုင်ပင်ခံအဖွဲ့ကို အစည်းဝေးခေါ်လိုက်တာပေါ့။



အစည်းအဝေးမှာ …

ကောင်းကင်ဘုံက တန်ခိုးရှင်တွေဟာ

တစ်ပါးနဲ့တစ်ပါး အပြင်းအထန် ဆွေးနွေးကြလေတော့တယ်။

“လောကထဲမှာ လူသားတွေအတွက်အကျိုးမပြုပဲ ပိုလျှံနေတဲ့ အရာဟာ ဘာလဲ”

အဲဒီမေးခွန်းအတွက် တော်တော်လေး ခေါင်းစားပြီးကြချိန်မှာ သားတွေအတွက် အကျိုးမပြုတဲ့အရာတွေ တစ်ခုပြီး တစ်ခု တန်းစီ က်လာကြတယ်။

တစ်ယောက်အဆိုပြု နောက်တစ်ယောက်က ထောက်ခံနဲ့ န်ခိုးရှင်တွေချည်းမို့ အချင်းချင်း ဝိဝါဒကွဲစရာ သိပ်မလိုလှပဲ လူသား တွေအတွက် အသုံးမဝင် ပိုလျှံနေတဲ့အရာတွေကို လောကထဲက တစ်ခု းတစ်ခု ထုတ်ပယ်ဖျောက်လွှင့်ပစ်ကြတာပေါ့။

ဒီလိုနဲ့ …

တော်တော်များများ လုပ်ဆောင်အပြီးမှာ

တန်ခိုးရှင်တစ်ပါးဟာ တစ်စုံတစ်ခုကို တွေးမိလိုက်တယ်။

“အချစ်! အချစ်ဆိုတဲ့အရာဆို ဘယ်လိုလဲ၊ သူလဲ လူသား တွေအတွက် အကျိုး မပြုတဲ့အရာပေပဲ”

ဒီလို အဆိုပြုသူတန်ခိုးရှင်ဟာ ဂေါမဇ္ဈ လူပျိုကြီးဖြစ်ဟန်တူ တယ်။ သူက ခပ်တင်းတင်းအဆိုပြုလိုက်ပေမယ့် သူ့ အဆိုပြုချက်

www.burmeseclassic.com

www.burmeseclassic.com



အဆုံးမှာပဲ ငြင်းခုန် မကျေနပ်သံတွေ စီကနဲ ထွက်လာလေတော့တယ်။

"ဟာ ဘယ်ဖြစ်မလဲ၊ အချစ် …ဆိုတာ လောကမှာ ရှိအပ်တာပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါ အဓိပ္ပါယ်မရှိပါဘူး"

တစ်ယောက်တစ်ပေါက် ဆူညံပွက်လောရိုက်သွားကြတယ်။ လောကကိုစိုးမိုးသူ နတ်ဘုရားကြီးက လက်ပြတားမြစ်လိုက်တာတောင်မှပဲ တော်တော်နဲ့ အသံတွေ မစဲနိုင်ကြဘူး။

နတ်ဘုရားကြီးက အသံမြှင့်ပြီးအော်ရတယ်။

"နေကြပါဦး၊ နေကြပါဦး၊ အငြင်းခုန် မစောကြပါနဲ့၊ သူဘာ ဆိုလိုချင်သလဲဆိုတာလဲ သေချာနားထောင်ကြပါဦး"

ကြွက်စီ ကြွက်စီအသံတွေကို လွှမ်းသွားအောင် အောင်မြင်ခံ့ငြားလှတဲ့ အသံကြီးနဲ့ အဲဒီလိုသုံးကြိမ်လောက် အော်လိုက်တော့မှ နည်းနည်းငြိမ်ကျသွားတယ်။ ဒါတောင် မလိုလားဟန် မျက်နှာပေးနဲ့ ခေါင်းတွေ တစ်ခါခါလုပ်နေကြတုန်းပဲ။

အဆိုပြုသူက သူ့အယူအဆကို ခပ်တင်းတင်း တင်ပြတယ်။

"ကျွန်တော်ပြောတာက ရှင်းပါတယ်။ အချစ်ဆိုတဲ့အရာဟာ လူသားတွေအတွက် ပိုလျှံနေတဲ့အရာသက်သက်ပဲ၊ ဒါကြောင့် လောကထဲက ဖျောက်ပယ် လွှင့်ပစ်သင့်တယ်"

သူ့စကားကို ခေါင်းတညိတ်ညိတ်နဲ့ နားထောင်အပြီးမှာ နတ်



ဘုရားကြီးက တခြားဘက်ကို လှည့်ပြီးမေးတယ်။

"ကဲ သူပြောတာကို ဘယ်လိုသဘောရကြလဲ၊ တစ်ဦးချင်းဖြေနော်"

လက်တစ်ချောင်းထောင်လာတယ်။

"အချစ်မရှိရင် လူသားမျိုးနွယ်စု မျိုးဆက်ပြန့်ပွားရေးအတွက် ဘယ်လိုလုပ်ကြမှာလဲ"

သူပြောလို့ ဆုံးဆုံးချင်းပဲ အဆိုပြုသူက ချေပတယ်။

"လူသားမျိုးနွယ် ပြန့်ပွားရေးအတွက် လိုအပ်တာဟာ ခန္ဓာကိုယ်ချင်း နီးနှော ပေါင်းဖက်မှုသာဖြစ်ပါတယ်။ ဒီအတွက် အလှအပရယ် စွဲလန်းမှုရယ်သာ လိုပါတယ်။ အချစ် မလိုပါဘူး"

"ဒါဆို မောင်နဲ့နှမ၊ သားနဲ့အမိကြားက ဆက်ဆံရေးတွေအတွက်ကော၊ အချစ်ဆိုတာ … မရှိရင် လောကကြီးမှာ ရက်စက်ဆိုးယုတ်မှုတွေ လွှမ်းမိုးသွားမှာပေါ့"

နောက်တစ်ဦးက စောဒက တက်တာပါ။ အဆိုပြုသူကချေပပြန်တယ်။

"အဲဒီအတွက်လည်း မေတ္တာဆိုတာ ရှိပြီးသားပဲလေ"

ဒီလိုနဲ့ …

စောဒကတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ချေပချက်တွေ၊

မဆုံးနိုင်အောင် အပြန်အလှန်ပြောဆိုကြ။

တစ်ခုဆိုးတာက အချစ်နဲ့ ပတ်သက်တဲ့ အသုံးချတန်ဘိုးကို ဘယ်သူမှ ထိရောက်အောင် မတင်ပြနိုင်တာပါပဲ။

အချစ်ကိုမလိုလားသူ အဆိုရှင်က သာနေတော့တာပေါ့။

လောကကို စိုးမိုးသူ နတ်ဘုရားကြီးက အဆုံးမှာ အကြံတစ်ခုပြုလိုက်တယ်။

“ဒီကိစ္စဟာ အတော်နက်နဲတဲ့ အကြောင်းရပ်ဖြစ်တယ်၊

ဒီနေ့ ဆွေးနွေးငြင်းခုန်လာကြတာလဲ အတော်ပဲ ပြည့်စုံ

သလောက်ရှိပါပြီ၊ ငါကိုယ်တော် စဉ်းစားချင့်ချိန်ဦးမယ်၊

နောက်တစ်ပတ် ဒီနေရာ ဒီအချိန်မှာ ပြန်ဆုံမယ်”

ပြောပြောဆိုဆိုနဲ့ စည်းဝေးပွဲကို ရုတ်သိမ်းခဲ့ချေပေါ့။ အားလုံးစည်းဝေးခန်းထဲကအလျှိုအလျှိုပြန်ထွက်လာကြ။ ဒါပေမဲ့ အားလုံးရဲ့စိတ်ထဲမှာတော့ သိနေကြတယ်။

အချစ်ကို မလိုလားသူရဲ့အဆို … အနိုင်ရဖို့ သေချာသလောက်ပဲ။ သူ့အမြင် သူ့အဆိုပြုချက်ကို ကျော်လွှားချေဖျက်နိုင်မယ့်သူ တစ်ဦးမှ မရှိခဲ့ပဲလေ။



အဲဒီကာလ နောက်တစ်ပတ်အတွင်းမှာတော့

ကောင်းကင်ဘုံ တန်ခိုးရှင်တွေရဲ့ လောကမှာ ဒီ အကြောင်းအရာဟာ အလှုပ်ခတ်ဆုံးသတင်းပါပဲ။

ကောင်းကင်ဘုံဆိုတာ ဂျာနယ်တွေ၊ အင်တာနက်တွေလဲမရှိတဲ့နေရာဆိုတော့ အချင်းချင်း တီးတိုးတီးတိုး သဖန်းပိုးပဲ လုပ်ကြတာပေါ့။

“ဟဲ့ ကြားပြီးပြီလား၊ အချစ်ကို လောကထဲက ဖျောက်ပယ်ပစ်တော့မတဲ့”

စသဖြင့် အချင်းချင်း သတင်းတွေ ဖလှယ်ကြတယ်။ ကြားသူတိုင်းကလဲ စိတ်မကောင်းကြဘူးလေ။ အချစ်ဆိုတဲ့အရာဟာ ဘာပဲဖြစ်ဖြစ် လောကကြီးတစ်ခုလုံးရဲ့ သည်းခြေကြိုက် မဟုတ်လား။

ဒါပေမဲ့ …

ဘယ်သူကရော

ဘာများတတ်နိုင်မှာမို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီသတင်းကြောင့် စိတ်အထိခိုက်ဆုံးဖြစ်သွားခဲ့ရှာသူ တစ်ယောက် ရှိတယ်။

လောကကို စိုးမိုးသူ နတ်ဘုရားကြီးရဲ့ တစ်ဦးတည်းသောသမီးဖြစ်သူ ဖလော်ရာဆိုတဲ့ နတ်သမီးကလေးပါပဲ။

သူ့ရဲ့ရွှေတော်တွေက တစ်ဆင့် ဒီအကြောင်းကြားတဲ့အခါ ဖလော်ရာလေးဟာ အင်မတန်စိတ်ထိခိုက်သွားခဲ့တယ်။

'အချစ်ဆိုတဲ့အရာက လောကမှာ ရှိအပ်တာပေါ့နော်၊ ဘာကြောင့်များ ဖျက်သိမ်းဖို့ ကြံစည်ချင်ရတာလဲ'

သူ အဲဒီလို ညည်းတွားရေရွတ်လိုက်မိတဲ့အခါ ရံရွှေတော်တွေက ဝိုင်းပြောကြတယ်။

"ဒါပေမဲ့ အချစ်ရဲ့ အသုံးဝင်မှု တန်ဘိုးကို ဘယ်သူကမှ မပြောပြနိုင်ကြဘူးလေ၊ ဒီတော့ မကြာခင်ပြုလုပ်တော့မယ့် နောက်တစ်ခေါက် နတ်သဘင်ကျရင် အချစ်ဟာ လောကထဲက ပျောက်လွင့်ခံရတော့မယ် ထင်တယ်"

"ဒါဆို ဘယ်လိုလုပ်ကြမလဲ၊ အကြံလေးများလဲ ပေးကြပါဦးရှင်"

"သမီးရဲ့ ဖခမည်းတော်ကို သွားတောင်းပန်ကြည့်ပါလား"





ဖလော်ရာလေးက သူ့ဖခင် နတ်ဘုရားကြီးကို ဝင်တွေ့တောင်းပန်ကြည့်ပါသေးတယ်။

ဒါပေမဲ့ မရဘူး။

အုပ်စိုးသူတစ်ယောက်လုပ်နေပြီးမှ ထွက်ပြီးဆင်စွယ်ပြန် ဝင်ရိုးထုံးစံမရှိသလို ပြောပြီးစကားကိုလည်း ပြန်ပြင်လို့ မရဘူး မဟုတ်လား။

ဒါပေမဲ့ တစ်ခုတော့ ပြောပေးလိုက်ပါတယ်။

'တကယ်လို့ သမီးတော်အနေနဲ့ အချစ်ရဲ့ အသုံးဝင်မှုကို သက်သေ အထင်အရှားပြသနိုင်မယ်ဆိုရင်တော့ အချစ်ဆိုတဲ့ အရာကို လောကထဲမှာ ဆက်လက်တည်ရှိနေစေဖို့ တားမြစ်ကောင်း တားမြစ်နိုင်ပါလိမ့်မယ်၊ ဒီလိုမှ မဟုတ်ရင်တော့ ဖခမည်းတော်လဲ ဘယ်လိုမှ မတတ်နိုင်တော့လို့ပါကွယ်'

အဲ့ဒီကနေ နောက်တစ်ပတ်ကြာ ကာလဟာ ဖလော်ရာလေး အပါအဝင် အချစ်ကို လောကထဲမှာ ဆက်ရှိလိုသူတွေအဖို့ စိတ်မောစွာ ပင်ပန်းကြီးရတဲ့ကာလတွေပါပဲ။

အချစ်ရဲ့ အသုံးဝင်ကြောင်း အကြောင်းပြချက်တွေကို အနည်းနည်း အဖုံဖုံရှာကြံကြတယ်။

အချင်းချင်း သတင်းတွေ ဖလှယ်ကြ။

တစ်ဦးစီတစ်ကိုယ်စီဟာလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကြိုးစားကြနဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အချစ်အကြောင်းစီရင်ချက်ချမယ့် နံနက်ခင်းမှာ နတ်သဘင်ခန်းမထဲ နတ်ပရိသတ်အတော်စုံနေပါတော့တယ်။

အားလုံးစိတ်ဝင်စားနေတဲ့အရေးမို့ အုပ်စိုးသူ နတ်ဘုရားကြီးက ကောင်းကင်ဘုံ အတိုင်ပင်ခံအဖွဲ့တင်မကဘ ဘယ်နတ်မဆို တက်ခွင့်ပြုခဲ့တယ်။

အချစ်ကို လောကထဲ ဆက်ရှိလိုသူအုပ်စုကို ဖလော်ရာလေးက ဦးဆောင်ပါတယ်။

ကျန်တစ်ဘက်မှာတော့ အချစ်ကို အသုံးမဝင်ဘူးလို့ မြင်နေတဲ့ နတ်။ သူ့ဘက်မှာတော့ နတ်ပရိသတ် ကျိုးတို့ကျဲတဲကလေးပဲရှိတယ်။

နတ်သဘင် အစည်းအဝေးကို စောစီးစွာ စတင်တယ်။

နတ်ဘုရားကြီးက စစချင်း ဆောက်နဲ့ထွင်းဆိုသလို မေးချလိုက်တယ်။



"ကဲ အချစ်ဆိုတဲ့အရာ လောကထဲမှာ ဆက်လက်ရှိနေစေဖို့ အချစ်ရဲ့အသုံးဝင်ပုံကို ပြောပြနိုင်ကြပါပြီလား"

အားလုံးရဲ့ မျက်လုံးတွေဟာ ဖလော်ရာလေးဆီ တည့်တည့်လှည့်သွားကြလေတယ်။

ဖလော်ရာလေးဟာ သူတို့အားလုံးရဲ့ ဦးစီးဦးဆောင် မဟုတ်လား။ ပြီးတော့ သူတို့တွေရဲ့ မျှော်လင့်ချက်လေးလဲ ဖြစ်တယ်လေ။

ဒါပေမဲ့ ဖလော်ရာက ခေါင်းကို ငုံ့ချထားတယ်။

နတ်ဘုရားကြီးကတောင် ဖလော်ရာဘက် တစ်ချက် ကြည့်လိုက်ပါတယ်။ ပြီးတော့ နောက်တစ်ကြိမ် ထပ်မေးတယ်။

"ကဲ … အချစ်ရဲ့အသုံးဝင်ပုံကို ပြောပြနိုင်ကြပါပြီလား"

ဖလော်ရာလေးက တုတ်တုတ်မလှုပ်ဘူး။

သူ့ဘက်တော်သားတွေ မချင့်မရဲဖြစ်လာကြပြီ။

သူတို့လည်း အချစ်ရဲ့ အသုံးဝင်ပုံကို ပြောမပြနိုင်ကြဘူးလေ။ ဒီတော့ ဖလော်ရာလေးကိုပဲ အားကိုးနေကြတော့တာပေါ့။ ဟိုတစ်ဘက်က အချစ်ကို မလိုလားသူ နတ်ကြီးကတောင် ပြုံးတုံးတုံးနဲ့ အမြင်ကပ်စရာ ဟန်ကြီး လုပ်ပြနေပြီ။

ဒါပေမဲ့ …

ဖလော်ရာလေးက တစ်မျိုးတော့ တစ်မျိုးပဲ။

နှုတ်ခမ်းတွေက တင်းတင်းစေ့လို့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုပဲ ဆုံးဖြတ်ထားသလိုလို ...

တစ်ခုခုပဲ သေချာနေသလိုလို ...

ပြောစရာရှိရင် ပြောလိုက်ပါတော့လား ဖလော်ရာလေးရယ်။

မချင့်မရဲဖြစ်နေရုံကလွဲပြီး ကျန်သူတွေလဲ ဘာမှ မတတ်နိုင်ကြပါဘူး။

နတ်ဘုရားကြီးက နောက်ဆုံးတစ်ကြိမ်မေးလိုက်ပါပြီ။

"ဒါဟာ နောက်ဆုံး သုံးကြိမ်မြောက် မေးခြင်း ဖြစ်တယ်၊ အချစ်ရဲ့ အသုံးဝင်ပုံကို ပြောပြနိုင်ကြပါပြီလားဟေ့"

နတ်သဘင်ခမ်းမတစ်ခုလုံး အပ်ကျသံတောင် မကြားရအောင် တိတ်ဆိတ်ငြိမ်ကျသွားပါတယ်။

နောက်ဆုံးပြောသွားတဲ့ နတ်ဘုရားကြီးဆီက စကားပဲ့တင်သံရယ်၊ ဖလော်ရာလေးဆီကို ဝိုင်းကြည့်နေကြတဲ့ မျက်ဝန်းတွေရယ်သာ အဲဒီနေရာတစ်ဝှမ်း အသက်ဝင်ရှင်သန်သလို ဖြစ်နေတော့တယ်။

နောက်ဆုံး ...

အချိန်အနည်းငယ်ဖြတ်သန်းခဲ့ပြီးလို့ အဆုံးမှာ ...

နတ်ဘုရားကြီးက ...

သိသိသာသာပဲ သက်ပြင်းချရင်း စကားတစ်ခွန်းကို ရေရွတ်လိုက်လေတော့တယ်။

"ကဲ အခုဆိုရင် ငါကိုယ်တော် ပေးထားတဲ့အချိန်ကာလလဲ



ပြည့်မြောက်သွားခဲ့ပြီဖြစ်တယ်၊ အချစ်ကိုလောကထဲမှာ ဆက်ရှိနေစေဖို့ရာ အကြောင်းပြချက်ကို ဘယ်သူမှ မပေးနိုင်ခဲ့ကြဘူး၊ အဲဒါကြောင့် ...

နတ်ဘုရားကြီးက ...

စကားကို လက်စမသတ်တော့ပဲ သူကိုင်စွဲနေကြဖြစ်တဲ့ ဝရဇိန်နှင်တံလို အရာလေးကို ဆွဲထုတ်ယူလိုက်တယ်။

ပြီးတော့ အောက်ဘက်လောကဆီ တည့်တည့်ညွှန်။

သူ 'အချစ်'ကို ဟော့ဒီလောကထဲက ထုတ်ပစ်တော့မယ်လေ။ အားလုံး ဘယ်သူမှ အသက်တောင် မရှူဝံ့ကြဘူး။

သူ့လက်လှုပ်ရှားမှုဟာ ရုပ်ရှင်အနှေးပြကွက်လိုပဲအသေးစိတ်ဆန်လွန်းလှပါတယ်။ အားလုံး ကွက်ကွက်ကွင်းကွင်းကို မြင်နေရတာပေါ့။

ပါးစပ်က တီးတိုး ရွတ်ဖတ်မှု တစ်ခုပြုလိုက်တယ်။

သူ့လက် နှင်တံလေးကနေ အလင်းရောင်တန်းတစ်ခု ထွက်ပေါ်လာခဲ့။

ဒီအချိန့်မှာပဲ ဘယ်သူမှ ထင်မှတ်မထားတဲ့ ဖြစ်ရပ်တစ်ခုဟာ ဖြစ်ပွားသွားခဲ့ပါတော့တယ်။

ပြုလုပ်သူက ဖလော်ရာလေးပါ။

ဖျပ်ကနဲ နတ်ဘုရားကြီးရှေ့တည့်တည့်ကို ခုန်ဝင်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



နတ်ဘုရားကြီး နှင်တံရဲ့ တည့်တည့်။

လောကထဲက အချစ်ဆိုတဲ့အရာကို အပြီးတိုင် ဖျောက်လွှင့်ပစ်ဖို့ နတ်ဘုရားကြီး မှန်းမှတ်စေညွှန်လိုက်ရာ တည့်တည့်။

နှင်တံထဲက ထွက်လာတဲ့ အရှိန်အင်အားကြီးမားလှတဲ့ အလင်းတန်းလေးဟာ ဖလော်ရာ့တည့်တည့်ကို ပြေးဝင်လာပါတယ်။

သူ့သမီးတော်က မိုက်မိုက်မဲမဲအရာတစ်ခုကို ပြုလုပ် လိုက်ပြီမှန်း သိသိချင်းပဲ နတ်ဘုရားကြီးက လက်က နှင်တံကို ရှောင်တိမ်းဖယ်နှုတ်ဖို့ လုပ်တယ်။

ဒါပေမဲ့ အချိန်မမီတော့ဘူး။

နှင်တံဆီက အလင်းဟာ နည်းနည်းပဲ စောင်းကွေ့သွားပြီး ဖလော်ရာ့ ဘယ်ဘက်လက်မောင်းဆီတည့်တည့် ပြေးဝင်လာ တော့တယ်။

ဟာ။ ဟယ်။ အမယ်လေး။

အာမေဋိတ်သံတွေ ညံစီသွားတယ်။

ဒါပေမဲ့ ဘယ်သူမှ မမီလိုက်ကြတော့ဘူး။

ဘာမှ မလုပ်နိုင်ကြတော့ဘူး။

လှပချောမွေ့လွန်းတဲ့ ဖလော်ရာ့လက်မောင်းလေးဟာ တံတောင်ဆစ်ကနေ တိတိပပ ပြတ်တောက်ကျသွားပါလေတော့တယ်။ နူးညံ့သိမ်မွေ့လွန်းလှတဲ့ နတ်မိမယ်လေး ဖလော်ရာဟာ



ကြောက်ရွံ့စိတ်နဲ့ နာကျင်မှုကြောင့် ဝုန်းကနဲ လဲကျမေ့မြောသွားခဲ့တယ်။

နတ်သဘင်ခန်းမကြီးတစ်ခုလုံးဟာ ချက်ချင်းပဲ ဝရုန်းသုန်းကား ဖြစ်သွားပါလေတော့တယ်။

ကြောက်လန့်တကြီး ဟိုပြေးဒီပြေးဖြစ်သူတွေဖြစ်ကုန်ကြ။ ဖလော်ရာ့အနားကို ပြုစုဖို့ ဝိုင်းအုံလာကြသူတွေလည်း ရှိတယ်။ နတ်ဘုရားကြီးကိုယ်တိုင် ပလ္လင်ထက်ကနေဆင်းသက် လာခဲ့တယ်။

"ဟဲ့ ဖယ်ကြစမ်း၊ ဖလော်ရာ ... သမီးမိုက်ကလေး၊ ဘာများ ဖြစ်သွားလေသလဲကွယ်"

"မှန်လှပါ၊ အသက်ဘေးတော့ စိုးရိမ်စရာ ရှိဟန်မတူပါဘုရား၊ ဒါပေမဲ့ သူ့ဝဲဘက်လက်တဘက်ကတော့ဖြင့် ..."

ဆက်ပြောစရာ မလိုလောက်အောင်ပဲ ဖလော်ရာလက်ကလေး တစ်ဘက်ဟာ ခန္ဓာကိုယ်ကနေ ပြတ်ကျလို့ နတ်သဘင်ကြမ်းပြင်ထက် လဲလျောင်းငြိမ်သက်နေခဲ့ရှာပါပြီ။

သွေးစက်တွေလည်း တသွင်သွင်စီးကျလို့ ...။

"ကဲ ကဲ၊ ဖလော်ရာ့ကို သူ့နန်းဆောင်ဆီအမြန်သယ်ယူပြီး သွေးထွက်မလွန်အောင် ပြုစုပေးကြပါကွယ်"

www.burmeseclassic.com

www.burmeseclassic.com



နတ်သမားတော်ကြီးတွေ ဘယ်လိုပဲ ကြိုးစားကုသပေမယ့် ဖလော်ရာလေးရဲ့လက်ကို ပြန်ဆက်ဖို့တော့ မဖြစ်နိုင်တော့ပါဘူး။

နတ်လောကမှာ အစွမ်းဆုံးဖြစ်သူ နတ်ဘုရားကြီးရဲ့ နှင်တံက အလင်းကို ထိတွေ့ခံလိုက်ရတာပဲ။

အဲဒီနေ့က ...

ဖလော်ရာလေးခမျာ သွေးတွေ အကျများသွားသမို့ ရက်ပေါင်း အတော်ကြာအထိ အနားယူခဲ့ရရှာပါတယ်။

နတ်အပေါင်းဟာ ဖလော်ရာလေးရဲ့ အဖြစ်ကို မြင်ရကြားရတဲ့ အတွက် စိတ်မကောင်းကြ ဂရုဏာသက်ကြတယ်။

အလကား တမင်သက်သက် အကျိုးမရှိပဲ လက်တစ်ဘက် ဆုံးရှုံးရတယ်ဆိုပြီး နှမြောကြသူတွေလဲ ရှိတာပေါ့။

ဒါပေမဲ့ အဲဒီဖြစ်ရပ်ကြောင့် ရလာဒ်ကလေးနှစ်ခုတော့ ဖြစ်ပေါ်လာခဲ့ပါတယ်။



နတ်ဘုရားကြီးက 'အချစ်' ဆိုတဲ့အရာ လောကထဲက ပျောက်လွှင့်ဖို့ကိစ္စကို အချိန်အတိုင်းအတာတစ်ခုထိ ရွှေ့ဆိုင်းလိုက်တယ်။ သူ့သမီးတော် ဖလော်ရာလေး နေပြန်ကောင်းမှပဲ ဒီကိစ္စကို ဦးစားမယ်တဲ့။

နောက်ထပ်ရလာဒ်ကတော့ တော်တော်လေး ထူးခြားပါတယ်။

ဖလော်ရာလေး လက်ပြတ်သွားတဲ့နေ့က

သူ့သွေးတွေ အများကြီး ထွက်ခဲ့ရတယ် မဟုတ်လား။

သူ့ကိုပြုစုနိုင်ဖို့ သူ့မှန်းဆောင်ဆီ သယ်လာတဲ့လမ်းတလျှောက်မှာလည်း သွေးတွေ တပေါက်ပေါက်စီးကျခဲ့သေးတယ်လေ။

အဲဒီသွေးတွေကျတဲ့နေရာတိုင်းကနေ အပင်လေးတွေ ဖြစ်ဖြစ်လာတယ်။ အပင်လေးရဲ့ ထိပ်ဖျားမှာ ပွင့်ဖတ်ကလေး လေးငါးချပ်နဲ့ ထူးဆန်းတဲ့အပွင့်ကလေးတွေ ပွင့်ကယ်။

အဲဒီတုန်းက လောကမှာ ပင်စည်အဓိကဖြစ်တဲ့ သစ်ပင်တွေရယ်၊ အသီးအနှံတွေ သီးတတ်တဲ့ သစ်သီးပင်ရယ်ပဲ ရှိသေးတယ်လေ။ အခု ဖလော်ရာလေးရဲ့ သွေးစက်တွေက ဖြစ်လာတဲ့ အပင်ကတော့ တစ်မျိုးဆန်းနေတယ်။

သူ့မှာ ပွင့်လာတဲ့အပွင့်ကလေးတွေက အရောင်အဆင်း အရမ်းလှပြီး မွှေးရနံ့ကလေးတွေ အရမ်းမွှေးပျံ့နေတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရန့်က မွှေးပျံ့လွှန်းတော့ ကောင်းကင်ဘုံတစ်ခုလုံး ရနံ့တွေနဲ့ သင်းထုံသွားတယ်။ သူ့မွှေးရနံ့က သစ်သီးတွေက လာတဲ့ရနံ့လို အစာစားချင်စိတ်ကို ဖြစ်စေတာလဲ မဟုတ်ဘူး။ သစ်ပင် ပင်စည်တွေလို ရနံ့မျိုးလည်း မဟုတ်ဘူး။ စိတ်ကို ရွှင်လန်းစေရုံ မွှေးရနံ့သက်သက်ပဲ။

အစွမ်းကတော့ တကယ်ကြီးတယ်လို့ ပြောရလိမ့်မယ်ထင်ရဲ့။

အဲဒီအပင်ကလေးတွေပေါ်လာချင်းပဲ နှစ်သက်သူများလွန်းလို့ နတ်ဘုံလောကကြီးတစ်ခုလုံးလှုပ်ခတ်သွားခဲ့ပေါ့။

အဲဒီမွှေးရနံ့ဆောင် အပွင့်ကလေးတွေရှိတဲ့ အပင်လေးတွေကို အမျိုးအမည်လည်း မသိကြတာနဲ့၊ ဖလော်ရာ သွေးစက်တွေကနေ ဖြစ်လာတာမို့ ဖလားဝါး (ပန်းပင်) လို့ အမည်ပေးလိုက်ကြပါတယ်။

(၄)



ဒီနတ်သဘင်ဟာ ဖလော်ရာလေး နေပြန်ကောင်းလာပြီးနောက် ကျင်းပပြုလုပ်တဲ့ နတ်သဘင်ပါ။

ဖလော်ရာလေးကို သက်တောင့်သက်သာရှိစေဖို့ သလွန်ကလေးတစ်ခုနဲ့ ထောင့်တစ်ထောင့်မှာ ထားတယ်။ ဒီနတ်သဘင်မှာ အားလုံးမျှော်လင့်နေတာ တစ်ခုတော့ရှိပါတယ်။

အဲဒါကတော့ ဖလော်ရာလေးဟာ သူ့ဖခမည်းတော် နတ်ဘုရားကြီးကို တောင်းပန်ပေးဖို့ပါပဲ။ 'အချစ်' ဆိုတဲ့အရာကို လောကထဲက ပျောက်လွင့်မပစ်ဖို့ ဖလော်ရာလေး တောင်းပန်လိမ့်မယ်။ အဲဒီလို အားလုံးကမျှော်လင့်ထားကြတယ်။

နတ်ဘုရားကြီးကလည်း တမင် သူ့သမီးတော် အဲဒီလို တောင်းပန်လိုက တောင်းပန်နိုင်အောင် တမင်ဒီကိစ္စကို မဆုံးဖြတ်သေးပဲထားတာမဟုတ်လား။ ဖလော်ရာလေးတောင်းပန်တာနဲ့ နတ်ဘုရားကြီးကလည်း သမီးကို ချစ်စိတ်နဲ့ သဘောတူမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ရဲ့ အသုံးဝင်မှုကို ဘယ်သူမှ မပြနိုင်သည်ပဲဖြစ်စေပေ့လေ။

အဲဒါကြောင့်ပါပဲ …

နတ်သဘင် စတင်လိုက်တာနဲ့

နတ်ဘုရားကြီးက ဖလော်ရာလေးဆီ တည့်တည့်ကြည့်ပြီး မေးလိုက်တယ်။

"ဘာများလျှောက်တင်လိုပါသလဲ သမီးတော်"

"ဟိုးတစ်ခေါက်က သမီးတော်ကြောင့် ရပ်ဆိုင်းသွားခဲ့ရတဲ့ စီရင်ဆုံးဖြတ်မှုကို ပြန်လည်စတင်ပါဘုရား"

"ဘယ်လို"

နတ်ဘုရားကြီးအပါအဝင် အားလုံး အံ့အားသင့်သွားကြတယ်။ ဘယ့်နှယ့် ဖလော်ရာလေးက စီရင်ဆုံးဖြတ်မှုကို ပြန်စတင်ခိုင်းနေပါလား။ စီရင်ဆုံးဖြတ်မှု မပြုတော့အောင် ကောင်းပန်ရမှာ မဟုတ်ဘူးလား။

"ဟိုတစ်ခေါက်တုန်းကလေ သမီးတော် မိုက်မဲစွာ ပြုမူချက်ကြောင့် ဖခမည်းတော်ရဲ့ ဆုံးဖြတ်မှုကို ထိနိုက်ခဲ့ရပါတယ်၊ ယခုတစ်ကြိမ်မှာတော့ သမီးတော် အဲဒီလို မဆင်မခြင် မပြုတော့ပါဘူး ဘုရား"

"သမီးတော်က ဘယ်လိုများ ဖြစ်စေချင်လို့ပါလဲ"



"တကယ်လို့ ဖခမည်းတော် ခွင့်ပြုမယ်ဆိုရင်ဖြင့် သမီးတော် တစ်ခုလေးပဲ တောင်းဆိုချင်ပါတယ်"

အဲဒီစကားအစကို ကြားလေမှ အားလုံးစိတ်အေးသွားကြတယ်။ ဖလော်ရာလေးက 'အချစ်' ဆိုတဲ့အရာကို လောကထဲက ထုတ်လွှင့်မပစ်တော့အောင် တောင်းဆိုတော့မယ်။ မျှော်လင့်ချက်တွေကိုယ်စီနဲ့ နားစိုက်ထားမိကြပေါ့။ ဒါပေမဲ့ ဖလော်ရာလေး ဆက်ပြောတာက …

… သမီးတော်ကို နောက်ဆုံး အခွင့်အရေးတစ်ခု ပေးပါ၊ ဖခမည်းတော်မိန့်ဆိုထားခဲ့ဘူးတယ် မဟုတ်လား၊ အချစ်ရဲ့ အသုံးဝင်မှုကို ရှင်းလင်းတင်ပြနိုင်ရင် အချစ်ကို ဒီလောကထဲမှာ ဆက်ထားပေးမယ်ဆိုတာလေ"

"ဟုတ်ပါတယ် အဲဒီလို ခမည်းတော် ပြောထားခဲ့ပါတယ်၊ ဒါပေမဲ့ သမီးတော်အပါအဝင် ဘယ်သူကမှ အချစ်ရဲ့ အသုံးဝင်မှုတန်ဘိုးကို ပြောမပြနိုင်ကြပဲကွယ်"

"အခုပဲ သမီးတော် တင်ပြပါတော့မယ် … ဖခမည်းတော်၊ ကျေလည်အောင်တင်ပြနိုင်မယ်ဆိုရင် ခမည်းတော်က 'အချစ်' ကို လောကထဲမှာ ဆက်ထားပေးပါ။ သမီးတော်ရဲ့ တင်ပြချက် မကျေလည်ရင်တော့ အချစ်ကို လောကထဲက ဖျောက်လွှင့်ပစ်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဟာကန်ဖြစ်သွားတယ်လို့ ထင်လိုက်ရပါတယ်။ ဖလော်ရာလေးရဲ့ လျှောက်တင်ချက်က ရဲဟင်းလွန်းလှတယ် မဟုတ်လား။

သူတောင်းပန်လိုက်ရင် ပြီးပြီဟာ ဘာကြောင့်များ မာနထားနေသလဲ။ ဟိုတစ်ခေါက်ကတောင် အချစ်ရဲ့ အသုံးဝင်မှုကို မတင်ပြနိုင်ရင် ဒီတစ်ခေါက်မှာရော သူဘယ်လို တင်ပြမလဲ။ ပြီးတော့ ဒီမတိုင်ခင် တလျှောက်မှာ သူမဟာ ဝေဒနာကြောင့် အိပ်ယာထက်မှာ လဲလျောင်းနေခဲ့ရတာလေ။

ဒါဏ်ရာကြီးကြီးရပြီး ထိတ်လန့်စရာတွေ ကြုံခဲ့လို့များ ဖလော်ရာလေးတစ်ယောက် ကြောင်သွားလေပြီလား? အဲဒီလို တောင် ထင်ချင်လာကြတယ်။ နတ်ဘုရားကြီးကတောင် သံသယ မကင်းပာန်နဲ့ မေးမြန်းဖြစ်ပါတယ်။

"သမီးတော် အချိန်လေးများယူဦးပါမလား"

"ရပါတယ် ဖခမည်းတော်၊ ခွင့်ပြုမယ်ဆိုရင် အခုပဲ သမီးတော် လျှောက်တင်ပါတော့မယ်"

"အဲဒါဆိုလည်း ငါ့သမီးတော် သဘောအတိုင်းပါကွယ်"



ဖလော်ရာလေးက နောက်ကိုတစ်ချက် ခေါ့ကြည့်လိုက်တဲ့အခါ သူမရဲ့ ရံရွှေတော်နှစ်ယောက်က အိုးလေးတစ်အိုးနဲ့ အပင်လေးတစ်ပင်ကို နတ်သဘင်ပရိသတ်ရှေ့မှောက် ယူဆောင်လာခဲ့တယ်။

ချက်ချင်းပဲ မွှေးပျံ့လွန်းတဲ့ မွှေးရနံ့ကြောင့် နတ်သဘင် တက်ရောက်လာသူ အားလုံးရဲ့ စိတ်မှာ ကြည်နူးချမ်းမြေ့သွားခဲ့ပါတယ်။ အားလုံး အဲဒီအပင်လေးဆီ လှမ်းကြည့်မိကြတယ်။ ပွင့်ဖတ်ကလေးတွေနဲ့ လှပစွာ ပွင့်အာနေတဲ့အပွင့်ကလေးကို တွေ့မိကြပေါ့။ အဆင်းသဏ္ဌာန်ရဲ့ ဆွဲဆောင်မှုကြောင့်လည်း သူတို့ မျက်လုံးတွေမှာ အပြုံးရိပ်ကလေးတွေ သန်းလာကြပါတယ်။

ဖလော်ရာလေးက အားလုံးကြားလောက်အောင် အသံကို မြှင့်ပြီး လျှောက်တင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအပင်ကလေးကို အားလုံးပဲသိကြပါလိမ့်မယ်၊ လောကမှာ ဖြစ်ပေါ်လာတာ မကြာလှသေးတဲ့ အပင်ကလေးပေါ့၊ ကျွန်မရဲ့ သွေးစက်တွေကနေပေါ်ပေါက်လာခဲ့တာလေး၊အဲဒါကြောင့် ကျွန်မနာမည်နဲ့ဆင်ဆင် ဖလားဝါး (ပန်းပင်) အဖြစ် နာမည်ခေါ်တွင် နေကြပါသေးတယ်"

သိလိုစိတ်ကို အောင့်မထားနိုင်တော့သာန်ကူတဲ့ နတ်ဘုရားကြီးကတောင် ကြားဖြတ်မေးလိုက်ပါတော့တယ်။

"ဟုတ်ပါပြီ သမီးတော်ရဲ့ အဲဒီပန်းပင်ကလေးနဲ့အချစ်ဟာ ဘယ်လိုများ သက်ဆိုင်နေလို့ပါလဲ"

"အဲဒါဟာ … 'အချစ်' အတွက် သက်သေပြချက်ပါပဲ ဖခမည်းတော်"

နတ်ဘုရားကြီးအပါအဝင် အားလုံး ဟင်ကနဲ ဖြစ်သွားကြကုန်ပါတယ်။ ဘယ့်နှယ့် ပန်းပင်ကလေးနဲ့ အချစ် ဘာများသက်ဆိုင်လို့လဲ။

ဝေခွဲမရဖြစ်သွားကြဟန် မျက်နှာထားတွေကို ဝေ့ကြည့်ရင်း ဖလော်ရာလေးက တစ်ချက်ပြုံးကာ ဆက်ရှင်းပြတယ်။

… အဲဒီပန်းပင်ကလေးမတိုင်ခင်က လောကမှာ ပင်စည် အဓိကဖြစ်တဲ့ သစ်ပင်တွေရယ်၊ အသီးအနှံတွေ သီးတတ်တဲ့ သစ်သီးပင်ရယ်ရှိတယ်နော်။ သစ်ပင်တွေကနေ 'ပင်စည်'ကို



သုံးစွဲဖို့ ရတယ်။ တစ်နည်းပြောရင် သစ်သားထွက်တယ်ပေါ့။ အဲဒီသစ်သားကို အဆောက်အဦတွေ ဆောက်လုပ်ဖို့ကနေ နောက်ဆုံး ထင်းစိုက်ဖို့အထိ အသုံးပြုကြတယ်။ သစ်သီးပင်တွေကရော သူ့ဆီကရတဲ့ သစ်သီးကို စားသုံးလို့ရတဲ့ကိစ္စက အမြင်သာဆုံး အသုံးဝင်မှုပဲလေ၊ ဒါဆို အခုပေါ်လာတဲ့ ပန်းပင်ကလေးတွေကရော …

ဘယ်သူမှ ဖြေနိုင်မယ့်သူ မရှိဘူး။ ဒါနဲ့ ဖလော်ရာလေးကပဲ ဆက်ပြောပါတယ်။

… သနားစရာ ပန်းပင်ကလေးတွေခမျာ ပင်စည်ကလဲမဖြစ်စလောက်၊ စားလို့ရတဲ့ အသီးလည်း မရှိ၊ ဒါနဲ့ပဲ သူကိုဟာ လောကကို အကျိုးမပြုဘူးလို့ ဆိုနိုင်မလား"

ဖလော်ရာ့စကား ခဏအရပ်မှာ နတ်သဘင်ရှိနေသူ အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြတယ်။ ဟုတ်ပါရဲ့။ ပန်းပင်ကလေးတွေခမျာ သေချာစစ်စစ်ပေါက်ပေါက်ကြည့်ရင် ဘာအကျိုးမှတော့ ပြုနိုင်လှတာ မဟုတ်သလိုပဲ။ ဒါပေမဲ့ အားလုံး နှစ်သက်ကြတယ်။ တစ်ချို့က သူ့မွှေးရနံ့ကို နှစ်သက်တယ်။ တစ်ချို့က သူ့အဆင်းသဏ္ဌာန်ကို နှစ်သက်ကယ်။ သေချာတာကတော့ ပေါ်တာ မကြာလှသေးပေမယ့် အဲဒီပန်းပင်လေးတွေဟာ နတ်ဘုံလောကမှာ အတော်လေးပေါ်ပြူလာ ဖြစ်နေခဲ့ပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



… ပန်းပင်ကလေးတွေရှိနေတော့ ဘာဖြစ်သလဲ။ စိတ်နှလုံးသားကို ကြည်နူးဆွတ်ပျံ့စေတယ်၊ ဒါပဲလားလို့ ပြောရင် ဟုတ်ကဲ့ ဒါပါပဲ၊ ဒါပေမဲ့ … အဲဒါလေးကပဲ အရာအားလုံးထက် ပိုကဲတဲ့ အသုံးဝင်မှုဖြစ်ပါတယ်။ တကယ်တမ်း သေချာ စဉ်းစားကြည့်ပါ။ ကျွန်မတို့တွေ ဟော့ဒီ လောကကြီးမှာ နေထိုင်ကြတဲ့အခါ အစာဝဖို့၊ အဆောက်အဦဆောက်ရဖို့ဆိုတဲ့ လိုအင်နဲ့ချည်း နေထိုင်ကြတာပါလား။ ကျွန်မတို့ဟာ ကိုယ်ခန္ဓာနဲ့ လှုပ်ရှားသွားလာပြီး စိတ်နှလုံးနဲ့ ရှင်သန်နေကြတာပါ၊ ပန်းပင်ကလေးတွေက ကျွန်မတို့ စိတ်နှလုံးရဲ့ လိုအင်ကို ဖြည့်ဆည်းပေးတယ်။ လှပတယ်၊ နှလုံးသားကို ညှတ်နူးစေတယ်။ အရိုင်းဆန်တဲ့၊ လိုအင်ရမက်တွေ ပြည့်နက်နေတဲ့ လောကမှာ လှပတဲ့ စိတ်နှလုံးကို မွေးဖွား ပေးတယ်လေ၊ အချစ်ဆိုတာဟာလည်း ဒီအတိုင်းပါပဲ။

… တကယ်တော့ 'အချစ်' ဟာ ဘဝကို ပိုလှသွားအောင် ကူညီတဲ့အရာ ဖြစ်ပါတယ်။

အချစ်ရယ်လို့ မရှိရင် ဘဝက ဘာဖြစ်သွားပါသလဲ။

အကျည်းတန်သွားတယ်၊ ခြောက်သွေ့သွားတယ်လို့ ဆိုရမှာပေါ့နော်။ ပန်းပင်ကလေးတွေ မရှိတော့တဲ့ လောကလိုပါပဲ။ ကြည့်လေရာရာ အရိုင်းဆန်တဲ့ အကြမ်းထည်တွေသာ ဖြစ်နေ



လိမ့်မယ်။ အသက်ဆက်ဖို့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် အရာတွေ ရှိနေပေမဲ့ အဲဒီအသက်ဆက်မှုဟာ ရှင်သန်မှု မရှိတဲ့ နွေးထွေးမွေ့လျော်မှု မရှိတဲ့အရာ ဖြစ်နေလိမ့်မယ်။ အချစ်မရှိတဲ့ ခန္ဓာကိုယ်ကြီးဟာ လှုပ်ရှားသက်ဝင်နေပေမယ့် ဝိညာဉ်အနှစ်ဓာတ်မပါတဲ့ သက်ရှိအလောင်းကောင်လို ဖြစ်နေပါလိမ့်မယ်။ တကယ့်တော့ အချစ်တစ်ခုတည်းကသာလျှင် အကြမ်းထည်ဆန်တဲ့ ဘဝကြီးကို မျှော်လင့်ချက်တွေ၊ ရင်ခုန် နွေးထွေးမှုတွေနဲ့ ဘောင်ခတ် အရောင် တောက်ပစေနိုင်တဲ့အရာ ဖြစ်ပါတယ်။ ဒါကြောင့် အချစ်သာလျှင် ဘဝကို အကြမ်းထည်အဆင့်က မြှင့်တက်ပြီး အနုပညာမြောက် ပြီးပြည့်စုံစေနိုင်စွမ်းတာမို့ ဟော့ဒီလောကမှာ အချစ်ဟာ မရှိမဖြစ် လိုအပ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လူငယ်လေး၏ လျှောက်လွှာချက်အဆုံးတွင် တစ်မြို့လုံး လက်ခုပ်တီးလိုက်ကြလေတော့သည်။

ထိုလျှောက်လွှာချက် အောင်မြင်မှုကြောင့် သူ တစ်ပတ်တိတိ ဆက်လက်အသက်ရှင်ခွင့်ရသည်။ နောက်တစ်ပတ်မှ လျှောက်လွှာချက်အသစ်တစ်ခု ပေးရမည်ဖြစ်လေသည်။

အခွင့်ရသော ရက်သတ္တပါတ်အတွင်း၌ လူငယ်ကလေးမှာ မြို့၏ နေရာအနှံ့သွားရောက်လည်ပတ်ခဲ့သည်။ ထိုအခါကျမှပင် ဒီမြို့အကြောင်း သူတော်တော်လေးသိခွင့်ရခဲ့လေသည်။

ဒီမြို့သည် ချစ်သူတို့အတွက် ဖြစ်၏။

ဒီမြို့သည် ဂမ္ဘီရမြို့တော်လည်း ဖြစ်သည်။

ဒီမြို့တွင် အချစ်ရေးဆိုင်ရာ ပြဿနာများ လိုအင်ဆန္ဒများအား ဂမ္ဘီရနည်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးသည်။ လျှို့ဝှက်ထိရောက်လှသော နည်းလမ်းများဖြစ်၍ ချစ်သူတို့၏ လိုအင်ဆန္ဒများ အချစ်ရေးပြဿနာများအားလုံး မပြေလည်သည်ဟူ၍ မရှိ။

အချစ်ရေးနှင့်ပတ်သက်လာလျှင် လိုတရနတ်နည်းလမ်းဟုပင် ခေါ်ဝေါ်သမုတ် ထိုက်သော နည်းနာများဖြစ်လေသည်။

ထိုရက်သတ္တပတ်အတွင်း သူမှတ်သားရသော နည်းလမ်းများအနက်မှ တန်ဘိုးအရှိဆုံးဟု သူ ယူဆမိသော ဂမ္ဘီရနည်းလမ်းမှာ "နလုံးသားကိုညှို့တဲ့ဂမ္ဘီရနည်း" ဟူသော နည်းလမ်းလေးပင်ဖြစ်လေသည်။



## နှလုံးသားကိုညှို့တဲ့ ဂမ္ဘီရနည်း

တစ်နည်းပြောရရင် ဒါဟာ အချစ်တစ်ခုကို မွေးဖွားပေးနိုင်တဲ့ ဂမ္ဘီရလျှို့ဝှက်နည်းပါပဲ။ ချစ်သူ မရှိသေးတဲ့သူတွေအတွက် ဘဝတစ်သက်တာ လက်တွဲနိုင်မယ့် ဖူးစာရှင် ရှာတွေ့ဖို့ရာဖြစ်စေ ချစ်သူစုံတွဲတွေကြားမှာ အချစ်ရေးအေးစက်နေတဲ့အခါ တစ်ဖန်ပြန်လည် တောက်ပတဲ့အချစ်ကို မွေးဖွားနိုင်ဖို့ရာဖြစ်စေ ဒီနည်းလမ်းကို အသုံးပြုနိုင်ပါလိမ့်မယ်။

ဒီလျှို့ဝှက်နည်းကို ပြုလုပ်ဖို့ရာအတွက် ...

၁။ ပန်းသီးနီနီကလေးတစ်လုံး။

၂။ ပန်းရောင် သို့မဟုတ် အနီရောင်ရှိတဲ့ ကျောက်ခဲအစအနလေး ၇ခု။

တို့သာ လိုအပ်ပါတယ်။

ဒီလျှို့ဝှက်နည်းကို လပြည့်နေ့မှာ ပြုလုပ်စီရင်ရမယ်။

ဒီနည်းမှာ ပန်းသီးကို သုံးထားရတဲ့ရည်ရွယ်ချက်ကတော့ ပန်းသီးဆိုတာ အချစ်နတ်ဘုရားမ အာဖရိုဒိုက်ရဲ့ အနှစ်သက်ဆုံးအသီးဖြစ်လို့ ပါပဲ။ အင်္ဂလန်ရိုးရာ၊ သမိုင်းဖြစ်ရပ်များစွာမှာ ပန်းသီးဟာ အချစ်ခံစားမှုတွေနဲ့ နက်ရှိုင်းတဲ့ဆက်နွယ်ပတ်သက်မှုတို့ ရှိနေခဲ့တယ်။


အရင်ဆုံး ...

www.burmeseclassic.com



ပန်းသီးကို အလယ်အူတိုင်လေး ထွက်သွားအောင် ဝိုက်ကျီးလိုက်ပါ။

(အောက်က ပုံပါအတိုင်းပါပဲ)




ပြီးတော့ ထက်ခြမ်းခြမ်း။ တစ်ခြမ်းကို သင့်ချစ်သူ (သို့) ချစ်ခေါ်သူကို ပေးပြီး ကျန်တစ်ခြမ်းကိုတော့ သင်ကိုယ်တိုင် စားရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ တစ်ခုတော့ ရှိပါတယ်။ သင့်ချစ်သူနဲ့ အချစ်တွေ တဖန်ပြန်ဆန်းသစ်လာဖို့ရာ စီရင်ဖို့အတွက်ဆိုရင် ဒီလို ပန်းသီးတခြမ်းပေးဖို့ရာ အခက်အခဲ မရှိလှပေ မယ့် ချစ်သူမဖြစ်သေးတဲ့သူကို ဒီလိုပေးဖို့ရာတော့ အခက်အခဲတွေ့ကောင်းတွေ့ နိုင်တယ်။ အဲဒီအခြေအနေမျိုးအတွက် ဆိုရင်တော့ သူ့စာတ်ပုံလေးပဲဖြစ်ဖြစ် ရအောင်ရှာပြီးသူ့ဓာတ်ပုံလေးရှေ့မှာ အဲဒီ ပန်းသီးတစ်ခြမ်းကို ချထားပါ။

ဒီနောက်တော့ အစောပိုင်းက ကွင်းဝိုက်ယူထားတဲ့ ပန်းသီးအလည်



အူတိုင်ကို ပန်းခြံမြေပြင်မှာ မြှုပ်နှံရပါမယ်။ အဲဒါဟာ ကမ္ဘာမြေရဲ့ ဆွဲအားကို ရယူပြီး သင်ချစ်ခေါ်သူရဲ့ နှလုံးသားကို ညှို့ယူမယ့် ညှို့ချက်နေရာပါပဲ။ ဒီလို မြှုပ်နှံထားတဲ့နေရာရဲ့ အပေါ်မှာ ပန်းရောင်ကျောက်ခဲကလေးရခဲ့နဲ့ ဝန်းပတ်ကာရံလိုက်ပါ။ (အောက်က ပုံပါအတိုင်းပြုလုပ်ပါ။)



ဒီနောက်မှာ ဖြည်းညှင်းပီပြင်စွာနဲ့ ဂေဟာဒီဓာသားလေးကို ရွတ်ဆိုပါ

စာချစ်ဂိတ်တို့ မွေးဖွားလာ

သေချာမွာနဲ့ သုံးသာရွာ

ခိုင်လည်းခိုင်မာ စစ်မှန်လျက်

စာချစ်ဆိုတာ့ ရှာသော်တွေ့ကာ။

အင်္ဂလိပ်လိုမှ ရွတ်ချင်ပါတယ်ဆိုတဲ့သူတွေအတွက်တော့ ဟောဒီလို ရွတ်ဆိုနိုင်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



Love will grow,
Sure and slow,
Strong and true,
This Love will Prove.

ဒီလိုရွတ်ဆိုခဲ့တိုင်းမှာ သင့်နှုတ်ကနေထွက်တဲ့ စကားလုံးတွေရဲ့ အားအင်ဟာ မြေထဲမှာ မြုပ်နှံထားတဲ့ ပန်းသီးအူတိုင်လေးဆီအရောက် စီးဝင်ပျံ့နှံ့သွားပြီလို့ ယုံကြည်မှန်းဆ မြင်ယောင်ထားရပါမယ်။

ရွတ်ရမယ့် အခေါက်ရေ သီးသန့်မသတ်မှတ်ထားပါဘူး။

အနည်းဆုံး ၇ခေါက်တော့ ရွတ်ပေါ့။ အဓိကအားဖြင့် မြေထဲကပန်းသီးအူတိုင်လေးဆီ ဂမ္ဘီရတန်ခိုးစွမ်းပကားတွေ ရောက်ရှိသွားပြီလို့ မြင်ယောင်ခံစားလာရတဲ့အထိ ရွတ်ဆိုရမှာပါ။

အဲဒီနောက် နောက်ထပ် ရက်ကိုးရက် ညနေချိန်တိုင်းမှာ အဲဒီ မြုပ်နှံထားရာလေးကို လာရောက်လို့လို့ တစ်ရက်ကို ကျောက်တုံးလေးတစ်တုံးစီ လက်နဲ့ ထိတွေ့ကာ အောက်ပါအတိုင်း ရွတ်ဆိုရမှာဖြစ်ပါတယ်။

ငါတို့အချစ်ဟာ သစ်ပင်တွေလို ခွန်အားရှိတယ်။
ငါတို့အချစ်ဟာ လေငွေ့သစ်ပင်ကိုင်းလို ပျော့ပျောင်းညင်သာတယ်။
ငါတို့အချစ်ဟာ သစ်သီးတွေလို ချိုမြိန်တယ်။
ငါတို့မှာ သစ်ရွက်များစွာလို ကောင်းချီးမင်္ဂလာတွေရှိတယ်။
ကောင်းကင်ဘုံနဲ့ မြေပြင်ဆီက စွမ်းပကားနှစ်ခုလုံးနဲ့ ပျိုးထောင်ကြီးပြင်းတယ်



အင်္ဂလိပ်လို ရွတ်ချင်သူတွေအတွက်တော့ ဟောဒီလို ရွတ်ပါ။

May our love have the strength of a tree,
Be as flexible as boughs in the wind,
Be as sweet as its fruit.
May our blessing be as many as the leaves,
And may it be nutured by the powers of both heaven and earth.

ဒီလိုဆို ဂုဏ်မြောက်တဲ့နေ့မှာ သင့်ချစ်သူ သို့မဟုတ် သင်ချစ်စေလိုသူရဲ့ နှလုံးသားကို ညှို့ငင်နိုင်လိမ့်မှာ မြေကြီးလက်ခတ်မလွဲပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယလျှောက်လဲချက်၏ နာမည်မှာ 'အချစ်ရှိတဲ့ နေရာ' ဟူ၍ ဖြစ်လေသည်။

ယင်းလျှောက်လဲချက်ကို ပြောကြားစဉ်တွင် သတင်းကြားနှင့် လာရောက်နားထောင်ကြသူ ပရိသတ်အပေါင်းမှာ များသထက် ... လာသောကြောင့် လျှောက်လဲချက်ပေးရာနေရာတစ်ခုလုံး ချစ်သူစုံတွဲများဖြင့် ပြည့်ကြပ်နေပါလေတော့သည်။



# အချစ်ရှိတဲ့နေရာ

လောကကြီးဖြစ်ထွန်းစအချိန် ကမ္ဘာ့မြေရဲ့ နေရာဒေသ တစ်ခုမှာ ယောကျ်ားလေးတစ်ယောက်ရယ် မိန်းကလေးတစ်ယောက်ရယ် ရှိခဲ့ကြသတဲ့။

ဟိုး အစောပိုင်းကာလမို့ သူတို့ဟာ နာမည်တောင် မှည့်ရကောင်းမှန်း မသိသေးဘဲ လုလင်ပျိုကလေးနဲ့ လုံမပျိုကလေးလို့သာ ခေါ်ကြပါစို့။

နှစ်ယောက်သား အနေချင်းကလည်း နီးစပ်၊ ဆန့်ကျင်ဘက်တွေလည်း ဖြစ်တဲ့အခါ လောကနိယာမအရ သူတို့ချင်း မေတ္တာမျှခဲ့ကြတာပေါ့။

အလိုရမက်ရယ်လို့ ဘာမှ မရှိသေးတဲ့အချိန်၊ ကမ္ဘာဦး ချစ်သူနှစ်ဦးဟာ အတူနေထိုင်စရာ အသိုက်အမြုံလေးတစ်ခုကို ရှာဖွေရင်း နှစ်ယောက်တည်းဘဝကို အစပြုဖို့ လုပ်ဆောင်ခဲ့ကြသတဲ့။

ဒီလို ··· လူသားနှစ်ယောက် ပေါင်းဖက်တော့မယ့် သတင်းကို မိုးကောင်းကင်က ကြားတဲ့အခါ သူတို့အတွက် ကိုယ်စားလှယ်တော်တွေ စေလွှတ်လိုက်တော့သတဲ့။

လူသားနှစ်ယောက် ပေါင်းဖက်တဲ့အခါ လက်ဖွဲ့ရမယ်လေ။ မိုးကောင်းကင်ရဲ့ လက်ဖွဲ့ကတော့ ဆုမွန်ကောင်းတွေ ပေးသနားခြင်းပေါ့။

www.burmeseclassic.com

www.burmeseclassic.com



❁

နှင်းမှုန်တိုင်းတွေ သည်းသည်း မည်းမည်းကြီးကျနေတဲ့ တစ်ရက်မှာ ကမ္ဘာဦးချစ်သူတွေရဲ့ အသိုက်အမြုံလေးရှိရာကို ခြေသံတစ်ချို့ဟာ ချဉ်းကပ်ရောက်ရှိလာလေတော့သတဲ့။

လုံမပျိုလေးက ပြောတယ်။

'အပြင်မှာ ခြေသံတွေ ကြားရတယ်ရှင့်၊ ဘယ်သူတွေများလဲ မသိဘူးနော်'

'ဘာပဲဖြစ်ဖြစ်လေ တို့အတူတည်ရှိမှုကို သက်သေပြုစရာ လူရတာပေါ့၊ မြန်မြန် တံခါးဖွင့်ပေးလိုက်ကြရအောင်'

လုလင်ပျိုလေးက အဲ့ဒီလို ပြောလိုက်ပြီး တံခါးဆီအပြေးသွားတယ်။ သူတံခါးဝရောက်တဲ့အချိန်မှာပဲ လျှောက်လာနေတဲ့ ခြေသံတွေ ရပ်တန့်သွားတာကိုလည်း ကြားလိုက်ရတာပေါ့။

တံခါးဖွင့်ဖို့ ပြင်နေတဲ့ လုလင်ပျိုကို စိုးရိမ်စိတ်နဲ့ လုံမပျိုက သတိပေးလိုက်တယ်။

'သတိထားနော်၊ မစူးမစမ်း မလုပ်နဲ့'

ပြောပြောဆိုဆို သူလည်း လုလင်ပျိုနဲ့အတူ တံခါးနား ရောက်လာတာပေါ့။

တကျွီကျွီ တံခါးချပ်တို့ကို အသာအယာ တွန်းဖွင့်လိုက်တဲ့ အခါ အပြင်မှာ မြင်နေရတာက -



အဘိုးအို သုံးယောက် ...

ရင်ဘောင်တန်းပြီး ရပ်နေကြလေရဲ့။

တစ်ယောက်က ရွှေချည်နဲ့ ရက်လုပ်ထားတဲ့ဝတ်ရုံ ခြုံလွှမ်းထားတယ်။

နောက်တစ်ယောက်ကတော့ နေမင်းရဲ့ ရောင်ခြည်ကို စုကျစ်ချုပ်လုပ်တဲ့ ဝတ်ရုံနဲ့ပေါ့။

သူတို့နှစ်ယောက် ဘယ်ညာ ရံထားတဲ့အလယ်မှာတော့ ရိုးရိုးအဖြူရောင်ဝတ်ရုံနဲ့ တစ်ယောက်။

အားလုံးရဲ့ မျက်နှာတွေက သိမ်သိမ်မွေ့မွေ့ ပြုံးလို့။

မုတ်ဆိတ်မွေးရှည်ရှည်တွေက ဖြူဖြူစင်စင်။

မျက်လုံးတွေက စူးစူးတောက်တောက်။

ကြည်လင်နေတဲ့ အသားအရည်နဲ့အတူ ပြည့်ဝရင့်ကျက်ဟန်တွေ အပြည့်နဲ့။

ရောက်လာသူ သုံးဦးလုံးဟာ သဘောမနောကောင်းဟန်တူတဲ့ အဘိုးအို သုံးယောက်ပေါ့။

'အထဲကို ဝင်ကြပါ ခင်ဗျာ'

လုလင်ပျိုက ဖိတ်မန္တက ပြုလိုက်ရင်ပဲ သုံးယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းတွေ တဆတ်ဆတ် ညိတ်လိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အထဲကြွပါရှင်၊ အပြင်မှာ နှင်းမှုန်တိုင်းတွေ သည်းနေ[ပါ]တယ်၊ ကျွန်မတို့ဆီမှာ နားခိုပါ၊ ရေပူရေချမ်းကမ်းလှမ်းပါရစေ'

ဒီလို လုံမပျိုလေးကပါ ဝင်ပြောတော့ အဘိုးအိုတွေထဲ[က] တစ်ယောက်က စကားစလေတယ်။

'အဘတို့ထဲက ဘယ်သူ ဝင်ရမှာလဲ'

သူ့စကားကြောင့် လုလင်ပျိုရော လုံမပျိုပါ အနည်းငယ်အံ့[ဩ] မိသလို ဖြစ်သွားတယ်။ လုလင်ပျိုက …

'အဘတို့ သုံးယောက်လုံး ဝင်ကြပါလေ'

လို့ ပြောပေမယ့် အဘိုးအိုတွေက ခေါင်းခါတယ်။

'အဘတို့က မင်းတို့အတွက် ကောင်းချီးပေးဖို့ ရောက်လာ[တာ]ပါ'

'ဪ၊ ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ လက်ခံပါတ[ယ်]ခင်ဗျာ'

'ဒါပေမဲ့ အဘတို့မှာ စည်းကမ်းတစ်ခုရှိတယ်'

'ဟုတ်ကဲ့'

'အဘတို့ထဲက တစ်ယောက်ကို မင်းတို့ ရွေးချယ်ရလိမ့်မယ်' အိမ်ထဲက စုံတွဲ ကြောင်သွားလေရဲ့။

'သုံးယောက်လုံးဝင်လို့ မရဘူးလား ဟင်'



'မင်းရွေးချယ်ပါ လူကလေး'

လုလင်ပျိုကလေးတစ်ခုခု ပြောမယ်အလုပ်မှာ လုံမပျိုလေးက [မျ]က်နဲ့ အသာအယာတို့လိုက်တယ်။ ပြီးတော့ အဘိုးအိုတွေဆီ သူမ [မေ]းမြန်းမေးလိုက်တာပေါ့။

'အဘတို့ရဲ့ နာမည်တွေများ တဆိတ် မသိရဘူးလားရှင်'

အဘိုးအိုသုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် [က]ြည့်ပြန်တယ်။ နောက်မှ သဘောတူသလို ခေါင်းဆတ်ကြရင်း

'အဘက စည်းစိမ်ဥစ္စာလို့ ခေါ်တယ်'

တစ်ဘက်စွန်းက ရွှေချည်ဝတ်ရုံနဲ့ အဘိုးအိုက ပြောလိုက်တယ်။ နောက်တစ်ဘက်စွန်းက နေရောင်ခြည်ဝတ်ရုံနဲ့ အဘိုးအိုက [လ]ည်း …

'အဘကတော့ ဂုဏ်သိက္ခာ တဲ့'

သူတို့ရဲ့ အလယ်မှာရှိနေတာက ဝတ်ရုံဖြူနဲ့ အဘိုးအို လေ။ [သ]ူကတော့ နောက်ဆုံးမှ ပြောတယ်။

'အဘနာမည်က ချစ်ခြင်းမေတ္တာ တဲ့'

လုလင်ပျိုရော လုံမပျိုပါ အံ့ဩစိတ်နဲ့ ဝမ်းသာသွားေ[ကြ]တယ်။ တကယ်တော့ ဒါဟာ သူတို့အတွက် အမြင့်မားဆုံး ဆုလာ[ဘ်]ကြီးတွေပေပဲ။

သူတို့ … ချစ်သူနှစ်ဦးရဲ့ အသိုက်အမြုံလေးအတွက် [ကောင်း]

www.burmeseclassic.com

www.burmeseclassic.com



ခြင်းတွေ ဝေဆာပြည့်လျှမ်းဖို့ရာ ဒီ အဘိုးအိုတွေ ရောက်လာခဲ့တာမှန်း နားလည်လိုက်ပါပြီ။

'ပဒို အဘကို့ထဲက တစ်ယောက်ကိုပဲ အိမ်ထဲဝင်ဖို့ ရွေးချယ်ခွင့်ရမှာပါလားရှင်'

'ဟုတ်ပါတယ် မိန်းကလေး၊ လောကထဲမှာ အရာအားလုံးကိုတော့ ဘယ်ရနိုင်မလဲကွယ်'

'ဒီလိုဆို ကျွန်မတို့ကို အချိန်ခဏလောက်ပေးလို့ ရမလားရှင်၊ ကျွန်မတို့ တိုင်ပင်ချင်လို့ပါ'

'ရပါတယ်၊ တိုင်ပင်ပါ'

လုလင်ပျိုလေးနဲ့ လုံမပျိုလေးတို့ ခေါင်းချင်းဆိုင် တီးတိုး တိုင်ပင်ကြတယ်။

စည်းစိမ်ဥစ္စာ၊ ဂုဏ်သိက္ခာနဲ့ ချစ်ခြင်းမေတ္တာ။

ဘယ်အရာကို သူတို့ ရွေးချယ်ကြမလဲ?

တကယ်တော့ အဲဒီ သုံးခုလုံးကို သူတို့ အလိုရှိတာပါ။

'သုံးခုလုံးရရင်ကောင်းမယ်နော်'

လုလင်ပျိုက တောင့်တလိုက်တဲ့အခါ လုံမပျိုက ပြုံးသိမ့် တယ်။

'အဘတို့ ပြောတယ်လေ၊ လောကထဲမှာ အားလုံးလိုချင်လို့တော့ ဘယ်ရမလဲတဲ့၊ ကျွန်မတို့ ဘဝအတွက် အလိုအပ်ဆုံး



အရာကိုသာ ရွေးချယ်ရတော့မှာပေါ့'

'ရှင် ဘာကိုလိုချင်သလဲ'၊ 'မင်းဘာလိုချင်သလဲ'

စကားသံနှစ်ခုဟာ ပြိုင်တူထွက်သွားကြတယ်။ တစ်ယောက် မျက်နှာတစ်ယောက်ကြည့် ပြုံးကြရင်း သူတို့နှစ်ဦးသား တိုးတိုးလေး သပ်ပြောကြတယ်။

'စည်းစိမ်ဥစ္စာ'၊ 'ဂုဏ်သိက္ခာ'

လုလင်ပျိုနဲ့ လုံမပျိုတို့နှစ်ယောက် တစ်ယောက်ဆန္ဒကို တစ်ယောက် ဆန်းစစ်နားလည်ဖို့ ကြိုးစားကြတာပေါ့။

'ရှင်က ဘာလို့ စည်းစိမ်ဥစ္စာ လိုချင်တာလဲ'

'မင်းကရော ဘာလို့ ဂုဏ်သိက္ခာကို လိုချင်တာလဲ'

သံပြိုင်မေးခွန်းတွေ မေးမိပြန်အပြီးမှာ နှစ်ယောက်လုံး တဒင်္ဂ တိတ်ဆိတ်သွားကြပြန်ပါတယ်။

'ကျွန်မက ... ကျွန်မတို့ဘဝ တစ်သက်တာလုံးအတွက် အကောင်းဆုံးဖြစ်မယ့်အရာကို ရွေးချယ်ချင်တာပါ'

'ကိုယ်ရောပဲ'

'ဒါပေမဲ့ ...'

'... အဲဒါဟာ ကိုယ်တို့တစ်ဘဝလုံး လိုချင်တဲ့အရာမှ ဟုတ်ရဲ့လား'

အဲဒီ မေးခွန်းအတွက် သူတို့မှာ အဖြေမရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



'တစ်ဘဝလုံးအတွက် လိုအပ်မယ့်အရာလို့တော့ ထင်တာပဲ နော်'

'ဒါပေမဲ့ ...

လုံမပျိုက စကားစတယ်။ လုလင်ပျိုက ဆက်ပြီး ...

'ချစ်ခြင်းမေတ္တာကို ဘာလို့ တို့တွေ မစဉ်းစားမိကြပါလိမ့် နော်'

'အင်းလေ၊ ကျွန်မတို့ကြားမှာ ထာဝရ လိုအပ်တာဟာ ချစ်ခြင်းမေတ္တာပါပဲ၊ ဒီတော့ ချစ်ခြင်းမေတ္တာကို ဆုလာဒ် အဖြစ်ပေးမယ့် အဘကိုသာ အိမ်ထဲဝင်ဖို့ ဖိတ်ခေါ်ကြရအောင်'

ဒီလိုနဲ့ပဲ သူတို့ဟာ ချစ်ခြင်းမေတ္တာကိုသာ ဖိတ်ခေါ်ဖို့ ဆုံးဖြတ်ခဲ့ကြပေါ့။ အေးချမ်းစွာ၊ နှောင်တမဲ့စွာပဲ အဘိုးအိုသုံးယောက်ဆီ သူတို့ ဆုံးဖြတ်ချက်ကို ပြောပြလိုက်ကြတယ်။

'တစ်ယောက်တည်းသာ ရွေးရမယ်ဆိုရင်တော့ ချစ်ခြင်းမေတ္တာကိုပဲ ရွေးချယ်ပါတယ်၊ ကျွန်တော်တို့ အိမ်ထဲသို့ဝင်ရောက်ပါလေ ချစ်ခြင်းမေတ္တာ'

ဒီအချိန်မှာပဲ ထင်မှတ်မထားတဲ့ တုန့်ပြန်မှုတစ်ခုဟာ ဖြစ်ပေါ်လာပါတော့တယ်။

အဘိုးအို သုံးယောက်လုံးဟာ အားရပါးရကြီး ပြုံးလိုက်ကြပြီး



သုံးယောက်လုံး ရင်ဘောင်တန်းလို့ သူတို့ အိမ်ဂေဟာထဲ ဝင်ရောက်လာကြတော့တာပါ။

'ဟင် ခုနပြောတော့ တစ်ယောက်ကိုသာ ရွေးချယ်လို့ ရမယ်ဆို'

'ဟုတ်ပါတယ်၊ မင်းတို့ဟာ စည်းစိမ်ဥစ္စာကိုပဲဖြစ်ဖြစ်၊ ဂုဏ်သိက္ခာကိုပဲဖြစ်ဖြစ် ရွေးချယ်ခဲ့မယ်ဆိုရင်တော့ တစ်မျိုးတည်းသာ ရွေးချယ်နိုင်မှာပါ၊ ဒါပေမဲ့ ... ချစ်ခြင်းမေတ္တာကို ရွေးချယ်တာကျတော့ မတူဘူးလေ'

ဝမ်းသာအားရနဲ့ လုံမပျိုလေးက မေးလိုက်တယ်။

'ဘယ်လိုများပါလဲ ရှင်၊ ပြောပြပါဦး'

'ချစ်ခြင်းမေတ္တာရှိတဲ့အရပ်မှာ အရာအားလုံး ရှိနိုင်တယ်လေ၊ ချစ်ခြင်းမေတ္တာကို ရွေးချယ်လိုက်တဲ့အတွက် မင်းတို့ ကျန်တဲ့ ကောင်းမြတ်ခြင်းတွေကိုလည်း ရရှိခံစားနိုင်ကြပါပြီကွယ်'

ဒီလိုနဲ့ပဲ လုလင်ပျိုလေးနဲ့ လုံမပျိုလေးတို့ဟာ အဘိုးအိုသုံးယောက်ပေးခဲ့တဲ့ ကောင်းချီးမင်္ဂလာတို့နဲ့အတူ တစ်ဘဝလုံးနှစ်သိမ့်သာယာစွာ နေထိုင်သွားနိုင်ကြပါလေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါလျှောက်လဲချက်အပြီးတွင် ရလိုက်သောလက်ခုပ်သံများမှာ အရင်တစ်ခေါက်ထက် ပိုမျှားပြားလိုက်လှဲနေသည့် အမှန်ပင်။

သူ နောက်ထပ်တစ်ပတ် ဆက်အသက်ရှင်ခွင့်ရခဲ့ပြန်လေပြီ။ လျှောက်လဲချက်အသစ်တစ်ခု တင်ရမည့် နောက်တစ်ပတ်မရောက်မချင်း မြို့ကလေး၏ နေရာအနှံ့သို့ သူ့စိတ်ကြိုက်သွားခွင့်ရှိသည်။

ယခုတစ်ခါ လူငယ်လေးသွားဖြစ်ခဲ့သည်မှာ မြို့မြောက်ဘက်မှ ဂမ္ဘီရနေရာတစ်ခုဆီ ဖြစ်သည်။

ယင်းနေရာတွင် သူရရှိခဲ့သော လျှို့ဝှက်ဂမ္ဘီရနည်းလမ်းသည်ကား "မှော်ကျောက်တုံးနဲ့ နှလုံးသားပြဿနာ ဖြေရှင်းနည်း" ဟူသော နည်းလမ်းလေးပင် ဖြစ်လေသည်။



## မှော်ကျောက်တုံးနဲ့ နှလုံးသားပြဿနာ ဖြေရှင်းနည်း

အချစ်ရေး အဆင်မပြေတာပဲဖြစ်ဖြစ် ရတာမလို လိုတာမရဖြစ်နေတာမျိုးပဲဖြစ်ဖြစ် နှလုံးသားရေးရာနဲ့ ပတ်သက်လို့ ပြဿနာတွေ ကြုံနေရတဲ့အခါ ဟောဒီ နည်းလမ်းလေးကို သုံးကြည့်လိုက်ပါ။

လူမစွမ်းတော့ နတ်'မ' ဆိုတာလို

ကိုယ်တိုင်အစွမ်းနဲ့ ဘယ်လိုမှ မဖြေရှင်းနိုင်တော့တဲ့ နှလုံးသားရေးရာပြဿနာတွေအတွက် မှော်ကျောက်တုံးနည်းလမ်းက အံ့အားသင့်စရာ ဖြေရှင်းနိုင်တာကို တွေ့ရပါလိမ့်မယ်။

ဒီနည်းလမ်းကို အသုံးပြုဖို့ရာအတွက် နည်းလမ်းပါ နာမည်အတိုင်း မှော်ကျောက်တုံးလေး တစ်တုံးပဲ လိုပါတယ်။

မှော်ကျောက်တုံးကို ဘယ်မှာ ရှာရမလဲ?

ကမ္ဘာမြေပြင်ပေါ်က ကျောက်တုံးလေးတွေထဲကပဲ သင်နဲ့ ပဋ္ဌာန်းဆက်ပါတဲ့ ကျောက်တုံးလေးကို ရှာယူရမှာဖြစ်ပါတယ်။ ပဋ္ဌာန်းဆက်ပါတဲ့ ကျောက်တုံးဆိုလို့ သိပ်ခက်ခက်ခဲခဲကြီးတော့လည်း မဟုတ်ပါဘူး။

၁။ အနက်ရောင် သို့ အနက်ရောင်ဖက်လုတဲ့ ကျောက်တုံးဖြစ်ရမယ်

၂။ အပဲ့အရွဲ့ အနာအဆာကင်းတဲ့ ကျောက်တုံးလုံးချောဖြစ်ရမယ်

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တာကတော့ မြေပြင်တန့်တာလျား သင်မျက်စိဖွင့် ရှာဖွေတဲ့အခါ အထက်ပါ အချက်တွေနဲ့ ကိုက်ညီပြီး အရင်ဆုံးနဲ့ အဆင်ပြေဆုံးတွေ့တဲ့ ကျောက်တုံးလေးဟာ သင်နဲ့ ပဋ္ဌာန်းဆက်ပါတဲ့ ကျောက်တုံးလေးပါပဲ။

ကျောက်တုံးဆိုတာက ကမ္ဘာမြေပြင်ရဲ့ အစွမ်းတွေကို သယ်ဆောင်သိမ်းဆည်းထားနိုင်တဲ့သဘောရှိတယ်။ တစ်နည်းပြောရရင် ပထဝီဓာတ်ကိန်းကြွ ဂမ္ဘီရပစ္စည်းတစ်မျိုးပေါ့။

သင်ကိုယ်တိုင် ရှာတွေ့လို့ ရလာတဲ့ ကျောက်တုံးလေးကို ရေစင်အောင်ဆေးပြီး ခေါင်းအုံးအောက် ထားအိပ်ရပါမယ်။ ပြီးတော့ နေ့စဉ်တစ်ရက်တစ်ကြိမ် ကျောက်တုံးလေးကို ထုတ်ယူလို့ သင်ကြုံနေရတဲ့ အချစ်ရေးပြဿနာတွေ၊ သင့်အချစ်ရေး အခက်အခဲတွေ၊ ကြုံနေရတဲ့ အနှောင့်အယှက်အတားအဆီးတွေ အကြောင်း တတွတ်တွတ်ပြောပြပါ။

ဒီလိုပြောတဲ့အခါ ကျောက်တုံးလေးကို တကယ့်သက်ရှိတစ်ယောက် အနေနဲ့ တိုင်တည်သလို ပြောရမှာဖြစ်ပါတယ်။ ဒါကို လပြည့်နေ့မတိုင်ခင်အထိ နေ့စဉ်လုပ်သွားရမှာပါ။

လပြည့်နေ့မှာတော့ ကျောက်တုံးလေးကို မြစ်၊ ချောင်း၊ သို့မဟုတ် ပင်လယ်ဆီ ချလွှတ်လိုက်ရမှာ ဖြစ်ပါတယ်။

ဒီလိုချလွှတ်စဉ်မှာ အောက်ပါ စာသားကို ရွတ်ဆိုပါ။



မောင်ကျောက်တုံးလေးရေ မင်းဟာငါ့သူငယ်ချင်းကောင်းပါပဲ
မင်းငါ့ရဲ့ အချစ်ရေးပြဿနာတွေကို နားထောင်သိမ်းဆည်းထားပြီးခဲ့ပြီနော်
ငါမင်းကို နောက်ဆုံးအကူညီလေးတစ်ခု တောင်းပါရစေ
ငါမင်းကို ပစ်လွှတ်လိုက်တဲ့အခါ မင်းရဲ့ ခရီးကို စတင်ပါ
ပြီးတော့ အဲဒီပြဿနာအခက်အခဲ တွေကို ရေပြင်အစွမ်းနဲ့ သန့်စင်ဖယ်ရှား
ပေးပါ။
မဟာ နာမတော်ရဲ့ အစွမ်းနဲ့ ငါမင်းကို ခေစားပါဗျ။

အင်္ဂလိပ်လိုမှ ရွတ်ချင်ပါတယ်ဆိုတဲ့သူတွေအတွက်တော့ ဟောဒီလို ရွတ်ဆိုနိုင်ပါလိမ့်မယ်။

Stone person,
you have been a good friend to me.
You have heard my troubles & taken them in.
With gratitude I now ask for a final favour_that,
when I release you to continue your journey,
you take these troubles far away from me
and wash them clean in the waters of life.
In the name of the Old Ones,
I bid you hail and farewell.

မှော်ကျောက်တုံးရဲ့ ဂမ္ဘီရအစွမ်းနဲ့ သင့်နှလုံးသားရေးရာ ပြဿနာတွေ အားလုံး ရေမှာ ဆေးချလိုက်သလို စင်ကြယ်အောင်မြင်နိုင်ပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ကြိမ်ပေးသည့် တတိယ လျှောက်လဲချက်ကိုမူ လူငယ်လေးက မတ်မက်ရပ်ရင်းပြောကြားခဲ့သည်။ အသံတွေမာန်တွေ အပြည့်နှင့် သူ၏လျှောက်လဲပြောကြားဟန်မှာ ချစ်သူတို့ရဲ့ ရှေ့မှောက်တွင် တကယ့်သူရဲကောင်းကြီးအလားပင်။

ပတ်လည်ဝန်းကျင် လောကတစ်ခွင်လုံးမှာ သြဘာဓာတ်ပါလှသည့် သူ့အသံတစ်ခုကလွဲပြီး တိတ်ဆိတ်ငြိမ်သက်လျက် …။

အားပါ စိတ်ဝင်စားဖွယ်ကောင်းလှသော သူ့လျှောက်လဲချက်နာမည်မှာ ‘ချစ်သူရဲ့ တကယ့်တာဝန်’ ဟူ၏။



# ချစ်သူရဲ့ တကယ့်တာဝန်

ပြဿနာဟာ လွန်လေပြီးသော အချိန်ကာလတစ်ခုမှာ စတင်ခဲ့တယ်။

ရွာတစ်ရွာရှိ အလွန်ချောမောလှပတဲ့ မိန်းမငယ်လေး တစ်ယောက်ရဲ့ ဖခင်နှင့်မိခင်ဟာ သမက်အရွေးရခက်တဲ့ ဒုက္ခနဲ့ ဗျာများခဲ့ရလေရဲ့။

သူတို့ သမီးလေးကို ချစ်ခင်စုံမက်နေသူ အများအပြားထဲမှ နှစ်နှစ်ကာကာအရှိဆုံးလူ သုံးယောက်ရှိတယ်။ သုံးယောက်လုံးဟာ သက်တူ ရွယ်တူ၊ ဂုဏ်အရည်အချင်းအားလုံး အတူလိုလို ဆိုတော့ သူတို့သမီးလေးကို ဘယ်တစ်ယောက်နဲ့ နေရာချထားရမယ် မသိကြတော့ဘူး။

သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့ စကားလည်းရှိတယ်။

သမီးနှစ်သက်သူကို ရွေးချယ်စေဖို့ သူတို့သမီးသူတို့ မေးကြည့်ပြန်တော့ … သုံးယောက်လုံးကို သံယောဇဉ်ရှိပါသတဲ့။

ကဲ၊ ဘယ်လိုလုပ်ကြမလဲ?

တစ်နေ့တစ်နေ့ ဒီကိစ္စနဲ့ပဲ သူတို့ မိသားစု အငြင်းပွားနေရတော့ဟာပဲ။ ဖအေကြီးက တစ်ယောက်ကို အဆိုပြုတယ်။ မအေကြီးက

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်ကို ရည်ညွှန်းပြန်တယ်။ ဟိုတစ်ယောက်က ဟို နေရာလေးသာရင် ဒီတစ်ယောက်က ဒီနေရာလေး တော်နေပြန်တယ်။

ဒီလိုနဲ့ ...

သူတို့ အတွေးရခက်နေတုန်း ဖြုန်းဆို ကံကြမ္မာတရားကြီးက ဝင်ပြီး မညှာမတာဆုံးဖြတ်လိုက်တယ်။ သမီးလေး ရွှာပြင် ရေခပ်ဆင်း တုန်း ပိုးထိပြီး ဆုံးသွားရှာတာပါပဲ။

မိခင်ဖခင်တွေတင်မက မိန်းကလေးကို မျှော်လင့်နေသူ သုံး ယောက်လည်း မျက်ရည်မဆည်နိုင်ကြဘူး။

မအေနဲ့ဖအေက တရားနဲ့ဖြေဖို့ ကြိုးစားနေကြချိန်မှာ လုလင်ပျို သုံးယောက်ဟာ ပြင်းထန်တဲ့လုပ်ရပ်ကိုယ်စီ ပြုမူမိကြတော့တယ်။

တစ်ယောက်က ...

မိန်းကလေးကို မီးသင်္ဂြိုဟ်တဲ့အချိန် -

"ချစ်သူမရှိတဲ့နောက်မှာ ဆက်မသက်မရှင်လိုတော့ဘူး"

လို့ရေရွတ်ပြီး မိန်းကလေးကို သင်္ဂြိုဟ်နေတဲ့မီးထဲခုန်ချ လိုက် သေသွားခဲ့တယ်။

နောက်တစ်ယောက်ကတော့ ...

"ရက်စက်လှတဲ့ကံကြမ္မာကို မကျေဘူး၊ ကံကို ပြောင်းလဲဖို့ နည်းလမ်းရှာမယ်"

ဆိုတဲ့စိတ်နဲ့ ရသေ့ဝတ်ကာ ကမ္ဘာမြေတန့်တလျား လှည့် 



လည် ထွက်ခွာသွားတော့တယ်။

နောက်ဆုံးတစ်ယောက်ကတော့ ...

မိန်းကလေးကို သင်္ဂြိုဟ်တဲ့နေရာအနီးမှာပဲ တဲငယ်တစ်လုံး ဆောက်တယ်။

"ချစ်သူ နောက်ဆုံးရှိခဲ့တဲ့အရပ်မှာပဲ အသက်ထက်ဆုံးမခွဲခွာ တော့ဘူး"

ရယ်လို့ သံမိဋ္ဌာန် ချလိုက်တော့တယ်။

တကယ်တော့ ...

အဖြစ်အပျက်ဟာ ဒီမှာတင်ပဲ အဆုံးသတ်သွားဖို့ကောင်းတာ ပါ။

အဖြစ်အပျက်ဟာ နှစ်ပေါင်းနှစ်ဆယ်လောက်ထိ ကာလကြာ မြင့်သွားခဲ့လေတယ်။

မိန်းကလေးနဲ့အတူ သေတဲ့သူကလည်း လိုက်သေပြီးပြီ။

ရသေ့ဝတ်နဲ့ လေလွင့်လျှောက်သွားနေတဲ့သူကလည်း လျှောက်သွားနေဆဲ။

သုသာန်မြေထဲက တဲငယ်ကလေးမှာတော့ အခု လူလတ်ပိုင်း အရွယ် ရောက်လာပြီဖြစ်တဲ့ ယောကျ်ားတစ်ယောက် နေတယ်။

ချစ်သူခေါင်းချခဲ့ရာအရပ်ကို စောင့်ကြပ်နေသူပေါ့။ ဒီ နှစ်၂၀ လုံးလုံး သူအဲဒီအရပ်ကနေ တစ်ဖဝါးမှ မခွာခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပါပဲ ...

မမျှော်လင့်တဲ့ တစ်ရက်မှာ သုသာန်မြေကို ရသေ့တစ်ပါး ရောက်လာတယ်။

ဟိုးလွန်ခဲ့တဲ့နှစ်၂ဝက ချစ်သူကြောင့် ရသေ့ဝတ်ထွက်သွားခဲ့တဲ့သူလေ။ သူကပြောတယ်။

"ငါမှာ သေသူကိုပြန်ရှင်နိုင်မယ့် နည်းလမ်းပါလာတယ်" တဲ့။ ကြားသူတိုင်း အံ့ဩသွားကြတောပေါ့။

သူ့တွက်ချက်မှုအရ ...

နက္ခတ်ကြံ့တဲ့ နေ့ရက်မှာ ...

ရွာပြင်သုသာန်ဆီ လူတွေ စုရုံးရောက်ရှိလာကြတော့တယ်။

ရသေ့က -

မိန်းမလေးရဲ့ အရိုးပြာအိုးလေးကို မြေထဲက ဖော်ယူ လိုက်တယ်။

ပြီးတော့ ကောင်းကင်ကိုကြည့်။

ဆိုင်ရာ နက္ခတ်တွေဆီ လက်ညှိုးညွှန်ရင်း

မန္တာန်တစ်ခုကို ဌာန်ကရိုဏ်းကျကျရွတ်ဆိုလိုက်တော့တယ်။

တကယ့်ကို အံ့အားသင့်စရာပါပဲ။

မန္တာန်ရဲ့ အဆုံးမှာ ...

မျက်လှည့်ပြလိုက်သလို ဘွားကနဲ သေသူ ပြန်အသက်ဝင်



လာချေပေါ့။

လွန်ခဲ့တဲ့ နှစ်၂ဝက ပိုးထိသေဆုံးခဲ့တဲ့ မိန်းကလေး ပြန်အသက်ရှင်လာခဲ့ပြီ။

သူတင် မကသေးဘူး။

သူနဲ့အတူ သူ့ကို သင်္ဂြိုဟ်ရာမီးပုံထဲ ခုန်ချ အသေခံခဲ့တဲ့ လုလင်လည်း ပြန်ရှင်သန်ခွင့်ရလာခဲ့တဲ့။ မီးပုံတစ်ခုထဲမှာ အတူ လိုက်သေဆုံးခဲ့တာမို့ သူ့အရိုးပြာတွေလည်း မိန်းကလေးနဲ့အတူ တပေါင်းတည်း ရှိနေတာကိုး။

သေသူတွေ ပြန်ရှင်လာတော့လည်း အားလုံးက ဝမ်းသာအားရပေါ့လေ။

ဒါပေမဲ့ ...

ဒါပေမဲ့ ...

လွန်ခဲ့တဲ့ နှစ်၂ဝကတည်းက

ပြဿနာတစ်ခုဟာလဲ ဒီအချိန်မှာပဲ တစ်ဆက်တည်း ပြန်လည် ပေါက်ဖွားလာခဲ့တော့တယ်။

မိန်းကလေးရဲ့ ဖူးစာရှင်ဟာ ဘယ်သူလဲ?

ဒီတစ်ကြိမ်မှာတော့ မိန်းကလေးကို ဘယ်သူကပိုင်သင့်သလဲ လို့တောင် အငြင်းပွားစရာဖြစ်ခဲ့ရပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့က ပြောကြတယ်။

"ဘာ စဉ်းစားနေစရာလိုလဲ၊ ရသေ့ဝတ်သွားတဲ့ လုလင်ဟာ မိန်းကလေးကို ပြန်ရှင်သန်စေခဲ့သူဖြစ်တယ်၊ ဒါကြောင့် မိန်းကလေးကို သူပဲ ပိုင်သင့်တယ်"

နောက် တစ်ချို့အမြင်ကျတော့ တစ်မျိုး။

"မိန်းကလေးနဲ့အတူ မီးပုံထဲခုန်ချသေခဲ့သူဟာ ချစ်လွန်းလို့ အသက်တောင်စွန့်ခဲ့သူပဲ၊ သူ့အချစ်ကြောင့် မိန်းကလေးကို ပိုင်သင့်တယ်"

တဲ့။ တစ်ချို့ကျတော့လည်း ...

"နှစ်၂၀လုံးလုံး သုသာန်မှာစောင့်နေခဲ့ရတဲ့ လုလင်ကို သနားပါတယ်"

လို့ ဆိုကြပြန်တယ်။



မိန်းကလေးအဖို့လည်း ဒီတစ်ခါတော့ ပိုလို့တောင် အရွေးရ ခက်သွားပြီပေါ့။

မတူညီသောလူတွေရဲ့ မတူညီသောအမြင်တွေဟာ တဖြည်း ဖြည်း ပဋိပက္ခတစ်ခုအသွင် ဆောင်လာတော့တယ်။

သက်ဆိုင်သူ သုံးယောက်ကိုလည်း သွေးထိုး အေးတီးပေး ကြတယ်။

"မင်းကြောင့်သာမဟုတ်ရင် သူက သေပြီးသားပဲဟာ၊ ဘာမှ စဉ်းစားမနေနဲ့၊ ဒီတစ်ကြိမ်မှာတော့ မင်း အလျှော့ပေးလို့မဖြစ် ဘူး အနုနည်းနဲ့ မရရင် အကြမ်းနည်းနဲ့သာ ယူ"

ဆိုပြီး ရသေ့လူထွက်ကို ပြောတဲ့သူက ပြော၊ တစ်ချို့က လည်း သေရွာပြန် လုလင်ဘက်က ...

"မင်းက သူ့အတွက် တကယ်သေရဲတယ်ဆိုတာကို အပြော မဟုတ် အလုပ်နဲ့တောင် သက်သေပြပြီးပြီပဲ၊ မင်း ဒီတစ် ခေါက်မှာ အညံ့ခံလို့ လုံးဝ မဖြစ်ဘူးနော်"

လို့ ပြောသူတွေလည်းရှိပြန်တယ်။

သုသာန်မှာစောင့်ခဲ့သူကို စာနာသူတွေကလည်း အင်အား မသေးလှဘူး။

"မင်းရဲ့အနှစ်၂၀ကို အလဟဿတော့ မဖြစ်စေနဲ့နော်၊ အချစ် နဲ့ စစ်မှာ အကုန် တရားတယ်တဲ့၊ တွေဝေမနေနဲ့ ကိုယ်လူ"

www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် ပြောကြပြန်တယ်။

တိုးတိုးလေးတိုက်တွန်းရာက နောက်တော့ ကျယ်ကျယ်။ တဖြည်းဖြည်း လူအုပ်စုတွေက သိသိသာသာ ကွဲကုန်တယ်။

လူ သေရာက ပြန်ရှင်လာတာမို့ အင်မတန် စိတ်ဝင်စားစရာကလည်း ဖြစ်နေတာနဲ့ ဒီကိစ္စမှာ ပါဝင်ပတ်သူလာသူက ကြာလေ များသထက်များလေပဲ။

ဘယ်လိုလုပ်ကြမလဲ?

ဒီပြဿနာဟာ ရက်ကြာလာလေ ဖြေမရ ရှင်းမရဖြစ်လာလေနဲ့ နောက်ဆုံးတော့ ရွှေနန်းတော်က ဘုရင်မင်းမြတ်ရဲ့ ရွှေနားတော်အရောက် ပေါက်ကြားသွားတော့တယ်။

ဘုရင်ကြီးကလည်း စိတ်ဝင်စားတယ်။

နန်းတွင်းညီလာခံမှာတောင် ဒီကိစ္စကို ဆွေးနွေးငြင်းခုန်မိကြတယ်ဆိုပဲ။ မှူးမတ်တွေအမြင်အရလည်း တစ်ယောက်ကို တစ်မျိုး မတူကြဘူး။ ပညာရှိတွေတောင် ဒီလိုဝိဝါဒကွဲနေပြီဆိုမှတော့ ခက်ပြီပေါ့။

နောက်ဆုံးတော့ တိုင်းပြည်တစ်ခုလုံးမှာ ဉာဏ်ပညာနဲ့ အပြည့်စုံဆုံး ဆိုကြတဲ့ ဘုရင့်သမီးတော်လေးဆီ ဒီကိစ္စကို အဆုံးအဖြတ်ခံယူမယ်လို့ အကြံရကြတယ်။

သမီးတော်လေးဟာ လောကီရေးရာတွေကို ငြီးငွေ့လို့



...ှင်ဘဝနဲ့ ဥပုသ်ဆောင်ပြီး လူတွေနဲ့ ကင်းကင်းနေထိုင်ခဲ့တာ ... ဒီလို အချစ်နဲ့ ပတ်သက်နေတဲ့ကိစ္စကို ဖြေရှင်းပေးပါ့မလား?

ဒါပေမဲ့ ဖခင်ဘုရင်ကြီးရဲ့ တိုက်တွန်းချက်ကြောင့်ရော လော...သယ် တစ်တိုင်းပြည်လုံးစိတ်ဝင်စားနေတဲ့ ပြဿနာဖြစ်တာကြောင့် ... သမီးတော်လေးက ဒီပြဿနာကို ဖြေရှင်းပေးဖို့ လက်ခံလိုက်...ယ်။

အခင်းဖြစ်ပွားတဲ့ကိစ္စမှာ အခါက ပါဝင်ပတ်သက်နေသူ...လုံး ရွှေနန်းတော်ကို ဆင့်ခေါ်လိုက်တာပေါ့။

သူတို့ကို မေးတယ်။

ဒီကိစ္စကို ဘုရင့်သမီးတော်လေးက ဖြေရှင်းပေးမယ် လက်ခံ...ကြမလားပေါ့။

သမီးတော်လေးရဲ့ ပညာဉာဏ်ရည်ကို ကြားဖူးကြပြီးသား...တာနဲ့အညီ အားလုံးက ကျေကျေနပ်နပ်ကြီး လက်ခံပါမယ်လို့...သဘောတူကြတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဆုံးအဖြတ်ချမယ့်နေ့မှာ သမီးတော်လေးဟာ နီရဲတောက်ပတဲ့ ဝတ်ရုံရှည်ကြီးကို တစ်ကိုယ်လုံးလွှမ်းခြုံဝတ်ဆင်ထားတယ်။ တရားစီရင်ရာစင်မြင့်ကြီးထက်ကနေ ပီလည်းပီသ၊ ကြည်လည်းကြည်မြတဲ့ အသံချိုချိုကြည်ကြည်နဲ့ ပရိသတ်ကို လှမ်းပြောလိုက်တယ်။

"ကျွန်ုပ်ဟာ ဒီနေ့ တရားဆုံးဖြတ်ရာမှာ တရားကိုစောင့်တဲ့ နတ်ကောင်းနတ်မြတ်အပေါင်းကို တိုင်တည်သစ္စာပြုပြီးတော်တည့်မှန်ကန်စွာ စီရင်ဆုံးဖြတ်မှာဖြစ်ပါတယ်၊ ကျွန်ုပ်၏ နှုတ်ထွက်စကားအခွန်းတိုင်းသည် နှုတ်ကပတ်တော်ပြန့်တမ်းကဲ့သို့ ရှိပါစေ"

ပြီးတဲ့နောက်မှာ အမိက ကာယကံရှင်တွေဖြစ်ကြတဲ့ သေရွာပြန်မိန်းကလေးရယ် လုလင် သုံးဦးရယ်ကို မေးခွန်းတွေ အသီးသီး မေးတယ်။

ဖြစ်ရပ်တွေကို တစ်လှည့်စီရှင်းပြရင်း မိန်းကလေးကတော့ သူကိုယ်တိုင် ဒီသုံးယောက်ကို ရွေးရခက်နေကြောင်းဝန်ခံတယ်။

လုလင်သုံးယောက်ကလည်း တူညီသော အဖြစ်အပျက်ကိုပဲ



ကိုယ်စီအမြင်တွေကနေ ပြောပြကြပါတယ်။ သူတို့စကား အဆုံးသတ်တိုင်းမှာ ပါဝင်နေတာ တစ်ခုတော့ ရှိတယ်။

... ထို့ကြောင့် ကျွန်တော်သာလျှင်မိန်းကလေးကို အချစ်ခင်အစုံမက်နိုင်ဆုံးသူဖြစ်၍ ကျွန်တော်နှင့်သာ လက်ဆက်ခွင့်ပြုပါရန်တောင်းပန်အပ်ပါသည်"

ဆိုတဲ့စကားပဲ။ တရားသူကြီးဖြစ်တဲ့သမီးတော်လေးက ပြုံးနေတယ်။ ဘာမှပြန်မပြောဘူး။

လုလင်အားလုံး တင်ပြအပြီးမှာ တအောင့်ကြာအောင် ပတ်ဝန်းကျင်တစ်ခုလုံးက လူထုပရိသတ်ဆီကို ဖြန့်ကျက် ကြည့်ရှုလိုက်တယ်။ ပြီးမှ သမီးတော်လေးက သူ့ထုံးစံအတိုင်း ပီသကြည်မြတဲ့အသံနဲ့ တရားကိုစောင့်တဲ့ နတ်ကောင်းနတ်မြတ်အပေါင်းကို တိုင်တည် သစ္စာပြုပြီး ...

စီရင်ချက်ကို ချမှတ်လိုက်တော့တယ်။

အရင်ဆုံး မိန်းကလေးနဲ့အတူ သေရွာက ပြန်လာတဲ့ လုလင်ဆီကို လက်ညှိုးညွှန်လိုက်တယ်။

"ဒီယောကျ်ားဟာ အချစ်အတွက် သေရဲခဲ့သူဖြစ်တယ်၊ ဒါကြောင့် သူ့ကို မိန်းကလေးအတွက် လက်ဆက်ခွင့် ပေးကြမလား"

နောက်တော့ ရသေ့လူထွက်ဆီ လက်ညှိုးညွှန်ပြန်တယ်

www.burmeseclassic.com

www.burmeseclassic.com



"ဒီယောက်ျားကတော့ ချစ်သူကို အသက် ပြန်ရှင်သန်လာစေသူ ဖြစ်တယ်၊ ဒါကြောင့် မိန်းကလေးကို သူပိုင်သင့်သလား"

နောက်ဆုံးမှာ သုသာန်မှာနှစ်၂၀လုံးနေခဲ့သူဆီ လက်ညှိုးညွှန်တယ်။

"သူကတော့ ချစ်သူ နောက်ဆုံးနေခဲ့တဲ့အရပ်မှာ ဇာတ်မြှုပ်နေထိုင်ခဲ့သူဖြစ်တယ်၊ ဒါကြောင့် သူ့ကိုပဲ မိန်းကလေး အပ်နှင်း ရမလား"

ဒီလို နိဒါန်းစကား ချွေပြီးနောက် စီရင်ချက်ကို ဆက်တိုက်ပြောပါလေတော့တယ်။

"ဒါဟာ အချစ်ကိစ္စဖြစ်တယ်၊ အချစ်နဲ့သာ ဆုံးဖြတ်သင့်တယ်၊ မိန်းကလေးကို ဘယ်သူဟာ အချစ်ဆုံးလဲ၊ ချစ်သူဟာ တစ်ယောက် လုပ်သင့်တဲ့အလုပ်ကို ဘယ်သူဟာ အကျေပွန်ဆုံးလဲ ဒီအချက်တွေကိုကြည့်ပြီးတော့ ဆုံးဖြတ်ရလိမ့်မယ်၊ ယေဘုယျအားဖြင့် … အချစ်အတွက် သေရဲတယ်ဆိုတဲ့စိတ်ကို လူတော်တော်များများပဲ အလေးအမြတ်ပြုတတ် ကြပါတယ်၊ ဒါပေမဲ့ စိတ်လှုပ်ရှားနေတဲ့အခါ သေပစ်လိုက်ဖို့ဆိုတာ မခက်ပါဘူး၊ ငါ့ချစ်သူမရှိလို့ငါလဲအသက် မရှင်ချင်တော့ဘူးကွာဆိုပြီး ကိုယ့်ကိုယ်ကို သတ်သေတာမျိုးဟာ အချစ်သူရဲ



ကောင်းလို့ အခေါ်ခံရနိုင်ပေမယ့် တကယ်တမ်း ချီးကျူးစရာကောင်းလောက်အောင်တော့ မပြည့်စုံဘူး၊

… နောက်တခါ ကိုယ့်ချစ်သူ အသက်ပြန်ရှင်လာအောင် ကြိုးစားခဲ့တဲ့သူ၊ သူဟာလည်း အချစ်ကြီးလွန်းတာကိုတော့ အသိအမှတ်ပြုရပါမယ်၊ ဒါပေမဲ့ သူ့ကြိုးစားမှု မအောင်မြင်ခဲ့ရင် သူ့အချစ်ဟာ အရာမထင်ရှိမှာပဲ၊ ပြီးတော့ ရှာတွေ့နိုးနိုး ကြိုးစားနေရတာဟာ မျှော်လင့်ချက်ကလေးတော့ ရှိနေတာမို့ ဖြေသာပါသေးတယ်၊

… တကယ်တမ်း ချီးကျူးစရာက နှစ်၂၀လုံးလုံး မပြတ်တမ်း အချစ်တွေ ခိုင်မာမြဲမြံခဲ့တဲ့သူပါ၊ သူချစ်တဲ့သူနားမှာ သူဆက်နေပေမဲ့ သူ့မှာ ဘာမှရနိုင်တော့တာ မဟုတ်ဘူး။ မျှော်လင့်ချက်ကလေးတောင် ဆုအဖြစ်ရစရာမရှိဘူးလေ။ သူ့ချစ်သူဟာ အကောင်ထည်မဲ့ ဒြပ်မဲ့သွားတဲ့ အခြေအနေမျိုးမှာ ဖြစ်တယ်။ အဲဒီလိုအခြေအနေမျိုးမှာတောင်မှ အနားမှာဆက်နေပြီး ဆက်လို့ ချစ်နေနိုင်တာ၊ ရှင်လျက်သေနေရတဲ့ဘဝမှာ ကျေကျေနပ်နပ်ကြီး ဆက်နေထိုင်နိုင်တာ သိပ်ချီးကျူးစရာကောင်းပါတယ်၊

ဒီစကားအဆုံးမှာ ပညာရှိသမီးတော်ဟာ တအောင့်နားတယ်။ ပြီးတော့မှ ဆက်ပြောပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



... တကယ်တော့ ချစ်သူတွေရဲ့ တကယ့်အလုပ်ဟာ အဲဒါပါပဲ၊ ဘာမှ မျှော်လင့်စရာမရှိတော့တဲ့ အခြေအနေမှာဖြစ်စေ မပြောင်းလဲပဲ ဆက်လက် မြဲမြံနေနိုင်တာပါ၊ ချစ်နေသေးတဲ့ စိတ်ကို ထိန်းသိမ်းရင်း တစ်ဘဝလုံး ဆက်ရှင်သန်နေတာ၊ ကိုယ့်ချစ်သူက ဘာဆိုဘာမှ မပေးဆပ်နိုင်တော့တာတောင် ချစ်ဖို့သက်သက် ချစ်သူ့နားမှာ ဆက်လက် ရပ်တည်ပေးနိုင်တာဟာ ချစ်သူအစစ်လို့ အကြွင်းမဲ့ ဆိုနိုင်မှာဖြစ်ပါတယ်၊

... ဒါကြောင့်၊ ဒီကိစ္စအတွက်စီရင်ချက်ကတော့ ...

မိန်းကလေးကို အသက်ပြန်ရှင်စေသူဟာ အသက်ကိုပေးသူဖြစ်တယ်၊ ဒါကြောင့် ဖခင်သဖွယ်ဖြစ်တယ်။ မိန်းကလေးနဲ့အတူ ပြန်ရှင်သန်လာခဲ့သူဟာ မောင်ဖွားသဖွယ်ဖြစ်တယ်။ ဒါကြောင့်သူတို့နှစ်ယောက်လုံး မိန်းကလေးကို ဇနီးမယားအဖြစ် သိမ်းပိုက်ယူဖို့ မသင့်တော်ဘူး၊ အနှစ်၂၀လုံး မိန်းကလေးနဲ့အတူ နေပေးခဲ့သူသာလျှင် ချစ်သူခင်ပွန်းသဖွယ် ဖြစ်တာမို့ သူသာ မိန်းကလေးကို ရယူပိုင်ဆိုင်ထိုက်သူ၊ ဇနီးမယားအဖြစ် သိမ်းပိုက်ထိုက်သူ ဖြစ်ပေတော့တယ်"

ပညာရှိသမီးတော်လေးရဲ့ ကြောင်းကျိုးခိုင်လုံပြည့်စုံလှတဲ့ စီရင်ချက်ကို အားလုံးပဲ သဘောတကျ ခေါင်းတွေတဆတ်ဆတ်ညိတ်မိကြပါလေတော့တယ်။



ဒီတစ်ကြိမ်လျှောက်လဲချက်ကိုမူ လူကြီးပိုင်းထက် လူငယ်ပိုင်းက ပိုနှစ်သက်ကြလေသည်။

ဒီလိုလျှောက်လဲချက်မျိုး ပေးနိုင်သူဖြစ်၍ ယခု ချက်ချင်းပင် အသက်ဘေးမှ ချမ်းသာလွတ်မြောက်ခွင့်ပေးပါရန် တစ်ချို့က အော်ဟစ်ကာပင် တောင်းဆိုပေးကြလေ၏။

မြို့လူကြီးများက လူငယ်လေးအား သဘောကျလာပြီဖြစ်သော်လည်း ဒီလောက်ထိတော့ အလွယ်တကူ မလိုက်လျောနိုင်သေး။ လူငယ်လေးကလည်း သပ်ပြုံးပြုံးပင် ရှိနေဆဲ။

သူ့ ဆက်အသက်ရှင်ခွင့်ရပြန်လေသော ရက်သတ္တတစ်ပတ်အတွင်း မြို့၏နေရာအနှံ့သို့ ပေါ့ပါးစွာ လည်ပတ်နေပြန်လေ၏။ ဒီတစ်ကြိမ် သူအာဝဇ်ကသွားသော နေရာမှာ မြို့တောင်ဘက်သို့ ဖြစ်လေသည်။

ယင်းအရပ်တွင် လျှို့ဝှက်ဂမ္ဘီရနည်းလမ်းတစ်ခုကို သူရရှိခဲ့ပြန်၏။

ထိုနည်းအား "ချစ်သူစိတ်ပြန်လည်လာစေဖို့ ဂမ္ဘီရနည်း" ဟုခေါ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# ချစ်သူစိတ်ပြန်လည်လာစေဖို့ ဂမ္ဘီရနည်း

ကိုယ့်ချစ်သူက ကိုယ့်ကို မချစ်လို့ စွန့်ပစ်သွားတာပဲဖြစ်ပြီး

အချစ်သက်တမ်းကြာလာတဲ့နောက် အေးခဲသွားတဲ့ ဆက်ဆံရေးတွေ

အတွက်ဖြစ်ဖြစ် ဟော့ဒီနည်းလမ်းကို အသုံးပြုခြင်းဖြင့် သင့်ချစ်သူဆီက မြတ်နိုး

ကို လွယ်ကူထိရောက်စွာ တဖန်ပြန်လည် ရရှိနိုင်ပါလိမ့်မယ်။

ဒီနည်းအတွက် လိုအပ်တာတွေကတော့

၁။ ဖယောင်းတိုင်ဖြူနှစ်တိုင်ရယ်

၂။ ဖယောင်းတိုင် ထည့်ထွန်းဖို့ အောက်ခံခွက်နှစ်ခုရယ်

၃။ ငွေရောင်ကြိုးတစ်စရယ်

၄။ သင်နဲ့ သင့်ချစ်သူရဲ့ ဓာတ်ပုံတွေရယ် . . . ပါပဲ။

ဒီနည်းကို သောကြာနေ့ ညနေမှာ စတင်ရမှာဖြစ်ပါတယ်။

လပြည့်နေ့ သောကြာညနေဆို ပိုကောင်းပါတယ်။

ဒါမှမဟုတ်လဲ လပြည့်နေ့နားအနီးဆုံး သောကြာတစ်ရက်မှာစီရင်ပေ

လေငြိမ်ပြီး ဖယောင်းတိုင်မီး ငြိမ်ငြိမ်သက်သက်ထွန်းလင်းတောက်

နိုင်မယ့် ဘယ်လိုနေရာမျိုးမှာမဆို ဒီအစီရင်ကို လုပ်ဆောင်လို့ရပါတယ်။ စတင်လု

ဆောင်စဉ်မှာတော့ သင်ဟာ ရေမိုးချိုးသန့်စင်ထားပြီး သန့်ပြန့်သော အဝတ်တ

တွေကို ဝတ်ဆင်ထားရမယ်။



အောက်ကပုံမှာ ပြထားတဲ့အတိုင်းပါပဲ။

ဖယောင်းတစ်တိုင်ရဲ့နောက်မှာ သင့်ပုံ၊ နောက်တစ်တိုင်နောက်မှာတော့ သင့်ချစ်သူပုံကို ထားပြီး ဖယောင်းတိုင်နှစ်တိုင်ကို အောက်ခြေပိုင်းမှာ ငွေကြိုးကလေးနဲ့ ချည်သွယ်တန်းရမှာဖြစ်ပါတယ်။

ဒီနေရာမှာ ဖယောင်းတိုင် နှစ်တိုင်ကို ထားရှိရမယ့် အကွာအဝေးအရေး ကြီးပါတယ်။ ငွေကြိုးလေးကို စူပတ်လောက်ပတ်လိုက်တဲ့အခါ ဖယောင်းတိုင် နှစ်တိုင် ထိသွားစေမယ့်အကွာအဝေးမျိုးမှာ ထားပါ။

ပုံမှာပြထားတဲ့ ဖယောင်းတိုင်ရဲ့ လုံးပတ်အရတော့ တစ်တိုင်နဲ့တစ်တိုင် ဥလက်မလောက် အကွာအဝေးမှာ ထားတာက အဆင်ပြေပါတယ်။

ဒီနောက် ဖယောင်းတိုင်ကို မီးထွန်းညှိလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် ဟောဒီ စာသားကို သုံးကြိမ်တိတိ ဖြည်းညင်းပီသစွာ ရွတ်ဆိုပါ။

ဒီဖယောင်းတိုင်က သူ့အတွက်၊
ဒီဖယောင်းတိုင်က ငါ့အတွက်၊
ဖယောင်းတိုင်လေးတွေ ထိတွေ့တဲ့အခါ
ငါတို့ချင်းပြန်လည်ပေါင်းစည်းကြမှာ
အချစ်မေတ္တာတွေ ပြန်လည်နိုးကြား
မီးတောက်ကလေးလဲ ပြန်တောက်ပစေသား။
(သင့်ချစ်သူနာမည်) ငါနင့်ကို ခေါ်နေတယ်။

အင်္ဂလိပ်လို ရွတ်မယ့်သူတွေအတွက်တော့ ဟောဒီလို ရွတ်ဆိုနိုင်ပါတယ်။

This candle for him/her,
This candle for me,
When they touch,
Reunited we'll be,
Rekindle the love,
Redindle the flame_ .
(insert yout lover's name), I call your name.

ဒီလိုသုံးကြိမ်ရွတ်ပြီးတာနဲ့ သင့်ချစ်သူပုံရှေ့က ဖယောင်းတိုင်ကို တစ်ပတ်ညင်သာစွာ ပတ်ရွှေ့လိုက်ပါ။ ငွေကြိုးလေးက အဲဒီဖယောင်းတိုင်ကို တစ်ပတ် ပတ်ရစ်သွားပြီပေါ့။



ဒီလိုပါပဲ သင့်ချစ်သူအပေါ်ချည်နှောင်ထားတဲ့ မမြင်ရတဲ့ကြိုးလေးဟာ လည်း သူ့နှလုံးသားမှာ တစ်ပတ်တင်းသွားပြီး သင့်ဆီသူ ပိုနီးကပ်လာပြီလို့ အာရုံမှာ မြင်ယောင်ထားရပါမယ်။

ဒီလိုမြင်ယောင်ပုံဖော်ပြီး ခဏလောက်နေတဲ့အခါ ဖယောင်းတိုင်မီးကို ငြိမ်းသက်လို့ရပါတယ်။ လေနဲ့ မှုတ်မငြိမ်းပါနဲ့။ လက်ကလေးနဲ့ မီးညှပ်နဲ့ကို ညင်ညင်သာသာကိုင်ပြီး ငြိမ်းလိုက်ပါ။

အဲဒီအတိုင်း ...

နောက်ထပ် ရက်တိတိ ဆက်လက်လုပ်ဆောင်ရမှာဖြစ်ပါတယ်။

(ဒါကြောင့် အစီရင်ဟာ စုစုပေါင်း ၉ရက်တိတိဖြစ်ပါတယ်)

လိုအပ်တာက ၉ရက်မပြည့်မချင်း သင်အစီရင်လုပ်ထားတဲ့ဖယောင်းတိုင်တွေ လဲပြိုသွားခြင်း မရှိစေဖို့ပါပဲ။

တစ်ရက်ကို သုံးကြိမ်ရွတ်ဆိုပြီးတိုင်း ဖယောင်းတိုင်တစ်ပတ်ကျ ပတ်ရစ်လာတဲ့အခါ နောက်ဆုံး ၉ရက်မြောက်နေ့မှာ ဖယောင်းတိုင်လေးနှစ်တိုင်ဟာ ထိသွားရပါမယ်။ ဒါကြောင့်လဲ နဂိုကတည်းက ဖယောင်းတိုင်၉ပတ်စာလောက်အကွာအဝေးနဲ့ ငွေကြိုးလေးကို သွယ်တန်းထားတာဖြစ်ပါတယ်။

၉ရက်တာလုံး ဒီအစီရင်ကို အောင်မြင်စွာအကောင်ထည်ဖော်ပြီးတဲ့နောက်မှာစီရင်ခဲ့သမျှပစ္စည်းတွေကို လုံခြုံစွာ သိမ်းဆည်းထားလိုက်ပါ။ ပြီးတော့ သင့်ချစ်သူသင့်ရင်ခွင်ထဲ မကြာခင်ပြန်ရောက်လာတော့မှာကိုလဲ မျှော်လင့်ယုံကြည်နေပါလို့ ဒီအစီရင်က ဆိုပါတယ်။

www.burmeseclassic.com



"ဒီတစ်ကြိမ်ပေးမယ့် လှျောက်လဲချက်ကိုတော့ ချစ်သူရွေးနည်းလို့ နာမည်ပေးထားပါတယ်"

လူငယ်လေးက ယင်းသို့ပြောလိုက်လျှင်ပင် နားထောင်နေကြသူ ပရိသတ်အပေါင်းလှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

"ဒီတစ်ခါ လှျောက်လဲချက်ဟာ အချစ်ရဲ့ သဘောကိုသာမက ချစ်သူရွေးတဲ့အခါ ထားရှိရမယ့် စိတ်သဘောထားကိုလည်း အကောင်းဆုံးညွှန်ပြပေးနေတယ်"

လူငယ်လေး ထိုသို့ထပ်ပြောလိုက်သည့်အခါမှာတော့ ပရိသတ်မှာ ဘယ်လိုမှ တည်တည်ငြိမ်ငြိမ်ဆက်လက်မနေထိုင်နိုင်တော့ပါချေ။

"ပြောပါတော့ဗျို့"

ဟု အော်သူတို့ကအော်၏။

"နားထောင်ချင်လှပြီ"

ဟု ရင်ဖွင့်သူတို့ကလည်း ရှိသည်။

သူ့အဖြစ်က အသက်ဘေးမှလွတ်ရင် လှျောက်လဲချက်ပေးနေသည်နှင့် မတူ။ ဟောပြောပွဲတစ်ခု၊ ကြည့်ချင်ပွဲတစ်ခုကို လာရောက်အားပေးခံနေရသည်နှင့် တဖြည်းဖြည်းပိုတူလာလေတော့သည်။



# ချစ်သူရွေးနည်း

အနာဂတ်ကာလရဲ့ ဒေသတစ်ခုမှာပါ။

အဲဒီခေတ်မှာ မိမိအိမ်ထောင်ဘက်ကို စိတ်ကြိုက်ရွေးချယ်ယူနိုင်ဖို့ရာ ကုန်တိုက်ကြီးတွေ ရှိသတဲ့။

ယောက်ျားလေးတွေအတွက် မိန်းကလေး အိမ်ထောင်ဘက်တွေ ရောင်းချပေးတဲ့ကုန်တိုက်ရှိသလို မိန်းကလေးတွေ အတွက်လည်း ယောက်ျားလေးအိမ်ထောင်ဘက်တွေ ရောင်းချပေးတဲ့ ကုန်တိုက်တွေ ရှိတာပေါ့။

တစ်နေ့သားမှာ ...

ဒီလို ကုန်တိုက်ကြီးတစ်ခုရဲ့အရှေ့ကို အမျိုးသမီး တစ်ယောက် ရောက်လာတယ်။

သက်လတ်ပိုင်းအရွယ်။

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်တာနဲ့ အိမ်ထောင်ဘက်မရှိသေးတဲ့ အပျိုကြီးမှန်း သိသာနိုင်တဲ့ ရုပ်သွင်မျိုး။ သူရောက်လာတာကလည်း မိန်းကလေးတွေ အတွက် ယောကျ်ားလေးအိမ်ထောင်ဘက်တွေ ရောင်းချပေးနေတဲ့ ကုန်တိုက်ကြီးဆီလေ။

ရှက်ရှက်ရွံ့ရွံ့ ခပ်တွန့်တွန့်နဲ့ပဲ ကုန်တိုက်ထဲ သူဝင်ရောက်လာ ခဲ့လိုက်တယ်။ မျက်နှာကလည်း နီမြန်းလို့။ ခုအချိန်မှာ တစ်ယောက် ယောက်ကသာ သူ့ကို လှောင်သလိုလို အကြည့်လေးတစ်ချက် လောက်များ ကြည့်မိရင် ချက်ချင်း လှည့်ပြေးမလားပါပဲ။

ဒါပေမဲ့ ကံကောင်းတာက ကုန်တိုက်ထဲမှာ လူတစ်စုံတစ် ယောက်မှ ရှိမနေပါဘူး။

အမှန်တော့ ရောင်းသူ တစ်စုံတစ်ယောက်မှ ရှိမနေဘူးလို့ပြော ရင် ပိုမှန်လိမ့်မယ်။ အနာဂတ်ခေတ်မို့ အဆင်မြင့်စောင့်ကြည့်ရေး စနစ်တွေ တပ်ဆင်ထားမှာပေါ့လေ။ ကုန်တိုက်ရဲ့ အတွင်းပိုင်းမှာတော့ ရောင်းကုန်အဖြစ်ရှိနေတဲ့ ခင်ပွန်းလောင်းလေးတွေက စီတန်းလို့။

အဲ့ဒီအတွင်းဘက်ကို ဝင်မယ်အလုပ်မှာ ဝင်ပေါက်အပေါ်က ဆိုင်းဘုတ်တစ်ခုကို သူ သတိပြုမိသွားခဲ့တယ်။

**'ခပ်ပိန်းပိန်းအလွှာ'** ဆိုပဲ။

တစ်ဆက်တည်း အဝင်တံခါးမဘေးဘက်နားမှာ ထားပေး ထားတဲ့ လက်ကမ်းကြော်ငြာထည့် စင့်ကလေးတစ်ခုကို သွား သတိ



ထားလိုက်မိတယ်။

အလျှဉ်းသင့်ရာတစ်စောင်ကို ဆွဲယူဖတ်ကြည့်လိုက်တော့ ဟောဒီလို ရေးထားတာတွေ့တယ်။

ဒီကုန်တိုက်ဟာ ... အမျိုးသမီးတွေအတွက်
မိမိအိမ်ထောင်ဘက်ကို လွတ်လပ်စွာရွေးချယ်ဖို့ရာ ဖွင့်လှစ်ထားတဲ့
ကုန်တိုက်ဖြစ်တယ်။
အိမ်ထောင်မရှိသေးတဲ့ ဘယ်သူမဆို ဝယ်ယူနိုင်ပါတယ်။
ဒါပေမဲ့ ဒီကုန်တိုက်က ဝယ်ယူသွားတဲ့ ခင်ပွန်းလောင်းကို
အိမ်ထောင်ဘက်အဖြစ် သာချစ်ကြည်ပေါင်းသင်းရမှာ ဖြစ်တယ်။
ဒီကုန်တိုက်မှာ မြေညီထပ်အပါအဝင် အထပ်ပေါင်းငါးထပ်ရှိတယ်။
တစ်ထပ်မှာ မကြိုက်ရင် နောက်တစ်ထပ်ကို ဆက်တက်သွားလို့
ရပါတယ်။
နှစ်သက်ရာကို ရွေးချယ်ဝယ်ယူပါ။
ဒါပေမဲ့ အပေါ်တစ်ထပ်တက်ပြီးရင် အောက်တစ်ထပ်ကို ပြန်ဆင်းလို့
မရဘူး။
ကုန်တိုက်ထဲက ထွက်သွားပြီးနောက်မှာလဲ
ဒီကုန်တိုက်ဆီ ပြန်ဝင်လို့ မရဘူး။
လူတစ်ယောက်ဟာ တစ်ကြိမ်သာ ဒီကုန်တိုက်ဆီ ဝင်ခွင့်ရှိပါတယ်။
အဲဒါဟာ ဒီကုန်တိုက်ရဲ့ စည်းကမ်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို … လက်ကမ်းစာစောင်မှာပါတဲ့

စည်းကမ်းချက်တွေ ဖတ်ပြီးတော့ ခင်ပွန်းလောင်းဝယ်ဖို့လာသူ အပျိုကြီးက နှာခေါင်းရှုံ့တယ်။

“ဘယ်လိုကြီးလဲ၊ ကြီးကျယ်လိုက်တာ”

… ပေါ့လေ။ ဒါပေမဲ့ ဒီမြို့မှာကလည်း ဒီလိုကုန်တိုက်ဆိုလို့ ဒီတစ်ခုသာရှိလေတော့ သူဂျီးများနေချင်လို့ မရဘူးပေါ့။

ဒီတော့ နှုတ်ခမ်းတွန့်လျက်သား မချိုမချဉ်မျက်နှာပေးနဲ့ပဲ ကုန်တိုက်ရဲ့ မြေညီထပ်အလွှာထဲ ဝင်လာခဲ့လိုက်တော့တယ်။



အထဲမှာတော့

ခင်ပွန်းလောင်းလေးတွေက ဟန်း ကိုစီလို့။

ဝင်လာသူကိုတောင် သေချာမကြည့်။ မျက်လွှာကိုယ်စီချထားကြတယ်။ လူစင်စစ်ထက် စက်ရုပ်ကလေးတွေနဲ့ ပိုတူနေ သလိုပဲ။ သူ့ကို ခင်ပွန်းလောင်းအဖြစ် ရွေးချယ်လိုက်ပါမှသာ သက်ဝင်လှုပ်ရှားလာမယ့် သဘောပေါ့။

ရောင်းကုန်ဖြစ်တာနဲ့အညီ ဘေးမှာ ဈေးနှုန်းနဲ့အတူ အရည်အသွေးတွေကိုလည်း စာရင်းစာရွက်ကလေးနဲ့ ချိတ်ထားပေးတယ်။ ဆေးရုံတွေက လူနာခုတင်ဘေးမှာ လူနာရဲ့ အချက်အလက်တွေ ချိတ်သလိုမျိုး။

အယောက်တိုင်းရဲ့ နံဘေးမှာ သူ့ဆိုင်ရာအချက်အလက် တွေရှိကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဈေးဝယ်လာသူ အပျိုကြီးက တစ်ယောက်ချင်းကို အ‌ေ အချာ ကြည့်တယ်။ ကြည့်လိုက်တိုင်းလည်း သူ့မျက်နှာက ရှုံ့မဲ့သွားတ ပဲ။

"ရုပ်ရည်ကလဲ မသားနား။ ကိုယ်လုံးကိုယ်ထည်ကြည့်ပြ တော့ မကျေလောက်စရာမရှိ။ ပိန်ပိန်လည်းရှိ၊ ဝဝ လည်းပါ ပုတာက ပု၊ ရှည်လွန်းတာက ရှည်။ တစ်ချို့ကလည်း လက်ပြင်က ကုန်းနေလိုက်သေး။ တစ်ချို့ကျတော့ မျက်စိက စွေစွေ ... ငါဘယ်လိုများရွေးရပါမလဲနော်"

အဲဒီအပျိုကြီးစိတ်ညစ်မယ်ဆိုလည်း ညစ်လောက်စရာပါပဲ ပြထားတဲ့ ခင်ပွန်းလောင်းတွေက တကယ့်ကို ပါမလုံ (ပုံ မလာ)တာ

"ဟင် ဒီတစ်ယောက်ကျတော့လဲ မဲလိုက်တာ"

"အား ဒီတစ်ယောက်က မျက်နှာမှာ ကျောက်ပေါက်မာ တွေနဲ့ ပါလား"

ဒီလိုနဲ့ ရှေ့ကို ဆက်လျှောက်သွားတယ်။

ရုပ်ရည်မဆိုးလှသူ တစ်ယောက်စ နှစ်ယောက်စကို တွေ့ တယ်။ စိတ်နည်းနည်း ဝင်စားလာတာနဲ့ နံဘေးမှာ ချိတ်ထားတဲ့ မိန့်းကတ်ကလေးကို ယူကြည့်လိုက်တော့ ...

"ဟင် အရည်အချင်းက သုညဆိုပါလား၊ ဘာလုပ်ရမလဲ ဒီငပိန်းကို"



အဲဒီလို ပါးစပ်က ပြောမိလိုက်ချင်းမှာပဲ တစ်ခုသွားသတိရ မိလိုက်တယ်။

ဟုတ်သားပဲ။ ဒီအလွှာရဲ့ နာမည်ကိုက ခပ်ပိန်းပိန်း အလွှာလို့ ပေးထားတာပဲ။ ဒီအလွှာမှာရှိတဲ့သူ အားလုံးဟာ ရုပ်ရည်အားဖြင့် ဒါမှမဟုတ် အရည်အချင်းအားဖြင့် ခပ်ပိန်းပိန်းတွေပဲ ဖြစ်တော့မှာပေါ့။

"မဖြစ်ဘူး မဖြစ်ဘူး၊ ငါ အပေါ်ထပ်အလွှာကို တက်မှပါ ပဲ"

သူလျှောက်လာတာကလဲ မြေညီထပ်(ခပ်ပိန်းပိန်းအလွှာ) ရဲ့ နောက်ဆုံးကို ရောက်နေပါပြီ။

ရှေ့မှာ အပေါ်တစ်ထပ်ဆီတက်တဲ့ လှေကားကိုတွေ့ရတယ်။ အမောတကော ခပ်လောလော စိတ်နဲ့ပဲ သူ အပေါ်ထပ်ဆီ တက်လိုက် တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအလွှာမှာတော့ …

**'ရွှက်ကြမ်းရေကျိုအလွှာ'** ဆိုတဲ့ ဆိုင်းဘုတ်ကြီးက ဆီးကြိုနေတယ်။ တစ်ဆက်တည်း အဲဒီအလွှာရဲ့ ဝင်ပေါက် နံဘေးမှာ ကြေငြာသင်ပုန်းကြီးတစ်ခုကိုလည်း တွေ့လိုက်ရတယ်။

ရွှက်ကြမ်းရေကျို အလွှာမှ ကြိုဆိုပါတယ်။

သင်ဟာ ဒီအလွှာကို ရောက်လာတဲ့အတွက် ရေစပ်ပြီသွားသူ

ဘဝကို သပိန်းပိန်းအသင့်လောက်နဲ့ မပြတ်သနားခွင့်ဘွဲ့မှု ပေးပြုလိုက်ကြပါပြီ။

မှန်ကန်တဲ့ ရွေးချယ်မှုပဲ ဖြစ်ပါတယ်။

ဒီမှာပေါင်းဘက်ရွေးတယ်ဆိုတာ

တွေ့ရာ ကောက်ယူလို့ သင့်တော်မှာဟုတ်ပါဘူး။

စားစားရမယ်၊ ပိုင်ပြတ်ရမယ်၊ ရေရှည်မှာ ကိုယ်နဲ့ ဖြစ်မဖြစ်

ကိုယ်လက်ကော တကယ်နှစ်သက်နိုင်မှ ရှိမှာ …

ဒါတွေအားလုံးကို ချင့်ချိန်ရပါမယ်။

ဒီအလွှာမှာ သင့်စိတ်ကြိုက်ဆက်လက်ရွေးချယ်နိုင်ပါတယ်။

ဈေးဝယ်လာသူ အပျိုကြီးက ကိုယ့်ရင်ဘတ်ကိုယ် လက်နဲ့ဖိလိုက်တယ်။

"တော်သေးတာပေါ့၊ ငါ ဆုံးဖြတ်ချက်မှန်ပေလို့၊ ငါဆိုတဲ့ ငါကလည်း ခပ်ပိန်းပိန်းလောက်တော့ ဘယ်တော့မှ ရွေးချယ်မယ့်သူ မဟုတ်ဘူးလေ"



ဒီလို ပြောပြောဆိုဆိုနဲ့ပဲ ရွှက်ကြမ်းရေကျိုအလွှာရဲ့ အတွင်းသို့ ဝင်ရောက်လိုက်တော့တယ်။

အထဲမှာက ခုန အလွှာထက်တောင် ခင်ပွန်းလောင်းတွေပြ ထားတာ များသေးတယ်။

ရုပ်ရည်တွေလည်းမဆိုးကြဘူး။ လက်သင့်ခံနိုင်လောက်စရာပဲ။

အရည်အချင်းတွေ ကြည့်လိုက်တော့လဲ သိပ်မနိမ့်လှ။

ဒါပေမဲ့ …

ဈေးဝယ်လာသူ အပျိုကြီးက ခေါင်းကို ငြင်ငြင်သာသာခါလိုက်တယ်။

"ဒီအလွှာကလည်း တကယ့်ကို နာမည်နဲ့လိုက်အောင် ရွှက်ကြမ်း ရေကျိုတွေချည်းပါလားလေ"

ရှေ့ကို သူ ဆက်လျှောက်တယ်။

နောက်ထပ် ရွေးချယ်စရာ အများကြီးကို တွေ့တယ်။ တွေ့ညီတာက အကုန် ရွှက်ကြမ်းရေကျိုတွေ ချည်းပဲ။

ဒီတစ်ခါတော့ အပျိုကြီးက နည်းနည်းပဲများနေပြီ။

"ဟင်း၊ ရွှက်ကြမ်းရေကျိုတွေချည်းပဲဟာ ဘာထူးပြီးမှာလဲ၊ တော်ပြီတော်ပြီ အပေါ်ထပ်ကိုပဲ ငါထပ်တက်တာ ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ရောက်တော့ ...

**'တစ်ခြမ်းပဲ့အလွှာ'** ဆိုတဲ့ ဆိုင်းဘုတ်ကို မြင်ရတယ်။ ဘာများလဲပေါ့။ နာမည်က ဆန်းနေတယ်။ အရင်လွှာတွေ တုန်းကလို နာမည်တွေရုံနဲ့ ဘယ်လိုအစားတွေ ရှိမယ်ဆိုတာ တန်းသိနိုင်တဲ့ အလွှာမျိုး မဟုတ်ဘူး။

အဲဒီအလွှာရဲ့ဝင်ပေါက် တံခါးမဘေးမှာလည်း ကြော်ငြာသင်ပုန်းတစ်ခု ရှိနေတယ်။

တစ်ခြမ်းပဲ့ အလွှာမှ ကြိုဆိုပါတယ်။

ဒီအလွှာကို သင် ရောက်လာတဲ့အတွက်

သင်ဟာ သာမာန်ထက်မကသူတစ်ယောက်မှန်း ဖော်ပြနေပါပြီ။

တော်ရုံရောရုံလောက်နဲ့ မရောက်နိုင်ပဲ

ပိုကဲ သာလွန်မှုကို ရှာဖွေလိုသူတစ်ယောက်ပေါ့။

ဒီလို စိတ်နေမြင့်သူဖြစ်လို့ ချီးကျူးရပါတယ်။

ကိုယ်မတောင်မှ ဘုရားတည် အေးမင်ရည်ခွတ်လိုး

ဆိုတဲ့ ရှေးလုံးနဲ့လည်း သင့်လုပ်ရပ်က ညီပါတယ်။

နောက်ပြင်နိုင်ခဲ့တဲ့ကိစ္စကို သေချာ စိစစ်ရွေးချယ်တာ ကောင်းပါတယ်။

ဒီအလွှာမှာ စိတ်ကြိုက်တွေ့ပါစေလို့ ဆုတောင်းပါတယ်။



ဒီအလွှာမှာက ရောင်းကုန်ခင်းပွန်းလောင်းတွေကို နှစ်ခြမ်းခွဲခြမ်းထားတာ တွေ့တယ်။

တစ်ခြမ်းက လူတွေက ရုပ်ချောတယ်။ တစ်ဘက်ခြမ်းက လူတွေကတော့ သိပ်မချောကြဘူး။ မချောဘူးဆိုပေမယ့် ဟိုးအောက်ဆုံးက ခပ်ပိန်းပိန်းအလွှာမှာလို ဂျိုကျိုး နားရွက်ပဲ့တွေတော့ မဟုတ်ဘူးပေါ့။ မဆိုးဘူးလို့တော့ ပြောနိုင်ပါသေးတယ်။

ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုတော့ အလှမက်တာနဲ့အညီ ဈေးဝယ်လာသူ အပျိုကြီးဟာ ရုပ်ခပ်ချောချော ခင်ပွန်းလောင်း တွေရှိရာဆီ ချဉ်းကပ်သွားလိုက်တယ်။

အနားကပ်မိလေလေ သူ့ရင်တွေ အခုန်မြန်လေပါပဲ။

ဒီမှာရှိနေတဲ့ ခင်ပွန်းလောင်းတွေက တကယ့်ကို ရုပ်ချောကာ။ ပုံစံကိုက ဟောလီးဝုဒ်မင်းသားလိုလို၊ ဘောလီဝုဒ်မင်းသားလိုလို၊ ကိုရီးယားက ရိန်းတို့ ထယ်စောက်တို့လောက်တော့ အသာလေး။

မျက်လွှာလေးတွေ ချထားတာတောင်မှ အသွင်အပြင်က ဆွဲဆောင်မှုရှိလွှန်းနေတယ်။ ရင်တွေတခုန်ခုန် တုန်တုန်ယင်ယင်နဲ့ပဲ တော်တော်ချောတဲ့ တစ်ယောက်ရဲ့ နံဘေးက မီနူးစာရွက်ကို လှမ်းယူကြည့်ရှုလိုက်တယ်။

"ဟင်"

ချက်ချင်းပဲ ခုနက ပီတိပြုံးနဲ့ ဝင်းပနေတဲ့ သူ့မျက်နှာထားဟာ

www.burmeseclassic.com

www.burmeseclassic.com



မဲ့သလိုလေးဖြစ်သွားတော့တယ်။

အရည်အချင်းက သုည ဖြစ်နေတာကိုး။

"ဩော်၊ ဒါကြောင့် တစ်ခြမ်းပဲ့အလှလို့ ခေါ်တာကိုး"

ချက်ချင်းပဲ အဓိပ္ပါယ်ကို သူနားလည်လိုက်တယ်။

ဒီအလှမှာရှိတဲ့ ခင်ပွန်းလောင်းတွေဟာ ရုပ်ချောရင်၊ အရည်အချင်းမရှိ၊ အရည်ချင်းရှိပြန်တော့ ရုပ်မချော ... ဒါမျိုးတွေချည်း ဖြစ်မှာပဲ လို့ သူတွေးလိုက်မိတယ်။

ရှေ့ဆက်လျှောက်သွားပြန်တော့ သူတွေ့လိုက်ရတာတွေက အဲဒီအချက်ကို သက်သေခံနေသလိုပါပဲ။

ဒါပေမဲ့ ...

တစ်နေရာအရောက်မှာတော့ ရုပ်သိပ်မဆိုးလှတဲ့ ခင်ပွန်းလောင်း တစ်ဦးကို သွားတွေ့တယ်။

မီနူးကဒ်ကလေး လှန်ကြည့်တော့လည်း အရည်အချင်းက မဆိုးလှဘူး။

ဘယ်နှယ့်ပါလိမ့်လို့ သူတွေးမိတုန်းမှာပဲ မီးနူးကတ်ပေါ်မှာ ကြယ်ပွင့်ပြထားတဲ့ မှတ်ချက်ကို သွားသတိထားလိုက်မိတယ်။

ရောဂါမျိုး ၉၆ပါးတွင် ၉၅ပါးခန့်ရှိသည် ... တဲ့။

ဒုက္ခ!

ဒါမျိုးတော့ ဘယ်ဖြစ်မလဲ။ သူယူမိလို့ကတော့ တစ်သက်



လုံး ပြုစုနေရတော့မှာပဲ။ အလကား ... ဂိလာန၊ သွားရော့ လဟယ်။

နောက်တစ်ယောက်ဆက်ကြည့်ပြန်တော့ မှတ်ချက်တစ်ခုတွေ့ ပြန်တယ်။

ခိုးလိုစိတ်ရှိ စိတ်ဝေဒနာရှိသည်တဲ့။

အမယ်လေး သူခိုးမယားဖြစ်မယ့် အပေါက်ပါလား

မဖြစ်ဘူး။ မဖြစ်ဘူး။

ခေါင်းတစ်ခါခါ လည်တစ်ခါခါနဲ့ပဲ အပျိုကြီးမှာ ဆက် မကြည့်ချင်တော့ဘူး။

"ဒီအလှက လူတွေဟာ တကယ်ပဲ တစ်ခြမ်းပဲ့တွေချည်းပါ လား ရုပ်ရည်သားနားလှန်းပြန်တော့ အရည်အချင်းက သုည၊ ရုပ်ရော အရည်အချင်းရောက လက်ခံနိုင်လောက်စရာရှိတယ် ဆိုပြန်တော့ ဘယ်လိုမှ အဆင်မပြေနိုင်လောက်တဲ့ ပြစ်ချက် ကြီးက ရှိနေပြန်တယ်၊ မဖြစ်ဘူး မဖြစ်ဘူး ငါ အပေါ်ထပ်ကို တက်ဦးမှပါပဲ"

ဒီလိုနဲ့ ...

နောက်တစ်ထပ် သူတက်ခဲ့ရပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအလွှာမှာ ချိတ်ထားတဲ့ ခေါင်းစဉ်ကတော့ ...

**'အပြစ်မလွတ်အလွှာ'** ဆိုပဲ။ ဒီနာမည်ကလည်း နည်းနည်းစဉ်းစားရခက်နေပြန်တယ်။

ဝင်ပေါက်ဘေးက ထုံးစံအတိုင်းရှိနေတဲ့ ကြေငြာဆိုင်းဘုတ်မှာတော့ အခုလိုမျိုး ရေးထားတယ်။

အပြစ်မလွတ် အလွှာကို သင်ရောက်လာတာဖြစ်ပါတယ်။

ကျွန်တော်များ အလွှာမှ ကြိုဆိုပါတယ်။

ဒီအလွှာထဲ တက်လှမ်းလာတာကို ကြည့်ခြင်းအားဖြင့်

သင်ဟာ ...

အကောင်းကိုမှ လိုလားရွေးချယ်တတ်သူဖြစ်မှန်း သိသာနေပါပြီ။

စကားပုံတစ်ခုရှိပါတယ်။

အကောင်းဟာ အကောင်းဆုံးရဲ့ ရန်သူဖြစ်သွားတတ်တယ်တဲ့။

အောက်က အလွှာတွေမှာ သင် ရောင့်ရဲမနေပဲ

ဒီအလွှာထဲ ရောက်ရှိလာခဲ့တာဟာ

သင့်အတွက် အကောင်းဆုံးနဲ့ နီးကပ်လာခြင်းပါ။

ဒီအလွှာမှာတော့ သင့်စိတ်ကြိုက်ကို ရှာဖွေတွေ့ရှိလိမ့်မယ်လို့

ယုံကြည်မိပါတယ်။



စာတွေကို ဖတ်ကြည့်ပြီးတာနဲ့ အပျိုကြီးမျက်နှာမှာ ပီတိနဲ့ ဝင်းဝသွားတယ်။

"တော်လိုက်တဲ့ငါ၊ ကြည့်စမ်း..အောက်ကဟာတွေဆီမှာသာ စိတ်လျှော့လိုက်လို့ကတော့ ငါ ဒီလို အကောင်းနေရာဆီ ရောက်လာမှာ မဟုတ်ဘူး၊ ငါမှန်သွားပြီ"

တဆက်တည်း သွက်လက်တဲ့ ခြေလှမ်းတွေနဲ့ အတွင်းဘက်ထဲ ဝင်ရောက်လာခဲ့လိုက်တော့တယ်။

'ဝါး' ကနဲ သူအော်လိုက်မိတော့မတတ်ပါပဲ။

အထဲမှာရှိနေတဲ့ ခင်ပွန်းလောင်းတွေက သိပ်လန်းနေတယ်။ ရုပ်ရည်ကလဲ အပုံစား။ မီနူးကဒ်ကလေးတွေ ကြည့်လိုက်တော့ အရည်အချင်း တွေကလည်း ပြောစရာမလို။

တစ်ချို့ကတော့ ရုပ်ရည်သိပ်မချောလှဘူး။ ဒါပေမဲ့ လက်ခံနိုင်လောက်စရာတော့ရှိတယ်။ အဲဒီလိုလူမျိုးမှာကျတော့ အရည်အချင်းက ပွတ်ရှယ်ဖြစ်နေတယ်။

"အိုကေပြီ၊ အိုကေပြီ၊ ငါတော့ စိတ်ကြိုက်တွေ့ပြီ"

အားရကျေနပ်တဲ့ စကားကို ပါးစပ်ကနေတောင် ခပ်တိုးတိုး ရေရွတ်လိုက်မိတယ်။

ရွေးချင်စရာချည်းမို့ ဟိုဒီ ဝဲလည်ကြည့်ရင်း မူးမတတ်တောင် ဖြစ်သွားရတယ်။ ခက်တာကလဲ အိမ်ထောင်ဘက်က တစ်ယောက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ရွေးလို့ရမှာ မဟုတ်လား။

"သေချာကြည့်ပြီး အကောင်းဆုံးကို ရှာရမယ်"

လို့ တီးတိုးရေရွတ်တယ်။

"ဒါနဲ့များဘာလို့ ဒီအလွှာကို အပြစ်မလွတ်အလွှာလို့ နာမည်

ပေးထားရပါလိမ့်နော်"

လို့လည်း တွေးမရဖြစ်သွားမိတယ်။

ဒါပေမဲ့ ...

သူ့စကားမဆုံးခင်မှာပဲ မျက်လုံးအကြည့်က တစ်နေရာဆီ ရောက်သွားရတယ်။ မီးနူးကဒ်မှာ မှတ်ချက်တစ်ခုရှိနေပါလား။ ဟို အောက်က တခြမ်းပဲ့အလွှာမှာလို မင်နီနဲ့ ရေးထားတာတော့ မဟုတ်ဘူး။ ကြယ်ပွင့်လည်း ပြမထားဘူး။ ဒါပေမဲ့ မှတ်ချက်ဆိုတာတော့ ကျိန်းသေပါတယ်။

အနားတိုးပြီး သူမြင်လိုက်တဲ့ မှတ်ချက်ကို သေချာဖတ်လိုက်တယ်။

"စိတ်အလိုမကျလျှင် ပူညံ ပူညံလုပ်တတ်သည်"

တဲ့။ ဟင် ယောက်ျားတန်မဲ့ နားပူမယ့်သူကြီးပါလား။

နောက်တစ်ယောက်ဆီ လှမ်းလိုက်မိတော့ သူ့မှာလည်း မှတ်ချက် ပါတာပါပဲ။

"အင်မတန် အလှအပမက်သည်"



တဲ့။ ဘယ်နှယ့် ယောက်ျားကြီးဖြစ်ရက် အလှမက်နေရတယ်လို့။

နောက်တစ်ယောက်ဆီ ရွှေ့ပြန်တယ်။ ဒီလူမှာလည်း မှတ်ချက်ကလေးတော့ ရှိနေပြန်တယ်။

"သြော် ... ဒါကြောင့် အပြစ်မလွတ်အလွှာလို့ နာမည်ပေး

ထားတာကိုး"

သေသေချာချာ စေ့စေ့စပ်စပ်ကြည့်တော့မှ

ဒီအလွှာမှာ ရှိသမျှလူတိုင်းဟာ မှတ်ချက်သေးသေးလေးပဲ ဖြစ်ဖြစ် တစ်ခုခုတော့ ရှိတတ်ကြတာမှန်း နားလည်သွားတယ်။

အယောက်တိုင်းကို ကြည့်တယ်။ အယောက်တိုင်းမှာ အသေးအဖွဲလေးဖြစ်ဖြစ် အပြစ်အနာအဆာတော့ ပါစမြဲ။

ဟူး မလွယ်ပါလား။

အပြစ်ကင်းသူတွေများတွေ့လိမ့်မလား မျှော်လင့်ချက်နဲ့ ရှာရင်း ဒီအလွှာက ခင်ပွန်းလောင်းကုန်သလောက်ရှိသွားတော့တယ်။

ရှေ့ဘက်မှာ ...

ဘွားကနဲ ...

အထက်တက်တဲ့ လှေကားထစ်ကြီးမြင်တော့မှ သူ သတိထားမိလိုက်တယ်။ ဒီအလွှာက မဆိုးလှပေမယ့် ငါ့အတွက် ပြီးပြည်စုံတဲ့ ခင်ပွန်းလောင်းကိုတော့ မတွေ့နိုင်သေးပါလား။ ဘာပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတစ်လွှာကျန်သေးတာပဲ။ တက်ကြည့်ဦးမှပါပဲလေ။

ဒီတစ်ခါ ဒီအလွှာကို စွန့်ခွာလာရတာက သိပ်တော့ စိတ်ရှင်းရှင်း မရှိလှပါဘူး။

ဒီအလွှာက ခင်ပွန်းလောင်းတွေကဘာပဲပြောပြော တော်တော်တော့ ရွေးချင်စရာကောင်းတယ်လေ။ ခက်တာက သူတို့မှာ အပြစ်ကလေးတော့ သေးသေးလေးပဲဖြစ်ဖြစ် ရှိနေကြလို့။

"ဘာပဲဖြစ်ဖြစ် ငါက အကောင်းဆုံးမှ ယူမှာလေ"

ကိုယ့်ကိုယ်ကို အားတင်းရင်း နောက်ဆုံးတင်းနေတာကို ဖြတ်လိုက်တယ်။ အလွှာပေါင်းကို ပြတ်ပြတ်သားသားကျော်ခိုင်း နောက်ဆုံးကျန်တဲ့ အပေါ်ဆုံးအလွှာဆီ တည်တည်ငြိမ်ငြိမ် ခြေလှမ်းတွေနဲ့ပဲ တက်လာခဲ့လိုက်ပါတော့တယ်။



**'စင်းလုံးချောအလွှာ'** ဆိုတဲ့ ဆိုင်းဘုတ်ကို မြင်လိုက်ရချင်းမှာပဲ သူ့ရင်ထဲ ကြည်နူးချမ်းမြေ့သွားရတော့တယ်။

"အိုကော! ငါလိုချင်တာ ဒါပဲ၊ ငါ့ခင်ပွန်းလောင်းဖြစ်မယ့်သူဟာ လုံးဝ စင်းလုံးချောဖြစ်ရမယ်၊ ချို့နည်းနည်းလေးမှကိုအပြစ်အနာအဆာ မပါရဘူး၊ ဒါမှ ငါ့ခင်ပွန်းဖြစ်ဖို့ ထိုက်တန်မှာလေ"

ဒီအလွှာရဲ့ အဝင်ဝမှာက ကြေငြာဆိုင်းဘုတ်မတွေ့ရဘူး။

အို … မရှိလည်း ဘာအရေးလဲလေ ငါနောက်ဆုံး ရွေးချယ်ဖို့နေရာဆီ ရောက်ခဲ့ပြီပဲ။

… လို့ ကိုယ့်ကိုယ်ကို အားတင်းရင်း တံခါးမကြီးကို တွန်းဖွင့်ဝင်လာခဲ့လိုက်ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ …

အထဲမှာ မြင်ရတဲ့ မြင်ကွင်းက

သိပ်အံ့သြစရာကောင်းနေပါတယ်။

ဘာလို့ဆို

တစ်ယောက်မှကို ရှိမနေလို့ပါပဲ။

မှန်ပျောက်သွားတဲ့ ကလေးငယ်တစ်ယောက်လို ဈေးဝယ်လာသူ အပျိုကြီး အော်ဟစ်မြည်တမ်းမိတယ်။

"ဘာဖြစ်တာလဲ၊ ဘာဖြစ်လို့ … စင်းလုံးချောအလွှာမှာ လူတစ်ယောက်မှ မရှိရတာလဲ၊ ငါ့ခင်ပွန်းလောင်းလေး၊ ငါ ရွေးချယ်ချင်တဲ့ စင်းလုံးချောကိုကိုလေး၊ ဘယ်များရောက်သွားရ ပြန်တာလဲ"

ဘယ်လို သူအော်အော် လူရိပ်လူခြေ လူစလူနကောင်မှ တစ်စက်ကလေးမှ မတွေ့ရှိအမှန်ပါ။

ဟင်းလင်းကြီးဖြစ်နေတဲ့ ခန်းမကျယ်ကြီးဟာ တစပြင်လို တိတ်ဆိတ်ခြောက်ကပ်လို့နေတယ်။

အဲဒီ ခန်းမကြီးရဲ့ အလယ်ဗဟိုမှာ ..

သင်ပုန်းကြီးတစ်ချပ်ရှိနေတာကို

သွားသတိထားလိုက်မိတယ်။

ဘာပါလိမ့်? အနားတိုးကပ်သွားတော့ စာတွေရေးထားတာကို တွေ့ရတယ်။



ကျိန်ဆဲသပါတယ်။

သင်ဒီပုံအတိုင်းဆို ဒီတစ်ခါသက်တော့ အပျိုကြီးဖြစ်တော့မှာပါပဲ။

ဒီလောကကြီးမှာနေရတော့

ဘယ်လို စိတ်ထောင်းကာ ရှာလို့ရတော့မလဲ။

လောကမှာ စင်းလုံးချောဆိုတဲ့သူ မရှိဘူး။

ရှိရင်လည်း လောကီရေးရာကို မိတ်မဖွဲ့တတ်တဲ့သူပဲ ဖြစ်ရမယ်။

ချစ်သူရွေးတဲ့အခါမှာ အလိုအပ်ဆုံးလို့ ပုဂ္ဂိုလ်ချင်းတော့

ဘယ်သူမှ ချိန်ရပ်ကြည့်ရမယ်ဆိုတာ သိပ်ပါပဲ။

ဒါ ငါနဲ့ အလိုက်ဖက်ဆုံးပဲလို့ နားလည်လောက်တဲ့အချိန်မှာ

ရတတ်နဲ့ပါ။

ဒီတစ်ကြောင်းတာလေးများရှိဖူးလားဟဲ့လို့

လောဘတကြီး ယမ်ရောင် ရှေ့ဒုက္ခတဲ့ နေ့ကို သဘောထားမိတဲ့

လောဘသားလို ဖြစ်မှာပါပဲ။

လွန်နှစ်အကန့်ရင် ပေါင်ပြီး ရေထဲကျတတ်တယ်။

သစ်ကိုင်းတစ်ခုကတစ်ခု ခုန်ချရင် မျောက်သစ်ကိုင်းလွတ်

ဖြစ်တတ်တယ်။

သင့်လို မျိုးများသူ့အတွက် စိတ်ထောင်းကာတော့ မရနိုင်ဘူး

သောက်ရိုးပဲ

တာ့တာ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မြားပြထားပါတယ်။

အပြင်သို့ တိုက်ရိုက်ဆင်းရန် လှေကားပေါက်တဲ့။

ပြစ်မျိုးမဲ့မထင်လေးမှ လိုချင်မိတဲ့ အပျိုကြီးခမျာ ဘာတစ်ခုမှ မရနိုင်တော့ပဲ နောင်တကြီးစွာ ကုန်တိုက်အပြင်ကို ထွက်လာခဲ့ရပါတော့တယ်။



လျှောက်လဲချက်အဆုံးတွင် လူတော်တော်များများက ရယ်မောမိကြလေသည်။ လက်ခေါက်မှုတ်သံ တရှူးရှူး၊ ဟုတ်တယ်၊ မှန်တယ် ဟု ထောက်ခံသံများလည်း ညံစီသွားလေတော့သည်။

လူငယ်လေးနောက်တစ်ပတ် ဆက်အသက်ရှင်ခွင့်ရသွားပြန်လေပြီ။

ယခုတစ်ကြိမ်မှာတော့ မြို့အရှေ့ဘက်သို့ သူသွားခဲ့လေ၏။

ထိုအရပ်တွင် ရရှိလာသော ဂမ္ဘီရနည်းမှာ . . .

"အသည်းကွဲသူများအတွက် ဂမ္ဘီရနည်း" ဟုခေါ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# အသည်းကွဲသူများအတွက် ဂမ္ဘီရနည်း

အချစ်စစ်တို့ရဲ့လမ်းဟာ မဖြောင့်ဖြူးဘူးလို့ ရှေးက အဆိုစကားတစ်ခု ရှိခဲ့ဘူးပါတယ်။

ဒီနည်းဟာ ဘဝတစ်ကွေ့မှာ နှလုံးသားရေးရာ အခက်အခဲတွေနဲ့ တွေ့ကြုံကြ အသည်းကွဲဝေဒနာခံစားရသူတွေအတွက်ပါ။ ဒီနည်းလမ်းရဲ့ တိုက်ရိုက် အကျိုးသက်ရောက်မှုကတော့ အသည်းကွဲဝေဒနာကို အမြန်ဆုံးသက်သာ ပျောက်ကင်းစေနိုင်တာပါပဲ။

ဒါ့အပြင် အချစ်သစ်ရှင်လည်းတွေ့၊

ဒါမှမဟုတ် အချစ်ဟောင်းနဲ့ အကောင်းတိုင်းပြန်လည်ပေါင်းဖက်ရတာ ပဲဖြစ်စေ ပျော်စရာကောင်းတဲ့နှလုံးသားကံကြမ္မာနဲ့ တွေ့ကြုံရစေနိုင်ပါတယ်တဲ့။

ဒီနည်းကို ပြုလုပ်ဖို့ရာအတွက် ...

၁။ သစ်ကိုင်းခြောက်ငယ်တစ်ခုရယ်

၂။ အပြာရောင်ဖိုးကြိုးတစ်ချောင်းရယ်

၃။ အမွှေးတိုင်တစ်တိုင်

၄။ အပြာရောင်ဖယောင်းတိုင်တစ်တိုင်

၅။ မြေကြီးတွေထည့်ထားတဲ့ အပြာရောင်ခွက်တစ်ခွက်...လိုပါတယ်။

ဒီနည်းကို လပြည့်နေ့မှာ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။



အရင်ဆုံးသစ်ကိုင်းခြောက်လေးကိုယူ အလယ်တည့်တည့်က ချိုးလိုက်ပြီး ဟော့ဒီလို ရွတ်ဆိုပါ။

ဟော့ဒီသစ်ကိုင်းကျိုးလေးနှစ်ခုဟာ ကွဲအက်ကြေကွဲနေတဲ့ငါ့နှလုံးသားကို ကိုယ်စားပြုတယ်။ တစ်ချိန်က အကောင်းတိုင်းရှိခဲ့တဲ့ အရာလေးဟာ အခုတော့ နာကျင်ပြီး ထိခိုက်နေရတယ်။ ငါ့နှလုံးသားကို ပြန်လည် ကုစားဖို့ ရာ အတွက် အချစ်အသစ်ကို တစ်ဖန်ပြန်လည်ရှာဖွေဖို့ရာအတွက် ကာလမှ လုပ်ငန်းစဉ်ကို ငါယခု စတင်ပါတော့မယ်။

BURMESE CLASSIC .com

အင်္ဂလိပ်လို ရွတ်ချင်ရင်တော့ ...

This broken stick represents my broken heart and my sadness. What was once whole and healthy is now hurt and bewildered. I bring my heart to this place at this time so that it may start its journey toward healing and finding true love once more.

ပြီးရင် ဖိုးကြိုးပြာကလေးနဲ့ အဲဒီသစ်ကိုင်းကျိုးကလေးနှစ်ခုကို တင်းတင်းကြပ်ကြပ်ချည်နှောင်ထားလိုက်ပါ။ ဒီနောက် ရွတ်ဆိုရမှာကတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ပျော့ဒီကြိုးစလေးနဲ့ ငါ ကွဲကြေနေမှုကို ချည်နှောင်လိုက်ပြီ။

ဝေဒနာသက်သာစေတဲ့ မန်းမှုတ်စကားတွေကို ငါရွတ်ဆိုနေပြီ

ငါဟာ ငါ့နှလုံးသားရဲ့ ကုသသူဖြစ်တယ်။

ဒီအခုအချိန်မှာပဲ ငါ့ကုသမှု စတင်ပြီ

အင်္ဂလိပ်လို ရွတ်ချင်ရင် ...

With this wool, I bind what is broken
A soothing balm of words to be spoken
I am the healer of my own heart
From this moment my healing shall start.

ဒီနောက် မြေရေလေမီး ဓာတ်ကြီးလေးပါးအကူအညီနဲ့ သင့်အသည်းကွဲ ဝေဒနာကို ကုသပါတော့မယ်။ ပထမဆုံး ဖယောင်းတိုင်ပြာကို မီးထွန်းပြီး အဲဒီဖယောင်းတိုင်ရဲ့ မီးညွန့်အထက်မှာ ပိုးကြိုးချည်ထားတဲ့ ခုနက သစ်ကိုင်းကျိုးကလေးကို တင်ပါ။ (ဖယောင်းတိုင်မီးညွန့် လောင်ကျွမ်းခြင်းမရှိအောင် အထက်ခပ်ခွာခွာမှာ ထားရမှာဖြစ်ပါတယ်)

ဒီနောက်ရွတ်ဆိုရမှာက ...

မီးရဲ့ တေဇောဓာတ်စွမ်းပကားနဲ့

ငါ့နှလုံးသားဟာ ပြန်လည်နွေးထွေးလာပြီ။

BURMESE CLASSIC .com



အင်္ဂလိပ်လို ရွတ်ချင်ရင် ...

Powers of fire, bring warmth back to my heart again.

ဒီနောက်အမွှေးတိုင်ကို မီးထွန်းပြီး အမွှေးတိုင်အခိုးငွေ့တွေကြားမှာ သစ်ကိုင်းလေးကို ထားလို့ ...

လေရဲ့ ဝါယောဓာတ်စွမ်းပကားနဲ့ ငါ့အနာဂတ်အချစ်မျှော်လင့်ချက်သစ်တွေ

တစ်ဖန်ရှိုက်သွင်းနိုင်ခဲ့ပြီ

အင်္ဂလိပ်လို ဆိုရင် ...

Powers of air, breath a new hope of future love my way.

နောက်တော့ မြေသားထည့်ထားတဲ့ခွက်ကလေးထဲမှာ သစ်ကိုင်းလေးကို ထိုးနှစ်လို့ ...

မြေရဲ့ ပထဝီဓာတ်စွမ်းပကားနဲ့ ငါ့ဘဝဟာ တစ်ဖန်ပြန်တည်ငြိမ်လာခဲ့ပြီ

အင်္ဂလိပ်လို ဆိုရင် ...

Powers of earth, give stability back to my life again.

နောက်ဆုံးတော့ သစ်ကိုင်းလေးကို စီးနေတဲ့ရေ (မြစ်၊ ချောင်း၊ ပင်လယ်) မှာ ဝေးနိုင်သမျှအဝေးဆုံးရောက်အောင် ပစ်လွှင့်လိုက်ပါ။ ဒီလိုပစ်လွှင့်ရင်းကလည်း ...

www.burmeseclassic.com

www.burmeseclassic.com



ရေရဲ့ အစေပါဓာတ်စွမ်းပကားနဲ့ ငါ့ကွဲကြေတဲ့နှလုံးသားလေးဟာ သန့်စင်သွားခဲ့ပြီ။ လျှို့ဝှက်စွမ်းနဲ့ ကုစားမှုကို ငါခံစားသိရှိနေတယ်။ ကောင်းကင်က လဝန်းလိုပဲ တစ်ဖန်ပြန်လည် အကောင်းတိုင်းဖြစ်ခဲ့ပါပြီ ဗဟာနာမဗတော်ရဲ့ အစွမ်းနဲ့ ပြန်လည်ကောင်းမွန်ခဲ့ပြီ။

အင်္ဂလိပ်လို ဆိုရင် ...

Powers of water, take this symbol of my broken heart and cleanse it of all hurting words & deeds.
May I feel the touch of your healing magic within me as the moon turns her cycle in the sky.
By the powers of the Old Ones, so mote it be.



ယခုအကြိမ်ဆိုလျှင် လူငယ်လေး၏လျှောက်လဲချက်မှာ ပဥ္စမမြောက် ဖြစ်သွားခဲ့လေပြီ။

ယခုလျှောက်လဲ ချက်၏ နာမည်ကို **'အချစ်ရဲ့တန်ဘိုး'** ဟု အမည်ပေးထားကြောင်း သူက ရှင်းပြ၏။ နားထောင်နေကြသူ မြို့သားအပေါင်းတို့က ခေါင်းတဆတ်ဆတ်ညိတ်လိုက်ကြလေသည်။

သူတို့မျက်ဝန်းများကြင် လူငယ်လေးအပေါ် အံ့သြလေးစား ...နှုတ်ချီးပြည့်။ တစ်ရပ်တစ်နယ်သား လူငယ်လေးမှာ သူတို့မြို့၏ ...ည်းကမ်းကို မခန့်လေးစားချိုးဖောက်ခဲ့သူဖြစ်သော်လည်း ခက်ခဲနက်နဲ ...သော ချစ်ခြင်းတရား၏ လျှို့ဝှက်ချက်များကို ပီပြင်ထင်ရှားလွန်းစွာ ...ဖော်ထုတ်နိုင်သူဖြစ်ခြင်းကြောင့် ပညာဉာဏ်ကြီးမားသူမှန်း သူတို့အား ...ုံးက လေးစားနှစ်လိုစွာ အသိမှတ်ပြုလိုက်ကြလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



# အချစ်ရဲ့ တန်ဘိုး

တစ်ခါက …

ဘယ်အချိန်မှန်းမသိတဲ့ တစ်ခါကပေါ့။

လှပတဲ့၊ ဆန်းပြားတဲ့၊ လျှို့လည်း လျှို့ဝှက်၊ လေးလည်းလေးနက်တဲ့ ခံစားမှု (Feeling) ဆိုတဲ့ ကျွန်းလေး တစ်ကျွန်း ရှိသတဲ့။

အဲဒီ ကျွန်းကလေးပေါ်မှာ လှပတဲ့ကောင်မလေး အချစ် (Love) ဟာ မြင့်စွင့်ခံ့ညားတဲ့ ရဲတိုက်ကြီးတစ်လုံးနဲ့ စံမြန်းနေထိုင်ပါသတဲ့။

အဲဒီ ခံစားမှု (Feeling) ကျွန်းပေါ်မှာပဲ သူမနဲ့အတူ ဉာဏ်ပညာ (Knowledge) ရယ်၊ ပျော်ရွှင်ခြင်း (Happiness) ရယ်၊ ချမ်းသာခြင်း (Richness) ရယ်၊ ဝမ်းနည်းခြင်း (Sadness) ရယ်၊ အချိန်ကာလ (Time) ရယ်ဟာ ညီညွတ်စွာ (တစ်ခါတစ်ရံ လည်း မညီညွတ်စွာ) အတူတကွ နေထိုင်ခဲ့ကြပါသတဲ့။



တစ်နေ့မှာတော့ သူတို့ရဲ့ ဘဝထဲကို ကံဆိုးမှုတစ်ခုဟာ မြန်ဆန်စွာ ဝင်ရောက်ခဲ့တယ်။

သူတို့ နေထိုင်ရာ ခံစားမှုကျွန်းကြီးကို ပင်လယ်ရေတွေ လွှမ်းမိုးလာတာပါပဲ။

တစ်စစ မြင့်တက်လာတဲ့ ပင်လယ်ရေပြင်ကို မြင်တဲ့အခါ ကျန်သူအသီးသီးဟာ ဘေးကင်းရာဆီတိမ်းရှောင်ဖို့ ပြင်ဆင် ကြပေမဲ့ အချစ် (Love) ဆိုတဲ့ ကောင်မလေးကတော့ အေးအေးဆေးဆေးပါပဲ။

သူတို့အားလုံးဟာ ဒီသတင်းကို အရင်ကတည်းက ရခဲ့ပြီးသားပါ။ ဒါဟာ ထိတ်လန့်စရာကိစ္စဖြစ်ပေမယ့်လည်း Love ကလေးကတော့ မတုန်လှုပ်ခဲ့ပါဘူး။

သူဟာ ခံစားမှု (Feeling) ဆိုတဲ့ ကျွန်းကြီး ရေလွှမ်းလာတာကို သူနေထိုင်ရာ ရဲတိုက်ကြီးရဲ့ အပေါ်ကနေ တည်တည် ငြိမ်ငြိမ်လေးပဲ ကြည့်နေခဲ့တယ်။

ဒါပေမယ့် သူ ဆက်ပြီး တည်ငြိမ်မနေနိုင်အောင် အကြောင်းကိစ္စတွေက ဖြစ်လာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ရေရဲ့ လွှမ်းမိုးမှုဟာ မယုံနိုင်စရာ ကြီးထွားလာခဲ့တာပါ။ သူနေထိုင်ရာ ရဲတိုက်ကြီးရဲ့ အောက်ခြေအထိ ရေတွေရောက်ရှိလာတဲ့အခါမှာတော့ သူဟာ ဆက်ပြီး တည်ငြိမ်နေလို့ မဖြစ်တော့ပါဘူး။

ပထမဦးဆုံးအကြိမ် သူ စိုးရိမ်လာမိတဲ့အခါမှာ Love ကလေးဟာ ကူညီကယ်မမယ့်လူကို ရှာဖွေလာခဲ့ရပါတယ်။



ဘေးဘီဝဲယာကို သူ လှမ်းမျှော်ကြည့်တဲ့အခါမှာ အရင်ဆုံး သူမြင်ရတာဟာ ချမ်းသာခြင်းဆိုတဲ့ Richness ပါပဲ။

Richness ဟာ မီးပုံးပျံကြီးကို စီးလို့ ရေလွှမ်းနေတဲ့ ခြေသားမှုကျွန်းကြီးကနေ ထွက်ခွာဖို့ ပြင်ဆင်နေလေရဲ့။

အိမ့်အိမ့်နဲ့ သူ့ရဲ့ခရီးကိုစဖို့ပြင်နေတဲ့ Richness ကိုမြင်တဲ့အခါမှာ Love ကလေးဟာ အတော်ပဲ ဝမ်းမြောက် သွားခဲ့တယ်။

ကယ်သူတွေပြီမို့လည်း လက်ကလေး တယမ်းယမ်းနဲ့ သူ့ရဲ့ ရဲတိုက်ကြီးကနေ Richness ဆီကို မျှော်လင့်စွာ လှမ်းအော်ခဲ့တယ်။

'Richnessရေ၊ ဟေ့Richness၊ ဒီမှာ ကျွန်မကိုကယ်ပါဦး'

သူ့ခေါ်သံကို ချက်ချင်းပဲ Richness က ကြားပါတယ်။ ကြီးမားတဲ့ သူ့ရဲ့ဦးခေါင်းဟာ Richness ဆီကို တရွေ့ရွေ့ လှည့်လာခဲ့တယ်။

ပြီးတော့ Love ကလေးကို မှုန်သီဝေဝါးနေတဲ့ မျက်လုံးတွေနဲ့ ကြည့်လိုက်တယ်။

အဲဒီအချိန်မှာ Love ကလေးကတော့ မျှော်လင့်ချက်ကြီးစွာနဲ့ပေါ့။ အရောင်တောက်နေတဲ့ မျက်လုံးလေးတွေနဲ့ လှမ်းကြည့်နေလိုက်တာဟာ Richness က သူ့ခေါ် သွားလိမ့်မယ်လို့ အသေအချာ ထင်မှတ်နေပုံပါပဲ။

ဒါပေမယ့် သူ့မျှော်လင့်ချက်တွေနဲ့ ဆန့်ကျင်ဘက်အဖြေ တစ်ခုဟာ ဖြစ်ပွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကတော့ Richness ရဲ့ အပြုအမူပါပဲ။

စောင့်စားနေရှာတဲ့ Love ကလေးကို ရီဝေဝေ မျက်လုံး တွေနဲ့ကြည့်ရင်း ခေါင်းကို တဖြည်းဖြည်း ယမ်းခါလိုက်တဲ့အခါ Love ဟာ အရမ်းအံ့သြသွားမိရတယ်။

'ကျွန်မကို ကယ်ပါဦးရှင်'

လို့လည်း နောက်တစ်ကြိမ် ထပ်အော်မိပါသေးတယ်။

အဲဒီအခါမှာ Richness ဟာ သူ (Love) လုံးဝ ထင်မှတ် မထားတဲ့ စကားတစ်ခွန်းကို ပြောခဲ့တယ်။

'ငါ့ မီးပုံးပျံထဲမှာ ပိုက်ဆံတွေနဲ့ ပြည့်နေပြီ။ နင့် အတွက် နေရာမရှိတော့ဘူး'

အဲ့ဒီလို ပြောရင်းပဲ Richnessရဲ့ မီးပုံးပျံဟာ Loveကလေး နဲ့ တရွေ့ရွေ့ဝေးသွားခဲ့ပါပြီ။

လေထုထဲကို တရွေ့ရွေ့မြင့်တက်ရင်း ခံစားမှုကျွန်းကြီးနဲ့ တစစ ဝေးကွာသွားခဲ့တဲ့ Richness နဲ့ သူ့ရဲ့ပိုက်ဆံတွေ ပြည့်နေတဲ့ မီးပုံးပျံကြီးကိုကြည့်ရင်း Love ကလေးဟာ သက်ပြင်းကိုသာ ချနိုင်ပါ တော့တယ်။

ဝမ်းနည်းအားငယ်ဖို့၊ စိတ်ဆိုးဒေါသထွက်ဖို့တော့ သူ့ခမျာ အချိန်မရှိရှာပါဘူး။ ပင်လယ်ရေဟာလည်း တဖြည်းဖြည်း မြင့်တက် လာပြီ မဟုတ်လား။



အလျင်အမြန်ပဲ နောက်ထပ် ကယ်မ နိုင်သူကို ရှာပြန်တော့ ဝမ်းနည်းခြင်းဆိုတဲ့ Sadness ကို တွေ့ရပါတယ်။

Sadness ဟာ ခေါင်းက ငိုက်စိုက်၊ မျက်နှာကလည်းမှိုင်မှိုင် တွေတွေနဲ့ လှေတစ်စင်းကို တရွေ့ရွေ့ လှော်ခတ်လာနေတာပါ။

Sadness သူ့ရဲ့တိုက်ကြီးနားက ဖြတ်သွားတဲ့အခါ Love ကလေးဟာ ပထမတစ်ကြိမ်ကလိုပဲ ပြုမူပြန်ပါတယ်။

'Sadness ရေ ... ကျွန်မကို ကယ်ပါဦးရှင်'

ခေါင်းငိုက်စိုက်နဲ့ Sadnessဟာ ငေးငေးငိုင်ငိုင်နဲ့ပဲ Love ကလေးကို ကြည့်ပါတယ်။ သူ့မျက်ဝန်းယမှာလဲ ကြေကွဲရိပ်တွေနဲ့။ Love လေးကတော့ ရှေ့တစ်ကြိမ်တုန်းကလိုပဲ မျှော်လင့်မိပြန်တာပေါ့။

ဒါပေမယ့် ဒီတစ်ကြိမ်လည်းပဲ သူ့ ကံမကောင်းခဲ့ပါဘူး။

Sadness ဟာ ဆွေးမြေ့စွာနဲ့ပဲ လွမ်းဆွတ်ရိပ်တွေ သန်း နေတဲ့အသံနဲ့ ပြောသွားခဲ့ပါတယ်။

'ငါ စိတ်မကောင်းဖြစ်နေလို့ ငါ့ဟာ ငါပဲ တစ်ယောက် တည်း သွားပါရစေ' တဲ့။

ပြောရင်းနဲ့ သူ့လှေကို ဆက်လှော်ခတ်သွား ပြန်တဲ့အခါ မှာတော့ Love ကလေးဟာ အဖေးသားသာ ကျန်ရစ်ခဲ့ရပါတော့ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ရေဟာလည်း တဖြည်းဖြည်း မြင့်တက်လာနေပါ ကျွန်းတစ်ခုလုံးမှာပဲ ခိုနားစရာဆိုလို့ သူနေထိုင်တဲ့ ဒီ ရဲတိုက်ကြီး ကျန်ပါတော့တယ်။

တကယ်လို့သာ ဒီရဲတိုက်ကြီးကိုပါ ရေတွေ ဖုံးလွှမ်းသွားခဲ့ Feeling ဆိုတဲ့ ခံစားမှုကျွန်းကြီးတစ်ခုလုံးဟာ ပင်လယ် ရေအော နစ်မြုပ်သွားတော့မှာပါ။

အနီးအနားမှာ Sadness ဟာတော့ Loveကလေးကို ခိုင်းလို့ သူ့အလွမ်းတွေနဲ့သာ ကရွေ့ရွေ့ ဝေးသွားနေပါတယ်။

Love ကလေးဟာ Sadness ကိုပဲ မရမက ခေါ်ရ မ ဘာလုပ်ရမလဲ တွေဝေနေတုန်းမှာပဲ သူ့နားထဲမှာ အသံ တစ်ခု ကျယ်ကျယ်လောင်လောင် ကြားလာရတယ်။



ဒါဟာ လေယာဉ်ပျံတစ်စင်းဆီကပါ။

Love လေး လှည့်ကြည့်လိုက်တဲ့အခါမှာတော့ လေယာဉ်ပျံ တစ်စင်းနဲ့ ရေလွှမ်းနေတဲ့ ခံစားမှုကျွန်းကို စွန့်ခွာလာသူ ပျော်ရွှင်ခြင်း (Happiness) ကို မြင်ရတယ်။

Love ဟာ ချက်ချင်းပဲ အားတက်သွားခဲ့ပါတယ်။ သူ့ ကိုယ်ကလေးက ခုန်ဆွခုန်ဆွတောင် ဖြစ်လာပြီး မျှော်လင့်တကြီးနဲ့ Happiness ကို ခေါ်ခဲ့တယ်။

'ဟေ့ Happiness ရေ၊ Happiness၊ ကျွန်မကို ကယ်ပါဦး ရှင်၊ ဒီမှာ ... ကျွန်မ ...'

လက်ကိုလည်းမြှ၊ ပါးစပ်ကလည်းအော်၊ ဘယ်လိုပင် ခုန်ပေါက်ခေါ်ပေမယ့်လည်း Happiness ကတော့ မကြားပါဘူး။

သူ့ဟာသူ ပျော်ပြီး လေယာဉ်ကြီးကို မောင်းသွားလိုက် တာ Love ကလေးကို တစ်ချက်မှတောင် မမြင်အောင်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



လေယာဉ်ပျံကြီး အဝေးဆီ ရောက်သွားခဲ့တောင်မှ Love ကလေးက စိတ်မပျက်မိသေးပါဘူး။

'ကျွန်မကို လှည့်ကြည့်ပါဦး' လို့

Happiness ကို အားတက်သရော ခေါ်နေခဲ့တာဟာ လေယာဉ်ကြီး တိမ်တွေကြားမှာ အစက်ကလေး တစ်စက်အဖြစ်နဲ့ တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားတဲ့ အထိပါပဲ။

အဲဒီနောက်မှာတော့ Love ရဲ့ အနားမှာ တဖြည်းဖြည်း မြင့်တက်လာနေတဲ့ ပင်လယ်လှိုင်းလုံးတွေသာ ကျန်ရစ်တော့ တယ်။

သိပ်မကြာခင် အချိန်အတွင်းမှာပဲ ခံစားမှုဆိုတဲ့ ကျွန်းကြီး ဟာ ပင်လယ်ရေရဲ့ ဝါးမျိုခြင်းကို ခံရတော့မှာပါ။ ခုအချိန်အထိပဲ Love ကလေးခမျာ ကယ်မယ့်သူ ရှာမတွေ့သေးပါဘူး။



ဒါပေမယ့် ကျွန်းကြီး လုံးဝ နစ်မြုပ်သွားလုဆဲဆဲမှာပဲ Love အတွက် ကြည်နူးစရာအနာဂတ်ဟာ ရောက်ရှိလာခဲ့တယ်။

လှေကလေးတစ်စင်း သူ့ရှေ့တည့်တည့် ဆိုက်ရောက်လာ တာပါပဲ။ လှေပေါ်ကလူဟာ သွက်သွက်လက်လက်ပဲ Love ကို လှမ်းခေါ်ခဲ့တယ်။

'Love ရေ၊ လှေပေါ် မြန်မြန်တက်၊ ငါ နင့်ကို ကယ်မယ်'

ပင်လယ်ရေဟာလည်း မြင့်သည်ထက် မြင့်တက်လာပြီမို့ Love ဟာ စဉ်းစားနေချိန်မရပါဘူး။ ဖျတ်ဖျတ်လတ်လတ်ပဲ လှေပေါ် ကိုသာ တက်ခဲ့တယ်။

လှေကလေး ထွက်ခွာခဲ့တဲ့အခါမှာတော့ ခံစားမှုကျွန်းကြီးဟာ လုံးဝနီးပါး နစ်မြုပ်ခဲ့ပါပြီ။ လက်မတင်ကလေး ကယ်သူတွေ့ လိုက်ရ တဲ့အတွက် Love ဟာလည်း အန္တရာယ်တွေ ကင်းရှင်းသွားခဲ့ပြီပေါ့။

ခုမှပဲ သက်မကြီးချနိုင်တော့တဲ့ Love ဟာ တဖြည်းဖြည်း ကြည်နူးလာခဲ့တော့တယ်။ သူဟာ ကယ်သူဝေးတဲ့ဘဝ မဟုတ်တော့ ဘူးဆိုတဲ့ အသိကြောင့်လည်း ဂုဏ်ယူ အားတက်ခဲ့မိတယ်။

ပင်လယ်လေညှင်းရဲ့ အရသာကို ခံစားရင်း Love ဟာ စိတ်လွတ်ကိုယ်လွတ်ကို ကြည်နူးနေမိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ ဘေးလွဲ၀ဲရာ ကျွန်းတစ်ကျွန်းပေါ်ကို ရော
တဲ့အခါမှာတော့ Love ဟာ ကျွန်းပေါ်ကို အရင်ရောက်နှင့်ပြီးဖြစ်
လူကြီးတစ်ဦးကို မြင်ရတယ်။

သူဟာ ဉာဏ်ပညာလို့ခေါ်တဲ့ Knowledge ပါပဲ။

လက်နှစ်ဖက်နောက်ပစ်လို့ လေးနက်တဲ့မျက်နှာနဲ့ ရှိနေ
Knowledge ကို မြင်တဲ့အခါ Love ဟာ ပေါ့ပါး သွက်လက်
ပြေးသွားလိုက်တယ်။ သူဟာ Love ရဲ့ မကြာခဏ အကြံဉာ
တောင်းရတဲ့ ပုဂ္ဂိုလ်ကြီးပေါ့။

Love သူ့နားရောက်တဲ့အခါ Knowledge ဟာ အရော
ကို သိနှင့်နေပြီးဖြစ်တဲ့ မျက်နှာထားနဲ့ ဆီးကြိုတယ်။

Love ဟာ ပြုံးပြုံးလေးနဲ့သာ အနားကပ်သွားခဲ့ပေမ
ဘာပြောရမယ်မှန်းတော့ ရုတ်တရက် မသိသေးပါဘူး။ ခဏနေ
ပဲ သူ ခုနကတည်းက အမေးသင့်ဆုံးဖြစ်တဲ့ ခမေးခွန်းကို မေးလို
ပါတယ်။

Knowledge ကတော့ Love မေးလာသမျှကို ခေါ
တည်ငြိမ်ငြိမ်နဲ့သာ အေးအေးဆေးဆေး နားထောင်ပေးခဲ့ပေါ့။

'ကျွန်မကိုလေ ...'

'အင်း ...'



'ချမ်းသာခြင်း Richness က ပိုက်ဆံတွေကြောင့်ဆိုပြီး
ပေးစရာနေရာ မရှိလို့ ထားခဲ့တယ်'

'အင်း ...'

'Sadness ကတော့ ဝမ်းနည်းနေလို့၊ Happiness ကတော့
ပျော်နေလို့ လျစ်လျူရှုသွားကြတယ်'

'အင်း ...'

'နောက်ဆုံးကျမှ မထင်မှတ်ထားတဲ့ တစ်ယောက်က
ကယ်တင်ခဲ့တယ်'

'အင်း ...'

'အဲဒီလူဟာ ဘယ်သူလဲဟင်'

နောက်ဆုံးစကားမှာတော့ Knowledge က Love ရဲ့
မျက်နှာကို စိုက်ကြည့်ပါတယ်။

'အဲဒီလူကို Love မသိဘူးလား'

'ဟင့်အင်း ...'

'ဪ ... သိလိမ့်မယ်လို့ ထင်တာ၊ အဲဒီလူက Time
လေ၊ အချိန်ကာလဆိုတဲ့ Time ပေါ့'

'ဟင် Time! ဘာကြောင့် တခြားလူတွေက မကယ်တဲ့
သူ့ကျမှ ကျွန်မကို ကယ်တင်ရတာလဲဟင်'

'ဘာလို့လဲဆိုတော့ ...'

www.burmeseclassic.com

www.burmeseclassic.com



'ဆိုပြီး သံရှည်ဆွဲပြီး Knowledge ဟာ ဘာစကားမှ မပြောဘဲ ခဏရပ်ထားပြန်ပါတယ်။ ပြီးတော့မှ ...

'... Time တစ်ယောက်ကသာ Love ရဲ့ တန်ဖိုးကို သိတာလေ။ Time ကသာ Love ရဲ့ အနက်အဓိပ္ပါယ်ကို ထင်ရှားစေနိုင်တာ'

'ဩော်'

စကားတွေ ဆုံးသွားတဲ့အခါမှာတော့ Knowledge ရော Love ပါ ငြိမ်သက်သွားကြပါတယ်။ Time ရဲ့ အကူအညီနဲ့ ဘေးကင်းရာဆီရောက်ပြီမို့ Love ကလေးဟာ ငြိမ်းချမ်းသွားခဲ့ပါပြီ။

သည့်နောက်မှာတော့ ...

**'Time (အချိန်) ကသာ Love (အချစ်)ရဲ့ တန်ဖိုးကို နားလည် အဖိုးဖြတ်ပေးနိုင်တာ'**

ဆိုတဲ့ စကားသံတစ်သံသာ သူတို့အနား လေထုထဲကတဆင့် အရပ်ရပ်ထိပ်ပျံ့နှံ့ခဲ့ပြီး မိုးကောင်းကင်ပါမကျန် လောကရဲ့ နေရာအနှံ့အပြား တုန်ခါမြည်ဟီးနေပါလေတော့တယ်။



ခမ်းနား ဆန်းပြားလွန်းသော လျှောက်လဲချက်ကြောင့် လူအတော်များများက နှစ်ခြိုက်မိကြလေသည်။

ယခုလျှောက်လဲချက်အပြီးတွင် ဆက်လက်ရှင်သန်ခွင့်ရသော ရက်သတ္တပတ်အတွက် လူငယ်လေးမြို့အနှံ့သွားလာရန် ထုံးစံအတိုင်းပြင်ဆင်လေသောအခါ လူတွေက ခင်မင်နှစ်လိုစွာ ဟိုသွားပါ ဒီသွားပါဟု လမ်းညွှန်ပို့ဆောင်ကြလေသည်။

လူငယ်လေးကတော့ သူဦးတည်ချက်အတိုင်း ဆိုက်ဆိုက်မြိုက်မြိုက်ပင် အနောက်အရပ်သို့ ဦးတည်လှေလာခဲ့၏။

ထိုအရပ်တွင် ဂမ္ဘီရနည်းတစ်ခုသူရ၏။ ထိုနည်းကို . . .

"ချစ်သူသစ္စာရှိစေဖို့ ဂမ္ဘီရနည်း" ဟုခေါ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ချစ်သူသစ္စာရှိစေဖို့ ဂမ္ဘီရနည်း

သင့်ချစ်သူက သင့်ကို စွဲစွဲမြဲမြဲ သစ္စာရှိစေလိုပါသလား?

ဟော့ဒီနည်းလမ်းကို အသုံးပြုကြည့်လိုက်ပါ။

ဒီနည်းကို ပြုလုပ်ဖို့ရာအတွက် ...

၁။ အအေးသောက်တဲ့ပိုက်ငယ်ကလေးတစ်ချောင်းရယ်

၂။ သင့်ချစ်သူရဲ့ ဓာတ်ပုံရယ်

၃။ အစိမ်းရောင်ဖဲကြိုးတစ်စရယ်

၄။ အစိမ်းရောင်ဖယောင်းတိုင်နှစ်တိုင်ရယ်

၅။ သင်အနှစ်သက်ဆုံးအမွှေးတိုင်နံ့သာတိုင်ရယ် ... လိုအပ်ပါတယ်။

ဒီနည်းကို လပြည့်ညမှာ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

လိုအပ်တဲ့ ပစ္စည်းတွေကိုဖာစ်ဘက်ပုံမှာပြထားတဲ့အတိုင်း နေရာချထားရမှာပါ။

အအေးသောက်တဲ့ပိုက်ငယ်ကလေးတွေနဲ့ လူရုပ်သဏ္ဌာန်လိုဖြစ်အောင် လုပ်ဆောင်ပါ။ ပြီးရင် မျက်နှာနေရာမှာ သင့်ချစ်သူပုံကို ညှပ်ပြီးကပ်ပါ။ အဲဒီလူရုပ်ကလေးကို အစိမ်းရောင်ဖဲကြိုးကလေးနဲ့ ဖဲပြားချည်သလို ချည်နှောင်လိုက်ပါ။

ဖယောင်းတိုင်ကို ထွန်း၊ အမွှေးတိုင်ကို ထွန်းပြီးရင်တော့ တစ်ဘက်က အတိုင်း ရွတ်ဆိုရမှာဖြစ်ပါတယ်။





ဒီစက္ကာနံ့ကြောင့် မင်းဟာ သူ့ဖြစ်သွားပြီ

ငါမင်းကို ခေါ်နေတယ် (သင့်ချစ်သူ နာမည်ကို ထည့်ပါ)

ဒီစက္ကူနံ့က မင်းကို မှိုင်းစေတယ်

ဒီဖဲပြားကလေးဖြင့် မင်းနှလုံးသားနဲ့ ငါ ချည်နှောင်လိုက်ပြီ

ဒီဖဲပြားကလေးဖြင့် မင်းခန္ဓာနဲ့ ငါ ချည်နှောင်လိုက်ပြီ

ငါမင်းကိုပြောနေတယ်။ လမ်းရွေးမများနဲ့

တောင်တွေကြေမွသွားသည့်တိုင်၊ ကြယ်တွေ လောင်ကျွမ်းသွားသည့်တိုင်

ဒါမှမဟုတ် ငါ့မန်းမှုတ်မှု မရုတ်သိမ်းမချင်း

ငါ့အချစ်မှာ မင်းယုံကြည်စွာ နေထိုင်ပါ။

ဒါဟာ ငါ့ဆန္ဒဖြစ်တယ်။ လိုရာပြည့်ဝစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



**အင်္ဂလိပ်လို ရွတ်ချင်ရင်တော့ ...**

Figurine, for this spell, you are he/she.
I name you _ [insert your beloved's name].
This spell shall command him/her,
As it command you.
With this ribbon your heart is tied to mine;
With this ribbon your body is tied to mine.
I say to you, do not stray _
Faithful to my love you shall stay,
Till the mountains crumble,
Till the stars burn out,
Or until I undo you.
This is my will _ So mote it be.



ဆင္ဂမမြောက်လျှောက်လဲချက်ကို လူငယ်ကလေးက မေးခွန်းတစ်ခုနှင့်စတင်လိုက်လေသည်။

"ချစ်သူဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်သလဲ"

နားထောင်နေသူပရိသတ်မှာ သူတို့ကို မေးသည်ထင်သောကြောင့် လှုပ်လှုပ်ရွရွဖြစ်သွားကြလေသည်။ ရုတ်တရက်ဖြေဆိုရန်လည်း သူတို့မှာ အဖြေအသင့်မရှိ။

အီးအဲနှင့် လူတွေ အခက်ကြုံနေသည်ကိုကြည့်ကာ လူငယ်လေးက ပြုံးရင်း ကိုယ့်စကားကိုယ့်ဖာသာ ပိတ်သိမ်းလိုက်သည်။

"အဲဒါ ကျွန်တော် နောက်ထပ်ပြောပြမယ့် လျှောက်လဲချက်ရဲ့ နာမည်ဖြစ်ပါတယ်"

ထိုအခါမှပင် ပရိသတ်များ သက်ပြင်းချနိုင်ကြလေတော့သည်။ ပြီးတော့ လူငယ်လေး၏ စိတ်ဝင်စားစရာကောင်းလွန်းသော လျှောက်လဲချက်တွင် မျောပါ ဝင်စားသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ချစ်သူဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်သလဲ?

ဟိုးအရင် …

လူတွေ စဖြစ်စကပေါ့။

ဖန်ဆင်းရှင် နတ်ဘုရားကြီးဟာ လူတွေကို အခုနဲ့မတူတဲ့ အသွင်သဏ္ဌာန်မျိုးနဲ့ စတင်ဖန်ဆင်းခဲ့တယ်။

ဒီလိုဖန်ဆင်းပြီးတော့ ကောင်းကင်ဘုံပြန်တက်လာ၊ သူ့ လက်ထောက် နတ်မင်းကြီး သုံးပါးကို ဆင့်ခေါ်လိုက်တယ်။

သူ့လက်ထောက် နတ်မင်းကြီးသုံးပါးဟာ …

နတ်ကောင်းရယ်၊ နတ်ဆိုးရယ်၊ နတ်ရူးရယ် ဖြစ်တယ်။

"ငါ အခုပဲ လူသားဆိုတာကို စတင်ဖန်ဆင်းခဲ့တယ်"

နတ်ဘုရားကြီးက ဒီလိုမိန့်တဲ့အခါ …

နတ်ကောင်းက ဝမ်းသာအားရ ခေါင်းညိတ်တယ်။

နတ်ဆိုးက မဲ့ပြီး ခေါင်းခါတယ်။

နတ်ရူးက ခေါင်းကိုဘယ်ညာယိမ်းလို့ စပ်ဖြီးဖြီး။

"… ဒီတာဝန်ကို မင်းတို့ ဆက်ပြီး ယူရလိမ့်မယ်"



နတ်ဘုရားကြီးက ဆက်ပြောတော့ နတ်ကောင်းက ဦးဆောင်ပြီး မေးတယ်။

"ဘာတာဝန်ပါလဲ အရှင်"

"လူသားလောကကြီး စည်ပင်ထွန်းကား ပြန့်ပွားစေဖို့ပေါ့"

နတ်ဆိုးက အငေါ်တူးတယ်။

"အရှင်က ဖန်ဆင်းရုံပဲ ဖန်ဆင်းပြီး ဘာမှ လုပ်မထားခဲ့ဘူးလား"

"မဟုတ်ပါဘူး၊ ငါလုပ်ခဲ့ပါတယ်။ လူသားမျိုးနွယ်စု ပြန့်ပွားရေးအတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ ဝိညာဉ်မိတ်ဖက်ချင်း ပေါင်းစည်း ကြင်ဘက်ပြုနိုင်ရေးကိုပါ တပါတည်း စီစဉ်ပေးခဲ့တယ်။"

"ဘယ်လိုစီစဉ်ပေးခဲ့တာလဲ"

ဒီတစ်ခါတော့ နတ်သုံးပါးလုံးက ပြိုင်တူမေးလိုက် ကြတာပါ။ နတ်ဘုရားကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း

"ဝိညာဉ်မိတ်ဖက်ဖြစ်လာမဲ့ သူတွေကို တစ်ပေါင်းတည်း တွဲထားပေးလိုက်တာပေါ့"

"ဟင် လူနှစ်ယောက်ကို ပေါင်းလိုက်တာပေါ့"

"အင်းလေ၊ လူတွေဟာ လက်လေးဘက်၊ ခြေလေးဘက်နဲ့ ခေါင်းနှစ်လုံး၊ ခန္ဓာနှစ်ခုစီပါတဲ့ တစ်မျှာဖြစ်သွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နတ်သုံးပါးလုံး အီး …အဲ နဲ့ ဘာဆက်ပြောရမှန်းမသိဖြစ်နေတုန်းမှာပဲ နတ်ဘုရားကြီးက ဆက်ပြောလိုက်တယ်။

… မင်းတို့လုပ်ရမှာက အဲဒီ လူတွေထဲကို ရင်ခုန်သံဆိုတဲ့ အရာ သွားထည့်ပေးဖို့ပဲ''

''ရင်ခုန်သံ၊ ဟုတ်လား ဘုရား''

''အေးလေ၊ လူနှစ်ယောက်နွေးထွေး လိုလားစွာ ပေါင်းစပ်ဖို့ရာ ရင်ခုန်သံလိုတယ်လေ၊ တစ်ယောက်ကို တစ်ယောက် ရင်မခုန်ရပဲနဲ့ ဘယ်လို တစ်ဘဝလုံး အတူ နေချင်ပါ့မလဲ၊ ကဲ … မင်းတို့ ဆက်လက်ဆောင်ရွက်ပေတော့၊ ဟုတ်ပြီလား''

ပြောပြောဆိုဆိုနဲ့ နတ်ဘုရားကြီးဟာ ကွယ်ပျောက်သွားပါတော့တယ်။ သူနောက်ဆုံးမိန့်မှာလိုက်တဲ့ စကားသံသာ ဝန်းကျင်တခွင်ပဲ့တင်လှိုင်းထ ကျန်ရစ်ခဲ့တယ်။

''ဒါပေမဲ့ ရင်ခုန်သံဆိုတာကို ဘယ်လို ဖန်ဆင်းရပါ့မလဲ''

ဆိုတဲ့ နတ်သုံးပါး ပြန်လျှောက်တင်စကားကိုတောင် မကြားတော့ပဲ ထွက်ခွာသွားတာပါ။

နတ်သုံးပါးလုံးပဲ တကယ်အကြပ် ရိုက်ကုန်ကြတယ်။

လူတွေရဲ့ ရင်ဘတ်ကြီး ခုန်လာအောင် ဘယ်လို လုပ်ရပါ့။ သုံးယောက်သားတိုင်ပင်ပြန်တော့ အဖြေက ထွက်မလာ။



နတ်ဆိုးက ထုံးစံအတိုင်း ကန့်လန့်တိုက်၊ နတ်ရူးက ဝင်ဖောက်နဲ့ ဆွေးနွေးရ ခက်တာကြောင့်လဲ ပါတာပေါ့။ နတ်ဆိုးကတော့ အပြီးတိုင် ပိတ်ပြောလိုက်တယ်။

''ဟာ … ဆွေးနွေးမနုနဲ့တော့ ကြာတယ်၊ အရင်ကတည်းက ငါတို့ သုံးပါး ဘယ်တုန်းက ဆွေးနွေးလို့ ရဖူးလို့လဲ ကိုယ်ထင်တာ ကိုယ်လုပ်ကြ ဒါပဲ''

ပြောပြောဆိုဆို လူစုခွဲဖို့ ပြင်တယ်။

နတ်ကောင်းကြီးက စိတ်မကောင်းပေမဲ့ ငြိမရတာမို့ လမ်းခွဲလိုက်ကြရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



နတ်သုံးပါးထဲက လူ့ပြည်ကို ဆင်းလာတဲ့ ပထမဆုံးနတ်ဟာ နတ်ကောင်းဖြစ်ပါတယ်။

သူက စိတ်ကောင်းရှိသူမဟုတ်လား။

ဝီရိယရှိစွာ၊ လူသားတွေကို မြတ်နိုးစွာနဲ့

အစောကြီး လူသားတွေအတွက် ဆောင်ရွက်ပေးဖို့ ကြိုးစားတယ်။

ဒါပေမဲ့ ...

ပြောသာပြောတာ သူလည်း ရင်ခုန်သံဆိုတဲ့အရာကို ဘယ်လိုဖန်တီးရမှန်း မသိပါဘူး။

"လူတွေ ရင်ခုန်တတ်လာအောင် ငါ ဘယ်လိုလုပ်ပေးရပါ့မလဲ"

ခေါင်းခြောက်မတတ်စဉ်းစားရင်း အဖြေမရလေတော့ သူ့ဟာသူပဲ ဆုံးဖြတ်ချက်တစ်ခု ချလိုက်တယ်။

... အို အကောင်းဆုံးဖြစ်မယ့်ဟာကို လုပ်ကြတာပေါ့လေ"

ဒီလိုနဲ့ 'နားလည်မှု' ဆိုတဲ့အရာကို လူသားစုံတွဲတွေရဲ့ နှလုံးသားတစ်စုံဆီ ထည့်ပေးပြီး ကောင်းကင်ဘုံဆီ သူ ပြန်တက်သွားခဲ့ပါတော့တယ်။



နောက်ထပ် ဆင်းလာတာကတော့

နတ်ဆိုးပေါ့။

သူလဲ လူတွေရင်ခုန်လာအောင် ဘယ်လို ဖန်တီးရမလဲဆိုတာ မသိပါဘူး။ ဒါပေမဲ့

သူကတော့ လူတွေကို အဆိုးဖြစ်စေချင်တဲ့သူလေ။

ဒီတော့ ...

ချစ်သူတွေကြားကို မလိုလားအပ်တဲ့အရာ ထည့်ပေးသွားတယ်။

'သံသယ' ... တဲ့။

နတ်ဆိုးဟာ ချစ်သူတွေရဲ့ ရင်ထဲမှာ 'သံသယ' ဆိုတဲ့အရာကို ထည့်သွင်းပေးခဲ့ပြီး

ကောင်းကင်ဘုံကို ပြန်တက်သွားခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အပျင်းကြီးနေသမို့ ...

နောက်ဆုံးမှ ဆင်းလာတာကတော့ နတ်ရှူး ...လေ။

လူ့ဘောင်လောကဆီ သူရောက်ရောက်ချင်းပဲ သတိပြုမိလိုက်တယ်။ ရှေ့က နတ်၂ပါးတော့ ရောက်ပြီးသွားပြီ။

ချစ်သူတွေရဲ့ ရင်ထဲကိုလည်း သူတို့ အစွမ်းရှိသလို ခံစားမှုတွေ ထည့်သွင်းသွားကြပြီလေ။

သူကတော့ သူများနဲ့ မတူတဲ့အရာကိုမှ လူတွေကို ပေးချင်တာ။ ဒါပေမဲ့ ရင်ခုန်လာအောင် လုပ်ဖို့တော့ မဟုတ်ဘူး။ အဲဒါ ဘယ်လိုလုပ်ရမှန်းလည်း သူမသိဘူး။

သူက နတ်ရှူးမဟုတ်လား၊ ကောင်းတယ်လည်း မဟုတ်ဘူး။ ဆိုးတယ်လည်း မဟုတ်ဘူး။ ဒီတော့ လူတွေသူ့ကြောင့် ကောင်းသွားသွား ဆိုးသွားသွား သူ ဂရုမစိုက်ဘူး။ သူလုပ်ချင်တာက ရှေ့က နတ် ၂ပါးနဲ့ မတူချင်တာပဲ။

ဒီတော့ ချစ်သူတွေရဲ့ ရင်ထဲကို မထော်မနန်းအရာတစ်ခုထည့်ပေးလိုက်တယ်။

'ရမက်' ပါပဲ။

နတ်ရှူးဆိုတော့ ခပ်ရှူးရှူးပါပဲ။ သင့်တော်၏ မတော်၏ မစဉ်းစားပဲ ချစ်သူစုံတွဲတွေရဲ့ ရင်ထဲကို ရမက်စိတ် ခံစားမှုတွေ ထည့်ပြီးမှာ ကောင်းကင်ဘုံပြန်သွားခဲ့ပါတော့တယ်။



သူတို့ပြန်သွားပြီးတာနဲ့ လူ့ဘောင်လောကဟာ ပြောင်းဆန်ကျန်ခဲ့တာထက် ဝရုန်းသုန်းကားမုန်တိုင်းတိုက်သလို ကျန်ခဲ့တယ်လို့ ပြောရင် ပိုမှန်ပါလိမ့်မယ်။

ရင်ချင်းဆက် တစ်သားတည်းဖြစ်နေကြတဲ့ ချစ်သူစုံတွဲတွေဟာ နတ်ဘုရားကြီး ဖန်ဆင်းပေးသွားလို့ နေ့လည်း မခွဲ၊ ညလည်းမခွဲ တစ်ပေါင်းတည်း အတူတွဲနေကြရာက သူတို့ အချင်းချင်းကြားနားလည်မှု၊ သံသယနဲ့ ရမက်တွေ ထွေးလုံးရစ်ငင်လာတဲ့အခါ အတူနေလို့ မချမ်းမြေ့နိုင်အောင် ဖြစ်လာ တော့တယ်။

ဒါပေမဲ့ ဒီတိုင်းထားမယ်ဆိုရင် သူတို့ဘာသာ အဆင်ပြေပြေကောင်း ပြေသွားပါလိမ့်ဦးမယ်။ အခြေအနေကို ပိုရှုပ်ထွေးသွားရစေတာကတော့ နတ်တွေရဲ့ နောက်ထပ်တစ်ကြိမ် ဝင်ရောက်စွက်ဖက်မှုကြောင့်ပါပဲ။

လူတွေကို စိတ်မချနိုင်တဲ့အတွက် နတ်ကောင်းက လူ့ဘောင်လောကဆီ နောက်တစ်ကြိမ် လာပြန်ကြည့်တယ်။ သူ့အစိုးရပ်အခြေကို ကြည့်နေတဲ့ နတ်ဆိုးကလည်း တိတ်တိတ်လေး နောက်က လိုက်လာတာပေါ့။ သူတို့နှစ်ပါးဆင်းသွားတဲ့နောက်တော့ နတ်ရှူးကလည်း လိုက်ရပြီလေ။

ဒါပေမဲ့ ပျင်းရိပျင်းတွဲနဲ့မို့ နောက်ဆုံးက ...။

နတ်ကောင်းကြီးဟာ လူ့ဘောင်လောကကြီးပြောင်းဆန်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို မြင်တဲ့အခါ အံ့အားလည်းသင့် စိတ်မကောင်းလည်း ဖြစ်သွားခဲ့တယ်။

ချစ်သူတွေကို လေ့လာတော့ သူတို့ရင်ထဲမှာရှိနေတဲ့ ခံစားချက်တွေကို သွားမြင်တယ်။ ကဲ မဖြစ်ချေတော့ဘူး။ ငါ နားဝင်ချဦးမှပဲ။

"အို အသင်လူသားတို့ ...

ဒီလို အစချီပြီး နတ်ကောင်းကြီးက တရားဟောတယ်။

ချစ်သူတွေကြားမှာ အဓိကလိုအပ်တာဟာ နားလည်မှုသာဖြစ်ကြောင်း တခြားစိတ်ခံစားမှုတွေကို သိပ်ရှေ့တန်းမတင်ကြဖို့ အကြောင်းတွေပေါ့။

သူ့မှာ အာပေါက်အောင် ပြောလိုက်ရတာ။

လူတွေကတော့ နားလည်သယောင်ယောင် လိုက်နာတော့ မယောင်ယောင်ပါပဲ။ ခေါင်းတညိတ်ညိတ်နဲ့။

သူပြောသင့်ပြောအပ်တာပြောပြီး ပြန်သွားတော့ နောက်က အသာလျှိုပြီးပါလာတဲ့ နတ်ဆိုးက တစ်စခန်းထတယ်။

"ခုနက ပြောသွားတာတွေ မယုံနဲ့ ...

နတ်ဆိုးက ဒီလို အစချီတယ်။

ချစ်သူတွေ ကိုယ့်ဗိုက်ကိုသာ ကိုယ်ကြည့်ကြဖို့ သံသယမထားရင် ဆုံးရှုံးမှုများလိမ့်မယ်ဖြစ်ကြောင်း သွေးဆောင်ဖျား ယောင်းတာပေါ့။

လူတွေမှာ တော်တော်ရှုပ်ထွေးသွားရပါပြီ။



ခုနကပြောသွားတာနဲ့ အခုပြောတာတွေက ဆန့်ကျင်ဘက်တွေလေ။ ဘာတွေကို ယုံကြည်ရမလဲ? ဝေခွဲမရတုန်းမှာပဲ နတ်ဆိုးက ပြောစရာရှိတာ ပြောပြီးလို့ ကောင်းကင်ဘုံပြန်ကြွသွား တော့တယ်။

နတ်ရှူးရောက်လာတဲ့အခါမှာတော့ လူတွေ တော်တော် ဦးကျောက်စားနေကြပြီပေါ့။

"ကဲ ခင်ဗျားကရော ဘာပြောဦးမလို့လဲ"

လူတွေက နတ်ရှူးကို ဝိုင်းမေးကြတယ်။

နတ်ရှူးက လက်ကလေးတစ်ခါခါနဲ့ ...

"ကျုပ်က တရားဟောဖို့ လာတာ မဟုတ်ဘူးနော်"

"အင်း ... အဲဒါဆိုလည်း ပြီးတာပဲ၊ ခုနက နှစ်ပါးကနှစ်မျိုး ဆန့်ကျင်ဘက်ကြီး ပြောသွားတော့ ကျုပ်တို့လည်း ခေါင်းရှုပ်နေပြီ"

လူတွေရဲ့ အဖြစ်ကိုကြည့်ပြီး နတ်ရှူးကရယ်ချင်သွားတယ်။ သူက ခပ်ရှူးရှူးမို့ နောက်ချင်ပြောင်ချင်ရှိလွန်းလှတယ် မဟုတ်လား။

"အိုကေ ဒါဆိုလည်း ကျုပ်ပြန်ကြွတော့မယ်"

"ဟင် ဘာမှပြောမသွားဘူးလား"

"ကျုပ် ပြောသားပဲ ကျုပ်က တရားဟောဖို့လာတာ မဟုတ်ဘူးလို့"

"ခင်ဗျားပဲ ကောင်းတယ်ဗျာ၊ ခေါင်းမရှုပ်ရတော့ဘူး၊ ကဲ ကြွကြွ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းဆို ကျုပ်နာမည်က နတ်ကောင်းလေ"

နတ်ရူးက တစ်ခွန်းလေးပဲ ပရိယာယ်သုံးလိုက်တာပါ။ လူတွေ ချက်ချင်း စိတ်ဝင်စားသွားတယ်။

"ဟာ ဟုတ်လား၊ ခင်ဗျားက နတ်ကောင်းလား၊ ဒါနဲ့ကျုပ်တို့ ခုနက နှစ်ပါးကိုတောင် မမေးလိုက်ရဘူး၊ သူတို့က ဘယ်သူတွေလဲ ဟင်"

နတ်ရူးက ရယ်ချင်စိတ်ကို မျိုသိပ်ပြီး တစ်ချက်ပြုံးလိုက်တယ်။ လူတွေ သတိမထားလိုက်မိကြဘူး။ ပြီးတော့ သူက မင်သေသေ ခပ်တည်တည်နဲ့ပဲ ဆက်လိမ့်တော့တယ်။

"ပထမဆုံးလာတာက နတ်ဆိုး"

"ဟုတ်ပြီ"

"သူ့နောက်ကလာတာက နတ်ရူး"

"အင်း"

"နောက်ဆုံးလာတဲ့ ကျုပ်ကတော့ ခုနကပြောတဲ့အတိုင်း နတ်ကောင်း"

"ဪ"

"ကဲ မှတ်ထားကြနော်၊ ကျုပ်ပြန်ပြီ"

ပြောပြောဆိုဆို နတ်ရူးကွယ်ပျောက်သွားခဲ့တယ်။

လူတွေကတော့ သူပြောတာကို အဟုတ်ကြီး ထင်သွားတာပေါ့။



"အင်း၊ သူပြောတဲ့အတိုင်းဆို ပထမဆုံးပြောသွားတဲ့သူရဲ့ စကားကို လုံးဝယုံလို့ မဖြစ်ဘူး၊ အဲဒါက … နတ်ဆိုးဆိုတာကိုး၊ နောက်တစ်ယောက်ကျတော့ နတ်ရူးတဲ့၊ သူ့စကားကလဲ အတော်စဉ်းစားသုံးသပ်ပြီးမှ ယုံရမယ်"

တကယ်ကို ပိုလို့ ရှုပ်ထွေးသွားခဲ့ပါပြီ။

ချစ်သူတွေဟာ နားလည်မှုဆိုတဲ့အရာကို လုံးလုံးပစ်ပယ်လိုက်ကြတော့တယ်။

သံသယကိုတော့ အပြည့်အဝကြီး လက်မခံသေးဘူး။ ဒါပေမဲ့ မကြာခဏ ပြန်သုံးသပ်ကြည့်တယ်။

ရမက်အကြောင်းမေ့ထားတဲ့အခါ စိတ်တွေ ကစဉ့်ကလျား ဖြစ်ကုန်ပါတော့တယ်။

ပီညာဉ်မိတ်ဖက်တွေအလိုက် ချစ်သူစုံတွဲတွေဟာ ဒွိယံ ဒွိယံ ရှိနေကြပေမဲ့ဘယ်လိုမှ မချမ်းမြေ့နိုင်ကြတော့ဘူး။ ကြာလေလေ ပိုပြီး ဆူပွက်လှုပ်ရှားလေလေ။

ဒီလိုနဲ့ …

နောက်ဆုံး ဒီအရှုပ်အထွေးကြီးဟာ

ကောင်းကင်နတ်ဘုရားကြီးရဲ့ နားထိ ပေါက်သွားပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ မင်းတို့ ဘယ်လို လုပ်ခဲ့တာလဲ"

နတ်ဘုရားကြီးက နတ်ကြီးသုံးပါးကို ခေါ်ဆူတယ်။

"ကျနော်တို့လည်း ကောင်းမယ်ထင်တာ လုပ်ခဲ့တာပါပဲ"

"မင်းတို့ကို ငါက လူတွေရဲ့ ရင်ထဲ ရင်ခုန်ခြင်းကို ထည့်ခိုင်းတာလေ"

"ဟုတ်ကဲ့ အခုလည်း သူတို့ ရင်ခုန်တက်နေကြပါပြီ"

နတ်ရှူးဖြေလိုက်တာ မှားတော့ မမှားပါဘူး။ ဒီလောက်ရှုပ်ထွေးနေတဲ့နောက် လူတွေ ဗလောင်ဆူစိတ်လှုပ်ရှားနေရတဲ့ နောက် ရင်ခုန်သံတွေလည်း မြန်ကုန်ကြပြီပေါ့။

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါက လူ့ဘောင်လောကကို အချစ်နဲ့ ငြိမ်းချမ်းစေချင်နေတာ၊ မင်းတို့လုပ်တာ မဟုတ်သေးဘူး၊ ကဲ သွားကြ ... သွား၊ မင်းတို့လုပ်ခဲ့တာ မင်းတို့ဘာသာ ရအောင် ပြန်ရှင်းခဲ့၊ ငါပါဆင်းလာရရင်တော့ အကုန် မလွယ်ဘူးဖြစ်သွားလိမ့်မယ်နော်"

အမိန့်အရ နတ်သုံးပါး လူ့ဘောင်ပြန်ဆင်းလာကြတယ်။

သဘောထားကတော့ ကွဲလွဲနေတာပါပဲ။ လူတွေကို ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်လမ်းစဉ်နဲ့ ကိုယ် ဆွယ်တယ်။ ကိုယ် ပြောတာသာအမှန်လို့ လူတွေကို လိုက်ယုံစေတယ်။



နဂိုတည်းက ရှုပ်ထွေးနေရတဲ့ လူတွေချင်းကြားမှာ သူတို့ရောက်သွားတာ ပိုကောင်းမသွားစေဘူး။ ဆိုးသထက်ဆိုးဖို့သာ ဖြစ်စေပေါ့။ နောက်ဆုံး နတ်တွေချင်းပါ အချင်းများကုန်တော့တယ်။

လူ့ဘောင်လောကကြီးအတွက် ဆောက်တည်ရာမရတဲ့ နေ့ရက်တွေပါပဲ။ လူလူချင်း စိတ်ဝမ်းကွဲကုန်ကြတယ်။

တစ်ချို့ က နတ်ကောင်းကို ယုံတယ်။

နောက်တစ်ချို့က နတ်ဆိုးနောက် လိုက်ကြတယ်။

နတ်ရှူးပြောတာမှ အမှန်လို့ ထင်နေသူတွေလဲ ရှိရဲ့။

ဆိုးတာက ချစ်သူစုံတွဲတွေကြားမှာတောင် သဘောထားကွဲကုန်ကြတာပဲ။ ခန္ဓာကိုယ်က တစ်သားတည်းနီးကပ်နေလျက် စိတ်ချင်းဆန့်ကျင်ကုန်ကြတော့ ကိုးယို့ကားယားတွေဖြစ်ကုန်တော့တာပေါ့။

ပဋိပက္ခတွေ ပဋိပက္ခတွေဆိုတာ ဘယ်လိုမှ ရပ်တန့်လို့မရတော့မယ့် အခြေအနေအတိုင်း။ နတ်တွေချင်းပါ အချင်းများ ကုန်တော့ ပိုဆိုးတော့တာပါ။

တကယ်လို့ ဖန်ဆင်းရှင်နတ်ဘုရားကြီးသာ လိုက်ဆင်းမလာခဲ့ရင် ဘာတွေ ဆက်ဖြစ်တော့မယ်ဆိုတာ တွေးတောင် မတွေးဝံ့လောက်အောင်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"တော်ကြစမ်း … ဟေ့"

ဟိန်းဟောက်သံတစ်ချက်နဲ့အတူ လောကထဲက ပဋိပက္ခတွေ ရပ်တန့်သွားဖို့ ဖန်ဆင်းရှင် နတ်ဘုရားကြီးတားမြစ်လိုက်တယ်။

သူ့ လက်တစ်ချက် ဝှေ့အယမ်းမှာ အားလုံး ငြိမ်ကျသွားလေပေါ့။

လူတွေကို ပြီးတော့ နတ်တွေကို စိတ်ဆိုးမနှစ်မြို့တဲ့ မျက်လုံးနဲ့ ကြည့်တယ်။ အားလုံးခေါင်းငုံ့ထားကြတယ်။ တုတ် တုတ် မလှုပ်ရဲကြဘူး။ အားလုံးကိုယ်စီ အပြစ်ရှိကြတယ် မဟုတ်လား။

"မင်းတို့အားလုံးဟာ အပြစ်သင့်သူတွေဖြစ်ကုန်ပြီ"

နတ်ဘုရားကြီးက အဲဒီလို စမိန့်ဆိုလိုက်တယ်။

… ငါက လူ့ဘောင်လောကကြီး သာယာအောင်လို့ ဖန်ဆင်းပေးခဲ့တယ်။ ငါ့စေတနာတွေ အလကားဖြစ်ကုန်ရအောင် မင်းတို့ အားလုံးအကျိုးမဲ့ လုပ်ပစ်လိုက်ကြတယ်။ ဒီတော့ မင်းတို့ကို ငါ အမိန့်မှတ်မယ် နားထောင်"

အားလုံးဟာ အသက်တောင်မရှူဝံ့တဲ့ ကြောက်ရွံ့ခြင်းနဲ့ တိတ်



တ်နေမိကြပေါ့။ နတ်ဘုရားကြီးရဲ့ ပြစ်ဒါဏ်စီရင်တဲ့ အမိန့်မှတ်သံ လောကအလုံးကို အဆုံးမရှိပျံ့လွင့်နေလေတယ်။

"အရင်ဆုံးပြစ်ဒါဏ်ပေးခံရမှာ ငါ့လက်ထောက် နတ်မင်းကြီးသုံးပါးပဲ၊ နောက်နောင် မင်းတို့ဟာ လူ့ဘောင်လောကကို ဘယ်တော့မှ ဆင်းမလာရ၊ လူတွေနဲ့ တိုက်ရိုက် ပတ်သက်ခွင့်မရ၊ လူသားတွေရဲ့ ပူဇော်သက္ကာကို တိုက်ရိုက် ခံယူခွင့်မရတော့ဘူး"

နတ်သုံးပါး မျက်နှာတွေ ငြိုးနွမ်းသွားတယ်။ ဒါပေမဲ့ ပြန်သည်း မပြောဝံ့တာမို့ ခေါင်းငုံ့ပြီးသာ ခံကြရတာပေါ့။

… နောက် လူသားတွေကတော့ ငါအကောင်းဆုံးဖန်ဆင်းပေး ခဲ့တာဖြစ်ပေမဲ့ ငါ့ဖန်ဆင်းမှုနဲ့ မထိုက်တန်အောင် ပြုမူခဲ့ကြတဲ့အတွက် ဒီနေ့ကစပြီး လူသားစုံတွဲတွေကို တစ်ယောက်တစ်ခြား ပြန်လည်ခွဲခြားလိုက်မယ်၊

လူသားဟာ ဘဝတလျောက်မှာ ကိုယ့်ရဲ့ ဝိညာဉ်မိတ်ဖက်ဖြစ်လာမယ့်သူကို လှည့်ပတ်ရှာရင်း မောပန်းရစေ၊ တကယ့်မိတ်ဖက် အစစ်နဲ့ တွေ့သူ ရှိချင်ရှိမယ်၊ အတုအယောင်လည်း တွေ့ကောင်းတွေ့မယ်၊ တချို့ အသက်ဆုံးထိ တစ်ယောက်နဲ့တစ်ယောက် လုံးဝမတွေ့ပဲလဲ ရှိကောင်းရှိမယ်၊ ဒါဟာငါ့ကျိန်စာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နတ်ဘုရားကြီးရဲ့ မိန့်မှာမှုတစ်ထောက်နားလေမှ နတ်ကောင်းက မဝံ့မရဲ တစ်ခွန်းတင်လျှောက်တယ်။

"ကျွန်တော်တို့ရဲ့ သွန်သင်မှုကို လူသားတွေ ... ဘယ်တော့မှ ရရှိခွင့်မကြုံတာဟာ လူသားတွေအတွက် နှစ်ထပ်ကွမ်း နစ်နာလှပါတယ် ဘုရား"

"အေး ဒီအတွက် အခွင့်အရေးတစ်ခုပေးမယ်။ ချစ်သူစုံတွဲတွေဟာ သူတို့အချင်းချင်းကြား နားလည်မှုဆိုတဲ့အရောကို ပွားများနိုင်တဲ့အခါ နတ်ကောင်းရဲ့ လမ်းစဉ်ကို လိုက်နာခြင်းဖြစ်လို့ နတ်ကောင်းရဲ့ ကောင်းချီးပေးမှု၊ စောင်မမှုကို ခံယူခွင့်ရစေ၊ ဒီလိုပဲ သံသယဆိုတဲ့အရာ ပွားများမိရင်တော့ နတ်ဆိုးလမ်းစဉ် လိုက်တာဖြစ်တယ်၊ နတ်ဆိုးရဲ့ သက်ရောက်မှုကို ခံရစေ၊ ရမက်ကတော့ နတ်ရူးရဲ့ လမ်းစဉ်ဖြစ်လို့ နတ်ရူးလွှမ်းမိုးမှုခံရစေ"

အဲဒီကတည်းက မိန့်မှာခဲ့တဲ့ ပညတ်ချက်တွေဟာ အခုထိ ထာဝရ တည်မြဲသွားပါလေတော့တယ်။



လူငယ်လေး၏ လျှောက်လဲချက်အဆုံးတွင် ချစ်ခြင်းတရား၏ လျှို့ဝှက်ချက်တစ်ရပ်ကို သိနားလည်ခွင့်ရလိုက်သော ပရိသတ်မှာ ငြိမ်သက်စွာ မှင်သက်နေမိကြလေသည်။

လူငယ်လေးက ပရိသတ်အားကျော်နိုင်းကာ အသာအယာ ထထွက်လာခဲ့သည်။ သူစောင့်ဆိုင်းနေစရာမလို။ သူ့လျှောက်လဲချက်၏ အစွမ်းမှာ နောက်ထပ်ရက်သတ္တပတ် ဆက်လက်ရှင်သန်ခွင့် အသေအချာရလိုက်ပြီမှန်း သူနားလည်လိုက်သည်။

ယခုအပတ်အတွင်း သူသွားရောက်ဖြစ်သည်က အရှေ့မြောက်အရပ်သို့ဖြစ်သည်။

ထိုအရပ်တွင် ရှိသောဂမ္ဘီရနည်းမှာ . . .

"ဗွီးစာရှင်ရှာဗို့ ဂမ္ဘီရနည်း" ဖြစ်လေသည်။

www.burmeseclassic.com



## ဖူးစာရှင်ရှာဖို့ ဂမ္ဘီရနည်း

သင့်ဖူးစာဖက်ကို အိပ်မက်ထဲမှာ မြင်တွေ့ရနိုင်စေဖို့ …
သင့်ဖူးစာရှင်မှန်တဲ့ချစ်သူနဲ့ အမြန်ဆုံးဆုံဆည်းရစေဖို့ …”
ဟောဒီနည်းကို အသုံးပြုပါ။
ဒီနည်းကို လပြည့်ညမှာ ပြုလုပ်ရမှာဖြစ်တယ်။ ဒီနည်းပြုလုပ်ဖို့ အတွက်

၁။ ပန်းရောင်ဖယောင်းတိုင်နှစ်တိုင်၊
၂။ ကြေးနန်းကြိုး နှစ်ကြိုး၊
၃။ ပန်းရောင်အိတ်ကျုံ့ငယ်တစ်ခု၊
၄။ နှင်းဆီပွင့်ခြောက်တစ်ချို့ … နဲ့
၅။ သင့်ဆံပင်အနည်းငယ် … လိုအပ်ပါတယ်။

လပြည့်ညမှာ ဖယောင်းတိုင်ကို ထွန်းပြီးနောက် ကြေးနန်းကြိုးလေးနှစ်စကို လိမ်ကျစ်လိုက်ပါ။ (ကြေးဟာ အချစ်နတ်ဘုရားမ ဗီးနပ်ရဲ့သင်္ကေတမို့ အသုံးပြုရခြင်းဖြစ်ပါတယ်) ဒီလို လိမ်ကျစ်နေခိုက် အောက်ပါအတိုင်းရွတ်ဆိုရပါမယ်။

ဒီစာသားကို လိမ်ကျစ်မှုမပြီးမချင်း အပြန်အလှန်ရွတ်ဆိုနေရမှာပါ။



ငါ့ထံမှ သူ့ထံသို့
သူ့ထံမှ ငါ့ထံသို့
ငါတို့နှလုံးသားချင်းပေါင်းစပ်အောင် ဆောင်ယူပေ။
ငါ့ထံမှ သူ့ထံသို့
သူ့ထံမှ ငါ့ထံသို့
တို့ဘဝတွေ ရစ်ပတ်နွယ်ငင်စေ
မိုင်အကွာအဝေးတွေကို ဖြတ်သန်းပြီး
နေရာဒေသတွေကို ဖြတ်သန်းပြီး
ငါ့ချစ်သူ့ရဲ့ မျက်နှာကို မြင်တွေ့သိခွင့်ရစေကြောင်း
ငါအနူးပြင်းစွာ ဆုမွန်တောင်းလိုက်ပါတယ်

အင်္ဂလိပ်လို ရွတ်ချင်ရင်တော့ …

Me to he/she,
He/she to me,
Brought together,
Our hearts shall be,
I to he/she,
He/she to me,
Our lives entwined,
I will it to be.

www.burmeseclassic.com

www.burmeseclassic.com



Across the miles,
Across this space,
Let me know my beloved's face.

ကြေးနန်းလေးနှစ်ခုကို လိမ်ကျစ်လို့ အပြီးမှာ ကွေးလိုက်ပါ။
စက်ဝိုင်းလေးလို သူ့အစွန်းနှစ်ခု ထိတွေ့ပါစေ။

ပြီးနောက်မှာ သင့်အိတ်ရှုံ့ကလေးထဲ အဲဒီကြေးနန်းကွင်းကလေးရယ်၊ နှင်းဆီပွင့်ခြောက်တွေရယ်၊ သင့်ဆံစတွေရယ်ကို အတူတူတစ်ပေါင်းတည်းထည့်လို့ မျက်လုံးကလေးမှိတ်ပြီး အောက်ပါအတိုင်း အာရုံပြုရမှာဖြစ်ပါတယ်။

တောင်ကုန်းတစ်ခုထိပ်ကို သင် လျှောက်သွားတယ်။

သင့်လက်ဖျားက ထွက်လာတဲ့ ရွှေရောင်မီးလျှံတွေနဲ့ အဲဒီတောင်ကုန်းပေါ်က သစ်တောကို မီးရှို့လောင်မြိုက်စေလိုက်တယ်။ သစ်တောကြီး တဖုန်းဖုန်းလျှင်း လောင်ကျွမ်းပြာကျသွားခဲ့၊ မီးညွန့်လျှံဆီက အလင်းဟာ ကောင်းကင်သို့ ထိုးတက်သွားခဲ့တယ်။ သင့်အိတ်ရှုံ့ကလေးကို (အာရုံထဲမှာပဲ) ထိတွေ့လိုက်ပြီး မမြင်နိုင်တဲ့တစ်ရပ်တစ်ပါးဆီက တစ်စုံတစ်ရာကို အခုလို ခေါ်ဆောင်လိုက်ပါတယ်။

ငါဒီမှာရှိတယ်။ ငါ့ထံလာလော့။
အနန္တစကြဝဠာရဲ့ တန်ခိုးစွမ်းပကားနဲ့ ငါ့အမိန့်ပေးပါ၏။
ငါ၏ ဖူးစာရှင် ငါ့ထံလာလော့။



အင်္ဂလိပ်လိုဆိုရင်တော့ ဒီလိုရွတ်ရမှာ ဖြစ်ပါတယ်။

I am here, come to me.
By all the powers of the universe,
my soul mate, I bid you come.

www.burmeseclassic.com

www.burmeseclassic.com



သက္ကြမြောက် လျှောက်လဲချက်မစခင် လူငယ်ကလေး အနည်းငယ် ဆိုင်းငံ့၍ နေလေသည်။

အချိန်အတန်ငယ် ကြာသွားသောအခါ ပရိသတ်က စိုး လာကြသည်။ လူငယ်လေး မလျှောက်တင်နိုင်တော့ပြီလော။ အခုကို သူ့လျှောက်လဲချက်တွေက တော်တော်စုံလင်ခဲ့ပြီမဟုတ်လား။ အချ လို့ဂုဏ်ချက်တွေ အချစ်အကြောင်းဖွင့်ဆိုချက်တွေကို ဘက်စုံထောင့် သူပြောသွားခဲ့ပြီးပြီပဲ။

တော်ပါတော့။ ဒီလောက်ဆို သူ့ကို အပြစ်မယူဖို့ရာ လောက်နေပြီလေ။

ကျွတ်စီကျွတ်စီအသံများ ဆူညံစပြုလာလေ၏။

လူငယ်လေးက လက်ဝါးကာပြလိုက်ကာ ပရိသတ် အေးအေးစွာ တစ်ခွန်းချင်းပြောလိုက်သည်။

"ကျွန်တော် လျှောက်လဲချက်အသစ်မပေးနိုင်လို့ တုန့်ဆိုင် တာ မဟုတ်ပါဘူး၊ ကျွန်တော့်မှာ လျှောက်လဲချက်အား အသင့်ရှိပါတယ်။ အခုတင်ပြမယ့်လျှောက်လဲချက်ရဲ့ နက်မှုကြောင့် တဒင်္ဂအချိန်ယူနေရခြင်းဖြစ်တယ်။ ဒီလျှော လဲချက်ဟာ တစ်နည်းအားဖြင့် ပဟေဠိတစ်ခုလည်းဖြစ် တယ်။ ကျွန်တော်က ဒီလျှောက်လဲချက်ကို **တကယ်ချစ်တာ ဘယ်သူလဲ** လို့ နာမည်ပေးထားပါတယ်"



# တကယ်ချစ်တာ ဘယ်သူလဲ

တစ်ခါက ...

ရွာတစ်ရွာမှာ ...

ကောင်မလေးတစ်ယောက်ရှိခဲ့တယ်။

သူတို့ရွာထိပ်မှာက ညောင်ပင်ကြီးတစ်ပင်ရှိလေတယ်။

အဲဒီညောင်ပင်ကြီးမှာ ပန်း၊ ရေချမ်းကပ်လှူရင်း၊ ညောင် ထောက် ပေါင်းမြက်ရှင်းရင်း ကောင်မလေးက အမြဲလိုဆုတောင်း တတ်တယ်။

"ကိုယ့်ကိုတကယ်မြတ်နိုးတဲ့ချစ်သူနဲ့ ဆုံဆည်းရပါစေ" ပေါ့။ အဲဒီသစ်ပင်မှာက ရုက္ခစိုးကြီးတစ်ပါး စောင့်ကြပ်တယ်။ ကောင်မလေးက အဲဒီလိုဆုတောင်းလေတိုင်း ရုက္ခကြီးက ပြည့်စေလို့ ဆုတွေပေးနေတာ ကောင်မလေးမသိလေဘူး။

ဒီလိုနဲ့

ရက်တွေကြာညောင်း ကာလတွေရှင့်ရောင်းလာတဲ့အခါ ကောင်မလေးမှာလဲ ချစ်သူတွေဘာတွေရလာပေါ့။ တစ်ရက်

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ချစ်သူတို့ ဘာသာဘာဝ ချိန်းတွေ့ကြစဉ်အချိန်မှာ ချစ်သူကောင်လေးက ကောင်မလေးဆီက တန်ဘိုးအထားအပ်ဆုံး အရာတစ်ခုကို တောင်းဆိုတယ်။

သူမရဲ့ အပျိုစင်ဘဝကို နှင်းအပ်ဖို့ပေါ့။

ကောင်မလေးက ပြောတယ်။

"အတူလက်ထပ်ထိမ်းမြန်းပြီးတဲ့အခါကျမှ ကျမရဲ့ အပျိုစင်ဘဝကို စွန့်လွှတ်ပါရစေ ရှင်ရယ်"

တဲ့။ ကောင်လေးထပ်မပြောတော့ဘူး။

သိပ်များမကြာခင်မှာပဲ ကောင်လေးဟာ တနယ်တကျေးကို စီးပွားအရှာထွက်ဖို့ ဖြစ်လာပါတယ်။ ကောင်မလေးကို တောင်းရမ်းလက်ထပ်နိုင်ဖို့ရာ စီးပွားရှာချင်တာလဲ ပါတာပေါ့လေ။

ကောင်မလေးက မြစ်ဆိပ်နားအထိ ကောင်လေးကိုလိုက်ပို့တယ်။

အလွမ်းတွေနဲ့ တစ်ယောက်ကိုတစ်ယောက်နှုတ်ဆက်ကြချိန်မှာ ကောင်လေးက ကတိတစ်ခုတောင်းတယ်။

"ကိုယ် ပြန်လာတဲ့အထိ သစ္စာရှိရှိစောင့်ပါနော်"

"စိတ်ချပါရှင်"

"မင်းရဲ့ အပျိုစင်ဘဝကို ကိုယ် တောင်းခဲ့တယ်၊ ဒါပေမဲ့ မင်း မပေးခဲ့ဘူး၊ ကိုယ် နားလည်ပေးခဲ့ပါတယ်၊ ဒါပေမဲ့



ကိုယ့်အတွက် စောင့်စည်းပေးပါ"

"စိတ်ချပါရှင်၊ ကျမရဲ့ အပျိုစင်ဘဝကို နှင်းအပ်မယ့်သူဟာ ရှင်သာလျှင်ဖြစ်ရပါစေ့မယ်"

"ကိုယ်ပြန်လာတာနဲ့ မင်းကိုတောင်းရမ်းလက်ထပ်တော့မယ်နော်"

ကောင်လေးက စိတ်ချသွားပြီး နှုတ်ဆက် ခွဲခွာခဲ့ကာပေါ့။

ကောင်မလေးက နေ့ရက်တွေ လက်ချိုးရေကာ စောင့်နေခဲ့တယ်။ ဒါပေမဲ့ ...

ကံကြမ္မာဆိုတာက တကယ့်ကိုမမြင်နိုင်တဲ့အရာကို ခေါ်တာလေ။ ကောင်လေးထွက်သွားပြီး သိပ်မကြာခင်မှာပဲ သတင်းစကားတစ်ခု ရောက်လာတယ်။

ကုန်သွယ်သွားရာ လမ်းခရီးမှာ ကောင်လေးတို့လှေ မှောက်ပြီး လူတွေအများကြီး သေဆုံးကုန်ကြတဲ့အကြောင်းပေါ့။ ကောင်လေးကိုလည်း အလောင်းတောင် ရှာမတွေ့ကြပေမဲ့ သေပြီလို့ပဲ သတ်မှတ်ထားလိုက်ကြတယ်။

အလွမ်းတွေ ဖြေမဆည်နိုင်မှုတွေနဲ့ ကောင်မလေးခမျာ ကျန်ရစ်။ ဒါပေမဲ့ နောက်ဆုံးတော့လည်း အချိန်က အရာရာကို ကုစားသွားခဲ့တာပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် ကောင်မလေးဘဝကနေ မိန်းမပျိုကလေးဘဝ
ရောက်လာပါပြီ။ အဖူးအငုံလေးဘဝကနေ ငွားငွားစွင့်စွင့် ပွင့်လန်း
တဲ့ ပန်းကလေးတစ်ပွင့်လိုပါပဲ။ မိန်းကလေးအလှက ပိုလို့ တောက်
ပြည့်စုံလာ။ ခြုံချင်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ အဖြစ်ပေါ့။

ကိုယ်တိုင်ကစ်မျိုး မိဘတွေဆီက တစ်သွယ် အမျိုးကော
သားလေးတွေက သူမကို အမျိုးမျိုး ကမ်းလှမ်းကြတယ်။

မိန်းကလေးကတော့ ကမ်းလှမ်းသမျှကို ညင်ညင်သာသ
လေး ခေါင်းယမ်းခြင်းနဲ့သာ တုန့်ပြန်တာပေါ့။

ဟိုတစ်ယောက်ကြောင့်ရခဲ့တဲ့ ဒဏ်ရာအနာတရက သူ့ဆီ
မကျက်သေးဘူလေ။

ဒါပေမဲ့ ဘယ်လိုဖြစ်ဖြစ် ဇွဲမလျှော့ပဲ သည်းသည်းမည်းမည်
ပိုးပန်းနေသူတို့လဲ ရှိနေဆဲ။ နောက်ပိုင်းကျတော့ မိန်းကလေးမိဘတွေ
နားချလာတယ်။

""သမီးရယ်၊ အခုဆို ၃နှစ်လောက်တောင်ရှိရော့မယ်၊ ဟို
လည်း သေပြီးလို့ အရိုးတောင် ဆွေးနေလောက်ရောပေါ့""

""ဒါပေမဲ့ သူ့အလောင်းလေးတောင်မှ မမြင်လိုက်ရဘူး
အမေရယ်""

""ဒါကတော့သမီးရယ် ပင်လယ် သမုဒ္ဒြာကျယ်ကြီးထဲ
စုတ်စမြုပ်စ ပျောက်ကွယ်သွားလို့ နေမှာပေါ့၊ အရေးကြီး
က သမီးလေး ဆက်လက်ရှင်သန်ဖို့ပါပဲ၊ မိန်းကလေးဆို



က အချိန်တန်အရွယ်ရောက်လို့ လူလားမြောက်လာပြီဆိုရင်
သီးချိန်တန်သီး ပွင့်ချိန်တန် ပွင့်ရမယ်လေ""

မိဘတွေ နားချလွန်းမက နားချလေတဲ့အခါ မိန်းမပျို လေးက
တစ်ခွန်းတော့ ပြန်ပြောခဲ့တယ်။

""သမီး စဉ်းစားပါ့မယ်""

တဲ့။ ဒါကိုပဲ သူမ မိဘတွေက သဘောတူပြီလို့ ခေါင်းညိတ်
လိုက်တဲ့အနေနဲ့ အောက်မေ့ပြီး မိန်းကလေးကို ကမ်းလှမ်းနေတဲ့ထဲက
သူတို့သဘောအကျဆုံး ယောကျ်ားပျိုတစ်ယောက်နဲ့ စီစဉ်ပေးဖို့လုပ်
တော့တယ်။

နှစ်ဘက်မိဘတွေချင်း နားဖောက် ပြောဆိုကြပြီးလို့ အပြန်
အလှန် စကားတွေ လွှန်ပြီးကြချိန်မှ မိန်းကလေးက အလုံးစုံ သိရတော့
တယ်။ ဒီအချိန်မှတော့ သူ ဘာတတ်နိုင်ပါတော့မလဲလေ။ ခေါင်းညိတ်
ရုံသာ ရှိတော့တာပေါ့။

တစ်ရက်ပြီးတစ်ရက်နဲ့

တစ်ဆင့်ပြီးတစ်ဆင့် လက်ထပ်ရေးကိစ္စဟာ ရုပ်လုံးပေါ်
အကောင်အထည်မြောက်လာခဲ့တယ်။

သူမနဲ့လက်ထပ်ရမယ့် သတို့သားက တစ်ရွာသား။

မျက်နှာမြင်ရတဲ့အခါ မွှန်မွှန်ရည်ရည်ပဲမို့ သိပ်မဆိုးလှ ပါ
လို့သာ မိန်းကလေး ဟင်းချရတော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာဆိုတာက ...

တကယ့်ကို မမြင်နိုင်တဲ့အရာဖြစ်သလို

လူသားတွေကို တကယ်ပဲ လှောင်ပြောင်သရော်တတ်တဲ့ အရာဖြစ်မှန်း အခုမှ မိန်းကလေးနှလုံးသားနဲ့ခါတ်ဆတ် ခံစားလိုက်ရတယ်။

လက်ထပ်ဖို့ရာ အားလုံးစီစဉ်ပြီးတဲ့အချိန်

မိန်းကလေးအနေနဲ့လဲ မိဘစီစဉ်ရာကို ကြည်ကြည်ဖြူဖြူ လိုက်ပါ လိုက်နာတော့မယ့်အချိန်မှ ယုံးဝ မျှော်လင့်မထားတဲ့ အရာတစ်ခု ဖြစ်ပွားလာတယ်။

သတင်းစကားတစ်ခု ပေါ်ပေါက်လာတာပါပဲ။

ကောင်လေး ပြန်ရောက်လာပြီတဲ့။

မိန်းကလေးရဲ့ ငယ်ကျွမ်းဆွေ ချစ်သူ ကောင်လေးပေါ့။

သူမ ကောင်မလေးဘဝက ချစ်ကျွမ်းဝင်ခဲ့ရတဲ့ကောင်လေး။ သူမနဲ့ လက်ထပ်ဖို့အတွက် ကုန်သွယ်သွားခဲ့တဲ့ ကောင်လေး။ အဲဒီလို သွားရင်းကပဲ ပင်လယ်ပြင်မှာ လှေကြီးပျက်ရင်း သေသလား ရှင်



သလားမသိ။ သတင်းစကား စုန်းစုန်းမြုပ်သွားခဲ့တဲ့ ကောင်လေး။

ပြီးတော့ သူမ ကတိထား သစ္စာနှံခဲ့တဲ့ကောင်လေး။

အခု သုံးနှစ်လောက်ကြာမှ ပြန်ပေါ်လာတယ်။ ပြန်လာတာကလည်း သူမဆီပြန်လာတာ။ လှေနစ်သွားတာနဲ့အတူ ဆုံးရှုံးသွားရတဲ့ ဥစ္စာစည်းစိမ်တွေကို အတိုးရောအရင်းပါ တဖန် ပြန်လည် စုဆောင်းပြီး သူမနဲ့ နီးစပ်ရအောင် ပြန်လာတာတဲ့။

သတင်းစကားကြားတဲ့အခါ ပထမ ဝမ်းသာတယ်။ နောက်တော့ ဝမ်းနည်းတယ်။ နောက်ဆုံး အကြီးကျယ်ဆုံးကြေကွဲ သွားရတယ်။

ဝမ်းသာတာက သူမကို တန်ဘိုးထားကြောင်း သိရလို့။

ဝမ်းနည်းတာက အလာကောင်းပေမဲ့ အခါနှောင်းခဲ့ပြီမို့

အကြီးကျယ်ကြေကွဲသွားရတာကတော့ အဲဒီကောင်လေး အပေါ် သစ္စာနှံခဲ့ဘူးတဲ့အဖြစ်ကို သတိရလိုက်မိလို့။

ဘာပဲဖြစ်ဖြစ် ကံတရားကိုက ဒီလိုစီရင်လာတာလို့ပဲ မှတ်ယူလိုက်ရပါတော့တယ်။ ခုချိန်မှတော့ သူမတစ်ယောက် ဘာမှ တတ်နိုင်တော့တာ မဟုတ်တော့ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ...

မိန်းကလေးဆိုတာက မင်္ဂလာဦးညဆိုရင် ဟုန်လှုပ်တတ်စမြဲပါပဲ။ ဒါပေမဲ့ ဒီမိန်းမပျိုလေး မျက်နှာပျက်နေပုံက သိသာလွန်းနေတယ်။

သူမကို လက်ထပ်ပြီးကာစ မင်္ဂလာမောင်မယ်နွဲ့စက်ရာ ခန်းမဆောင်ထဲ ဝင်လာတဲ့ သတို့သားဟာ သတို့သမီးဖြစ်သူ မိန်းမပျိုလေး မျက်နှာပျက်ယွင်းနေပုံကို ချက်ချင်း သတိထားမိ သွားတယ်။

"ဘာဖြစ်နေတာလဲ နှမငယ်"

"အို ဘာမှ မဖြစ်ပါဘူး"

"နှမကြည့်ရတာ တစ်ခုခုတော့ ဖြစ်နေပါတယ်၊ ပြောပါ မျိုသိပ်မထားပါနဲ့ ကူညီလို့ရရင် ကူညီပါ့မယ်"

မိန်းမပျိုလေးက သတို့သားရဲ့ မျက်နှာကို တစ်ချက် မော့ကြည့်တယ်။ နောက်မှ ခေါင်းပြန်ငုံ့သွားပြီး ...



"အို အခုမှတော့ ကူညီချင်တောင် ကူလို့ရမှာ မဟုတ်တော့ပါဘူး"

"ဘာအကြောင်းများလဲ ... ပြောပါ၊ နှမငယ်ပြောပုံ ကြည့်ရတာ ကူညီဖို့ ဖြစ်ကောင်းဖြစ်နိုင်မယ့် အခွင့်အလမ်း ရှိနေပုံပဲ"

မိန်းကလေးက မပြောဘဲ မျိုသိပ်ထားမလို့ပါ။

ဒါပေမဲ့ သတို့သားဖြစ်သူက အတင်းမေးလွန်းမက မေးလေတော့မှ ဆက်အောင့်မထားနိုင်တော့တာနဲ့ မိန်းကလေးရင်ဖွင့်ဖြစ်လေတယ်။

"ကျမမှာ ရှင့်မတိုင်ခင်က သစ္စာထားဖူးတဲ့သူ ရှိတယ်"

အဲဒီလို စကားစလိုက်ပြီး အရင်က သူ့ချစ်သူအကြောင်းနဲ့ သူမအပျိုစင်ဘဝကို နှင်းအပ်ဖို့ရာ သစ္စာပြုခဲ့တဲ့အကြောင်း၊ သူမကို လက်ထပ်ဖို့ ဟိုတစ်ယောက် ကုန်သွယ်သွားရင်းက ပျောက်ဆုံးသွားခဲ့ပြီး သေပြီလို့အားလုံးက ထင်ခဲ့ကြတဲ့အကြောင်း၊ ခုလို အချိန်ကျမှ ပြန်ပေါ်လာလို့ စိတ်မကောင်းရကြောင်းတွေပေါ့။

မိန်းကလေးရဲ့ စကားတွေ ဆုံးသွားပြီးတော့ သတို့သားဖြစ်သူက သက်ပြင်းရှည်ကြီးကို ချလိုက်တယ်။

"ခုအတိုင်းဆို မင်းရဲ့ သစ္စာ ပျက်ယွင်းရတော့မယ်နော်"

"ကျမ အဲဒါကိုပဲ ယူကျုံးမရနိုင်အောင် ဖြစ်နေမိတာပါ ဒါပေမဲ့ ဘယ်တတ်နိုင်ပါ့မလဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းမဖြစ်ပါနဲ့၊ မင်းရဲ့သစ္စာ မပျက်ယွင်းပါဘူး"

"ဘယ်လို ! မဖြစ်နိုင်တော့တာပဲ"

"ဖြစ်နိုင်ပါတယ်၊ မင်းရဲ့သစ္စာပြုဘူးသူဆီ ပြန်သွားပါ"

မိန်းမပျိုလေး အရမ်း အံ့အားသင့်သွားတယ်။

"အို … ဒါပေမဲ့ ရှင်က ကျမရဲ့ ကာမပိုင်ယောကျ်ားဖြစ်နေပြီလေ"

"အေးလေ ဒါကြောင့်လဲ ကိုယ်ခွင့်ပြုရင်ဖြစ်တာပေါ့၊ မင်းရဲ့ သစ္စာဂတိကို မပျက်ယွင်းရအောင် စောင့်ရှောက်ပါ၊ ပြီးမှ ကိုယ့်ဆီ ပြန်ခဲ့ပါ"

"ရှင်"

"ဟုတ်တယ်၊ အခုလို သစ္စာဂတိကို အပျက်မခံဝံ့တဲ့ မိန်းကလေးဆိုတာသိရတော့ မင်းကို ပိုလို့တောင် တန်ဖိုးထားရပါတယ်၊ ပျိုတယ် အိုတယ်ဆိုတာက အရေးမကြီးလှပါဘူး၊ တကယ်မြတ်နိုးရင် တစ်ခုလပ် မုဆိုးမတွေကိုတောင် ယူကြသေးတာပဲ၊ ပြီးတော့ မင်းလို သစ္စာတရားကို တန်ဘိုးထားတဲ့သူနဲ့ ဘဝတလျှောက်ပေါင်းသင်းသွားရမှာကို ကိုယ်အရမ်း ကျေနပ်ပါတယ်၊ ဒါကြောင့် မင်းရဲ့ သစ္စာကို မပျက်ယွင်းရအောင်သာ သွားပါလေ"

မိန်းကလေးမှာ ဘာပြောရမှန်းတောင် မသိအောင်ပါပဲ။



ခင်မတန်စိတ်ထားမြင့်မြတ်တဲ့ ယောကျ်ားတစ်ယောက်ကို တွေ့နေရတာမို့လဲ လေးစားပီတိနဲ့ အကြာကြီး ငေးကြည့်မိတယ်။

ပြီးတော့ ရှိသေစွာ ကျုံ့ကျုံ့လေးဝပ်တုပ်လို့ ဦးသုံးကြိမ်ချ။ မျက်ရည်တွေ တွေတွေစီးကျရင်းက တုန်ရင် လှိုက်လှဲနေတဲ့ အသံနဲ့ ပြောခဲ့တယ်။

"အရမ်းစိတ်ထားမြင့်မြတ်လှပါတယ်ရှင်၊ အရမ်းလဲ ကျေးဇူးတင်ပါတယ်၊ ကျမ မကြာခင် ပြန်လာခဲ့ပါ့မယ်၊ အဲဒီအချိန် ကျရင် ရှင့်အတွက် အကောင်းဆုံးဇနီးတစ်ယောက် ဖြစ်ရပါစေမယ်"

တကယ်ပဲ သဘောထားကြီးလှတဲ့ သတို့သားပါပဲ။ အဲဒီမင်္ဂလာဦးညမှာတင် မိန်းမပျိုလေးကို ဟိုငယ်စဉ်က ချစ်သူဆီ ပြန်လွှတ်ပေးတယ်။ အခြေအရံ အသင်းအပင်းတွေတောင် ထည့် လိုက်ပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတို့ နေထိုင်ရောက်နေ သူမရဲ့ငယ်ချစ် ကောင်လေး ရှိရာ အရပ်ထိ သွားရတဲ့လမ်းခရီးမှာ တောအုပ်ကလေး တစ်အုပ်ကို ဖြတ်သန်းသွားရတယ်။

အဲဒီတောအုပ်ကလေးမှာ မှိတင်းပြီး ခိုးဆိုး သောင်းကျန်းနေတဲ့ ဓားပြအဖွဲ့တစ်ဖွဲ့ရှိတယ်။

ညဥ့်နက်အချိန်မှသာ သူတို့ တိုက်ခိုက်လုယက်လေ့ရှိပြီး အတိုက်ခံရသူတွေကို သတင်းမပြန့်ရအောင် လက်စတုံး ဖျောက်ဖျက်ပစ်လို့တကြောင်း၊ ပိုင်မှသာ တခါတလေ လုယက်တတ်ပြီး အမြဲ သောင်းကျန်းနေတာ မဟုတ်လို့တကြောင်း လူသိနည်းလှပါတယ်။

ကံဆိုးချင်တော့ ငယ်ချစ်ကောင်လေးဆီ ဦးတည်လာတဲ့ မိန်းကလေးဟာ အဲဒီဓားပြအဖွဲ့မှ တည့်တည့်တိုးခဲ့တယ်။ အဲဒီ ဓားပြအဖွဲ့ကလည်း အဲဒီအချိန် ရောက်လာသူတွေကို တိုက်ခိုက် လုယက်မယ်လို့ ဆုံးဖြတ်ထားပြီးသား ဖြစ်နေတယ်။



မိန်းကလေးမှာ အခြွေအရံတွေ ပါလာတယ်ဆိုပေမဲ့ ရိုးရိုးလူတွေပဲမို့ ဓားပြတွေကိုတော့ ဘယ်ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်း ရှိကြပါ့မလဲ?

ရက်လည်းရက်စက် လက်လည်း ယဉ်နေကြတဲ့ ဓားပြတွေ မဟုတ်လား။ အခြွေရံအားလုံး တစ်ယောက်မကျန် အသတ် ခံလိုက်ရတယ်။ မိန်းကလေးကိုပါ သတ်ဖြတ်နှုတ်ပိတ်တော့မလို့ရှိစဉ်မှာ ဓားပြအုပ်စုထဲက တစ်ယောက်က ရှေ့ကို ထွက်လာတယ်။

"ဟော့ ရပ်၊ သူ့ကို မသတ်ပါနဲ့"

"ဟာ ဘာဖြစ်လို့လဲ သူ့ကိုမသတ်ရင် တချိန်မှာတို့အကြောင်း ဖော်ကောင်လုပ်မှာပေါ့၊ တစ်ခါတည်း နှုတ်ပိတ်လိုက်တာ ကောင်းပါတယ်"

"ဒီနေ့တိုက်ခိုက်မှုအတွက် ကျွန်တော်ရမယ့် ဝေစုကိုပေးပါ့မယ်၊ သူ့အသက်ကို ချမ်းသာပေးပါ"

ဓားပြတွေက အဲဒီသူကို လှောင်ရယ်ကြတယ်။

"တန်တော့ … မင်း ဒီကောင်မလေးကို ကြိုက်သွားပြီထင်တယ်"

"ဟုတ်ပါတယ်၊ ကျနော် သူ့ကိုအကြင်လင်မယားအဖြစ် သိမ်းပိုက်ပေါင်းသင်းချင်လို့ပါ"

"ကဲ ကဲ ဒါဆိုလဲ ယူစေဗျာ၊ မင်းရဲ့တိုက်ရာပါ[illegible]

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပဲ သတ်မှတ်လိုက်မယ်၊ မင်းနှယ့်ကွာ၊ ဒီတစ်ခေါက်က တို့နဲ့ ပထမဆုံးစလိုက်တဲ့အခေါက်၊ ဒီတစ်ခေါက်မှာပဲ ဥစ္စာ ပစ္စည်းမရဘဲ မိန်းကလေးကိုသာအရယူရတယ်လို့ တယ်မိုက် သကိုး''

မိန်းမပျိုကို တောင်းဆိုသူဓားပြက ဘာမှဆက်မပြောမနေတော့ပဲ မိန်းမပျိုလေးဘက်လှည့်လာခဲ့တယ်။ ရုပ်ကလေးကြည့်တော့ သနားကမား။ သူ့မန့်မှ သက်တူရွယ်တူလောက်ရှိမယ်။ ဘာကြောင့်များ ဒီလိုအလုပ်မျိုးလုပ်နေပါလိမ့်လို့ တွေးမိပေမဲ့ ကြောက်ရွံ့စိတ်က ပိုလာတာကြောင့် မိန်းကလေးမှာ သူ့ကို မျက်နှာချင်းဆိုင် မကြည့်ဝံ့တော့ပဲ မျက်လွှာချထားလိုက်ရတယ်။ ဓားပြက ပိုင်စိုးပိုင်နင်း မိန်းကလေးလက်ကို လာဆွဲခေါ်ပြီး ...

''လာ၊ လိုက်ခဲ့''

လို့ ခေါ်သွားပါတော့တယ်။

●



''ဟော့ ငါက ဓားပြနော်၊ အခုလို မျက်ရည်ကျပြနေလို့လဲ စိတ်ပြောင်းသွားမှာ မဟုတ်ဘူး''

သူမနေထိုင်ဖူ တဲကလေးထဲ ရောက်ရောက်ချင်းပဲ ဓားပြက မိန်းကလေးကို ပြောလိုက်တယ်။

မိန်းကလေးက မျက်ရည်တွေဆွတ်နေတဲ့ မျက်လုံးတွေနဲ့ မော့ကြည့်ရင်း ...

''အခုတော့ ကျမဟာ ရှင့်လက်ခုပ်ထဲက ရေပါပဲ၊ ကျမ အသက်ကိုတောင် ရှင်ပိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ်ရှင်ကြိုက် သလို ပြုနိုင်ပါတယ်၊ ဒါပေမဲ့ ကျမ ဝမ်းနည်းတာက ...''

''ဘာလဲ မင်းအခြွေအရံတွေကို တို့က သတ်လိုက်လို့ မင်း စိတ်မကောင်းဖြစ်နေတာလား''

''အဲဒီအတွက်လည်း စိတ်မကောင်းပါဘူးလေ၊ ဒါပေမဲ့ ပြီးခဲ့တဲ့ကိစ္စမို့ ဘယ်တတ်နိုင်ပါတော့မလဲ၊ သူတို့ ကျမမျက်စိ ရှေ့တင် ခုလိုမျိုး ဖြစ်သွားတဲ့အတွက် ကျမဘဝတလျှောက် လုံး စိတ်မကောင်းဖြစ်သွားတော့မှာပါ၊ ဒါ့အပြင် ကျမကိုယ် ကျမ တစ်ဘဝလုံး လူဆက်ဖြစ်ရမှာ စိတ်မသန့်တော့တဲ့အရာ တစ်ခုရှိပါသေးတယ်''

''ဘာလဲကွ၊ မင်းဟာက ထူးထူးဆန်းဆန်း''

''ကျမ ဂတိစကားတစ်ခွန်းကို မတည်နိုင်တော့မယ့်အပြင်

www.burmeseclassic.com

www.burmeseclassic.com



ပါ''

''ဟား ဂတိလေး မတည်နိုင်တာလောက်များကွာ''

''ကျမအတွက်တော့ ဂတိသစ္စာဆိုတာ အသက်ထက်ပိုအ
ပါပါတယ်၊ ကျမထားဘူးတဲ့ဂတိစကားတစ်ခွန်းကိုတည်
အတွက် အသက်ကို ပေးရမယ်ဆိုလဲ ပေးမယ်''

''မင်းက ဘယ်လိုသစ္စာဂတိထားခဲ့ဘူးလို့လဲပြောပါဦး''

မိန်းကလေးက သူမငယ်စဉ်က သစ္စာဂတိထားခဲ့ဘူး
အကြောင်းတွေ ပြန်ပြောပြလိုက်တယ်။ နောက်ဆုံး အဲဒါကြောင့်
သူ့ခင်ပွန်းဖြစ်သူက သူ့ကို ခုလို ခွင့်ပေးပြီး လွှတ်လိုက်တဲ့ အကြော
တွေအထိပေါ့။

သူ့စကားတွေ ဆုံးသွားတော့ ဓားပြက ငိုင်ကျသွားတယ်

''မင်းက သစ္စာတရားကို တော်တော်တန်ဘိုးထားတာပဲ''

''ကျမကတော့လေ ဂတိသစ္စာမတည်ပဲ အသက်ရှင်ရခြ
ထက် ဂတိသစ္စာမြဲမြဲစွာ စောင့်ထိန်းရင်း သေဆုံးသွားရခြ
က ပိုမြတ်တယ်၊ အဲဒါကမှ လူပီသတယ်လို့ ခံယူထား
တယ်''

ဓားပြက သက်ပြင်းတစ်ချက်ကိုချလိုက်တယ်။ ပြီးတော
မိန်းကလေးကို အကြာကြီး မျက်တောင်မခတ်ပဲ ငေးကြည့်နေတယ်
ပြီးတော့ အံ့အားသင့်စရာ စကားတစ်ခွန်းကို ပြောလိုက် တယ်။



''ငါ မင်းကို တကယ်မြတ်နိုးမိတာပါ''

မိန်းကလေး အံ့သြသွားတယ်။ ဒီလိုအချိန်မှာ ဒီစကားမျိုး
ပြောလာလိမ့်မယ်လို့ သူ မထင်မိခဲ့ဘူးလေ။ ဓားပြက ဆက်ပြောတယ်။

... တကယ်ပြောတာ။ မင်းကို တွေ့တွေ့ချင်းငါမြတ်နိုးသွား
တယ်၊ ဒါကြောင့် ငါ မင်းကို၊ မသတ်ပဲ ချန်ထားပေးဖို့
တောင်းဆိုခဲ့တာ၊ ငါကတော့ ဓားပြပဲကွာ ဂတိတွေ သစ္စာ
တွေ နားမလည်ပါဘူး။ ဒါပေမဲ့ မင်းကို ငါ မြတ်နိုးတယ်၊
ဒီတော့ မင်းမြတ်နိုးတဲ့အရာကို ငါလဲလိုက်မြတ်နိုးရပါလိမ့်
မယ်''

ပြောပြောဆိုဆိုနဲ့ ဓားပြက တဲကလေးရဲ့ တံခါးပေါက်ကို
သွားဖွင့်ပေးလိုက်တယ်။

''ဟင်''

အံ့အားသင့်ပြီးရင်းသင့်နေရတဲ့ မိန်းကလေးကို ဓားပြက
တည့်တည့် မမှိတ်မသုန်ကြည့်ရင်း တစ်ခွန်းချင်းပြောတယ်။

''သွားပါ၊ မင်းရဲ့ ကတိစကားအတိုင်း တည်တံ့အောင်
စောင့်ထိန်းဖို့အတွက် မင်းသစ္စာနဲ့ဘူးတဲ့သူ့ဆီကို မင်းသွား
ပြီးရင်သာ ငါ့ဆီ ပြန်ခဲ့ပါ''

''ရှင် ရှင်က ကျမကို ခွင့်ပေးမယ်လား''

''ဟုတ်တယ်၊ ဒါဟာ ငါမင်းကို ဘယ်လောက်မြတ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အကြောင်း သက်သေပြချက်ဖြစ်တယ်၊ ငါတို့ ဓားပြတွေရဲ့ စည်းမျဉ်းအရ ငါ့တိုက်ရာပါပစ္စည်းကို ငါ ပိုင်တယ်၊ ငါဟာ မင်းရဲ့ အသက်ကိုပါ ဝင်ကယ်လိုက်လို့ မင်းအသက်ကိုလည်း ပိုင်သွားပြီလို့ ယူဆတယ်၊ ဒါပေမဲ့ မင်းကတိသစ္စာ မပျက်ယွင်းရအောင် ခဏ ခွင့်ပေးလိုက်မယ်၊ ပြီးရင် မင်းငါ့ဆီ ပြန်လာခဲ့ပါ၊ ငါမင်းကို ဒီနေရာကနေပဲ ဆက်ပြီးစောင့်နေမယ်''

မိန်းကလေးအဖို့ ကြုံနေရသမျှကို အိပ်မက်လို့သာ ထင်ချင်ပါတော့တယ်။ အခြေအနေတွေက ဘယ်လိုမှမယုံနိုင်လောက်အောင်ပါဘဲလေ။

ကျေးဇူးတင်လွန်းစွာ၊ အံ့သြထူးဆန်းစွာနဲ့ ဓားပြမျက်နှာကို စေ့စေ့ တစ်ချက်ကြည့်လိုက်တယ်။ ပြီးတော့ ချာကနဲ တဲကလေးထဲက သူမ ထွက်လာခဲ့ပေါ့။

ဓားပြကတော့ ဓားဟန်းလန်းစိုက်ထားတဲ့ စားပွဲလေးတစ်လုံးရှေ့မှာ ထိုင်ရင်း တစ်ယောက်တည်း …

စောင့်ကျန်ရစ်လေတယ်။



''ဟာ မဟုတ်တာပဲ''

မိန်းကလေးရဲ့ ငယ်စဉ်က သစ္စာထားဘူးတဲ့ ချစ်ဦးသူဆီ ရောက်ရောက်ချင်းမှာပဲ ကြားလိုက်ရတဲ့ တုန့်ပြန်စကားဖြစ်ပါတယ်။

ညကြီးအချိန်မတော် သူ့ဆီရောက်လာတဲ့ မိန်းကလေးကို တွေ့တွေ့ချင်း ဟိုတစ်ယောက် အရမ်းဝမ်းသာသွားတယ်။ ပြီးတော့ အံ့အားသင့်တယ်။ အကြောင်းစုံကို မိန်းကလေးကရှင်းပြချိန်မှာ လက်ဝါးကာရင်း အထက်ကအတိုင်း ပြောတော့တာပဲ။

''အဲဒီတော့ ကျွမက ရှင့်အပေါ် သစ္စာပြုဖူးတဲ့အတိုင်း ကျွမရဲ့ အပျိုစင်ဘဝကို ရှင့်ဆီ ပေးအပ်ဖို့ရာ လာခဲ့တာပါ''

''ဘယ်ဖြစ်မလဲ၊ အခုမင်းက တခြားတစ်ယောက်ရဲ့ကာမပိုင်မယားဖြစ်နေပြီလေ''

''သူကို ခွင့်တောင်းခဲ့ပြီးပါပြီ၊ သူ့ခွင့်ပြုချက်နဲ့ ကျွမ ရှင့်ဆီ လာခဲ့တာပါ''

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပျိုက စဉ်းစားသလို တစ်ချက်ပြုတယ်။

"ကောင်းပြီ ဒါဆို ဒီမှာ ညအိပ်လိုက်တော့"

မိန်းကလေးက ရှတ်တရက်နားမလည်ဘူး။

"အခု ညဉ့်လယ်တောင်ရောက်နေပြီလေ၊ ဒီမှာပဲ အိပ်လိုက်တော့လို့ပြောတာ၊ ကိုယ်က ဟိုဘက်ကအဖီလေးမှာ သွားအိပ်မယ်၊ မင်းနဲ့ကိုယ် တစ်မိုးတည်းအောက်မှာ အိပ်လို့ မသင့်တော်ဘူးလေ"

"ဒါပေမဲ့ ...

"တော်ပြီ ဘာမှ ဆက်မပြောနဲ့တော့၊ မင်းဆီကကိုယ် သစ္စာဂတိ တောင်းခဲ့တယ်ဆိုတာဟုတ်တယ်၊ အဲဒီဂတိအတိုင်း အခု မင်းရောက်လာတယ်၊ ဒါဆိုရပြီ၊ မင်း တာဝန်ကျေပြီ၊ ကိုယ့်အပေါ်မှာ ဒီလိုမျိုးဂတိတည်တဲ့အတွက် ပြောမပြနိုင်လောက်အောင် ကျေးဇူးတင်ရပါတယ်၊ ဒါပေမဲ့ ကိုယ်က အခွင့်ရေးရတိုင်း ယူတတ်တဲ့လူစားမျိုး မဟုတ်ဘူးကွာ၊ မင်းနဲ့ကိုယ်ဖြစ်ချင်တာမျိုးကလည်း ချစ်သူကြင်ဘက်တွေအနေနဲ့ ကြည်ကြည်ဖြူဖြူ အချစ်နယ်အဆုံးကို လျှောက်ချင်တာ။ အခုလို ယဇ်ပူဇော်သလို နတ်စာတင်သလို အခြေအနေမျိုးနဲ့တော့ မင်းနဲ့ ဘာမှ မဖြစ်ချင်ပါဘူး"

"ကျမက အဲဒီလို မရည်ရွယ်ပါဘူးရှင်"



"ကိုယ်နားလည်ပါတယ်၊ ကံကြမ္မာကိုက အခုအတိုင်းဖန်တီးလာမှတော့ ကိုယ်တို့ ဘာတတ်နိုင်မလဲ၊ စိတ်ချပါ ဒီညတစ်ညလုံးမင်းကိုကိုယ် လက်ဖျားနဲ့တောင် မထိဘူး၊ နံနက်လင်းတာနဲ့ မင်းသွားလိုရာဆီ အရောက်ပို့ပေးပါ့မယ် စိတ်ချ"

"ကျေးဇူးတင်ပါတယ် ရှင်ရယ်"

"ကိုယ်က ကျေးဇူးတင်ရမှာပါကွာ၊ မင်းရဲ့ တည်တံ့မြဲမြံလှတဲ့ သစ္စာဂတိအတွက်လေ၊ အခုတော့ အရာအားလုံး ပြီးမြောက်သွားပါပြီ မင်းက မင်းကတိအတိုင်း ကိုယ့်ဆီ မင်းရဲ့ အပျိုစင်ဘဝကို လာဆက်သတယ်၊ ကိုယ်က ကိုယ့်သဘောနဲ့ကိုယ် မယူလိုက်ဘူး၊ ဒီတော့ နောက်ပိုင်းမှာ မင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်စရာလည်း ရှိမနေတော့ပါဘူး။ မင်း တာဝန်ကျေပြီလို့သာ အောက်မေ့ပါတော့ကွာ"

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ဖြူစင်တဲ့ အပြုံးတွေ ပြိုင်တူဖူးပွင့်မိကြတယ်။

ဒီအချိန်ကျမှ မိန်းကလေးက လမ်းခရီးတလျှောက်က အကြောင်းတခုကို တစ်ဝက်ထိန်ချန်ရင်းပြောပြလိုက်တယ်။

"ကျမ အခုပြန်ရင် ကျမ ခင်ပွန်းဆီ ပြန်လို့ မဖြစ်သေးဘူး"

"ဟင် ဘာလို့လဲ"

"ကျမ လမ်းမှာ ဓားပြတိုက်ခံခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ ဘယ်နေရာမှာလဲ၊ ဘယ်လိုဖြစ်ရတာလဲ"

"မမေးပါနဲ့၊ ကျမပြောနိုင်တာကတော့ တခုပဲရှိတယ်၊ အဲဒီလို အတိုက်ခိုက်ခံရစဉ်မှာ ဓားပြတစ်ယောက်က ကျမကို သိမ်းပိုက်ခဲ့တယ်။ အခုက သူ့ခွင့်ပြုချက်နဲ့ ကျမ လာခဲ့တာဖြစ်တယ်"

"သူက ... အဲဒီ ဓားပြက မင်းကို ခွင့်ပြုတယ်"

"ဟုတ်တယ် ကျမရဲ့ သစ္စာမပျက်ယွင်းရအောင်လို့ အဲဒီ ဓားပြက ကျမကို ခွင့်ပြုခဲ့တယ်"



မနက်လင်းတာနဲ့ မိန်းကလေး ခရီးပြင်းနှင်ဟော့တာပဲ။

ဒီတစ်ခါတော့ စိတ်လက်ပေါ့ပါးလို့ပေါ့။

ရှေ့မှာ ဘယ်လို အခက်အခဲပဲကြုံကြုံ သူမ ရင်ဆိုင်နိုင်ပြီ။ သူမရဲ့ သစ္စာဂတိကို တည်တံ့အောင် စောင့်ထိန်းနိုင်ခဲ့ပြီလေ။

အလာတုန်းက ဖြတ်သန်းခဲ့ရတဲ့ တောအုပ်ကလေးဆီကိုပဲ တန်းတန်းမတ်မတ်ပြန်လာခဲ့တယ်။ ဒီတောအုပ်မှာ ဓားပြဟာ သူ့ကို စောင့်နေလိမ့်မယ်လေ။

ဒါပေမဲ့ ...

တောအုပ်ကလေးထဲ ဝင်လိုက်ချင်းမှာပဲ

မိန်းကလေးအရမ်း အံ့သြသွားရတယ်။

တောအုပ်ကြီးတစ်ခုလုံးက အခြေအနေတွေပြောင်းလဲနေပြီလေ။ တစ်ခုခု ဆိုးဆိုးရွားရွားဖြစ်ပျက်ခဲ့ပြီမှန်း သိသာလှတယ်။

မြေပြင်အနှံ့ ရုပ်ပွပြောင်းဆန်လို့

နေရာတစ်ချို့မှာ သွေးစသွေးနတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



မကြာသေးခင်ကလေးတင် တိုက်ပွဲကြီးတစ်ခုခု ဖြစ်ပျက်ခဲ့ပြီ မှန်း သိသာနေတဲ့အသွင်သဏ္ဌာန်က အထင်အရှား။ ဓားပြ စောင့်နေ မယ့် တဲကလေးဆီ အပြေးလာခဲ့လိုက်တယ်။

မိန်းမပျိုလေးမှာ စိတ်မကောင်းရုံသာ တတ်နိုင်ပါတော့တယ်။ တဲကလေးက အဖျက်ဆီးခံလိုက်ရပါပြီ။ အဲဒီနေရာတစ်ဝိုက် ဘယ်သူ တစ်ဦးတစ်ယောက်မှကို ရှိမနေတော့ဘူး။

ဓားပြတစ်သိုက်တော့ အဖမ်းဆီးခံလိုက်ရပုံပေါ်ပါတယ်။ ဘုရင့်တပ်တော်သားတွေ တစ်နည်းနည်းနဲ့ သတင်းရပြီး ဖမ်းဆီးသွားကြတာ ဖြစ်မှာပေါ့။ ဘာပဲဖြစ်ဖြစ် မိန်းကလေးလဲ ဘာမှ မတတ်နိုင်တော့ပြီမို့ သူစတင်ခဲ့ရာအရပ်ဆီ ပြန်ဖို့ ဦးတည်တယ်။

ဒီအတိုင်းသာဆိုရင်တော့

သူ့ခင်ပွန်းဆီ ပြန်ရောက်သွားတော့မလို့ပါပဲ။

ဒါပေမဲ့ ...

မျှော်လင့်မထားတဲ့ အရာတစ်ခုက ဖြစ်ပွားလာခဲ့ပြန်ပါတယ်။



မိန်းကလေးရဲ့ ငယ်စဉ်ဘဝတည်းက ပန်း၊ ရေချမ်းကပ်လှူ ဆုတောင်းလေ့ရှိတဲ့ ညောင်ပင်ဟာ သူမအပြန်လမ်းပေါ်မှာ ရှိနေပါ တယ်။

ဒီတော့ လမ်းကလဲကြုံနေတာမို့ ညောင်ပင်ကြီးဆီဝင်ပြီး ပြု နေကျ ဝတ်ကိုပြုတယ်။ အဲဒီနောက် ... နှုတ်က အကျင့်ပါနေတဲ့ အတိုင်း ...

"ကိုယ့်ကိုတကယ်မြတ်နိုးတဲ့ချစ်သူနဲ့ ဆုံဆည်းရပါစေ" လို့ ရွတ်ဆိုလိုက်မိရင်ပဲ

ညောင်ပင်စောင့် ရုက္ခစိုးကြီးဟာ ကိုယ်ထင်ပြလာလေတော့ တယ်။

"သမီးတော် ... သင့်ပူဇော်ဆည်းကပ်မှုကား ကျေပွန်ခဲ့လေ ပြီ၊ သင့်ဆုတောင်းအတိုင်းပြည့်ဝရန်လည်း ကျွန်ုပ် အစွမ်းကုန် ကူညီလေအံ့"

ရုတ်တရက်တော့ မိန်းကလေးက လန့်သလိုဖြစ်သွားတယ်။ နောက်မှ ရုက္ခစိုးမင်းကိုယ်ထင်ပြတဲ့အဖြစ်ကို နားလည်ပြီး ဝမ်းသာ အားတက်သွားတာပေါ့။

"ကျွမ ...ကျွမ ကိုယ့်ကို တကယ်မြတ်နိုးချစ်ခင်တဲ့သူနဲ့ ဆုံဆည်း ရပြီလားရှင်"

"ဆုံဆည်းခဲ့ပါပြီ သမီးတော်၊ သမီးကို တကယ်ချစ်တဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဘယ်သူဆိုတာ သိပါသလား''

မိန်းကလေး ရုတ်တရက် ဝေခွဲမရဖြစ်သွားခဲ့တယ်။

''ကျမဘဝမှာလေ ယောကျ်ားသုံးယောက်နဲ့ ဆုံရတယ်၊ သူတို့အားလုံးဟာ ကျမအတွက်တော့ မြင့်မြတ်လှတဲ့ ယောကျ်ားကောင်းတွေချည်းပါပဲ''

''တကယ်ချစ်တဲ့သူဆိုတာ မြင့်မြတ်ခြင်းနဲ့ တိုက်ရိုက်မပတ်သက်ပါဘူး သမီးတော်''

''ဒါဆို ဘယ်သူက ကျမကိုတကယ်ချစ်တာလဲ၊ အားလုံးတော့ ကျမကို ချစ်ကြတာချည်းပါပဲ၊ အားလုံးပဲ ကျမအတွက် စွန့်လွှတ်အနစ်နာ ခံခဲ့ကြတယ်။ အဲဒီထဲက ဘယ်တစ်ယောက်က ပိုသလဲ''

''တကယ်ချစ်တဲ့သူဆိုတာ မိမိအတ္တကို ပြောင်းလဲနိုင်တဲ့သူ၊ မိမိရဲ့ အမူအကျင့်ကိုဖြစ်စေ ဘဝနေပုံပိုင်မှုပုံစံကိုဖြစ်စေ ချစ်သူအတွက် ပေးဆပ် ပြောင်းလဲပေးနိုင်သူဖြစ်တယ်''

''အဲဒါ ဘယ်သူများလဲ ဟင်''

''သမီးရဲ့ အဖြစ်ကို ဆန်းစစ်ကြည့်ရအောင် အရင်ဆုံး သမီးရဲ့ ခင်ပွန်း၊ သူဟာ သမီးသစ္စာကတိရှိတဲ့အတိုင်း သမီးရဲ့ အပျိုစင်ဘဝကို တပါးသူဆီမှာပေးဆပ်ဖို့ ခွင့်ပြုခဲ့တယ်၊ သူဟာ တကယ့်ကို မြင့်မြတ်လှတဲ့ ယောကျ်ားမြတ်ဖြစ်ပါတယ်''



''ဟုတ်ကဲ့''

''နောက် သမီးရဲ့ ငယ်ချစ်ဦး၊ သူကလဲ သမီးက လာရောက်နှင်းအပ်နေသားနဲ့ သမီးရဲ့ အမွန်မြတ်ဆုံးအရာကို မရယူပဲ လက်လွှတ်ပေးခဲ့တယ်၊ သူဟာလည်း စွန့်လွှတ်နိုင်တဲ့ ယောကျ်ားကောင်းတစ်ယောက် ဖြစ်ပါတယ်''

''ဒါဆို ဟို ဟို ဓားပြကရော ဟင် ...''

''သူကတော့ လူကောင်းတစ်ယောက်မဟုတ်ဘူး။ သမီးနဲ့ မတွေ့ခင်ကဆိုရင်ပေါ့၊ လူ့အသက်တွေကို သတ်ဖြတ် ခိုးဆိုးတိုက်ခိုက်နေတဲ့နောက် ဘယ်လို လူကောင်းခေါ်နိုင်ပါတော့မလဲ၊ ဒါပေမဲ့ အဲဒီလို လူဆိုးတစ်ယောက် ဖြစ်ပါလျက်က သမီးကို မြတ်နိုးလှတဲ့အတွက် ပြုနိုင်ခဲတဲ့အရာကို ပြုခဲ့တယ်၊ သူကပဲ သမီးအပေါ် အမြတ်နိုးဆုံး တကယ့်ချစ်သူလို့ ဆိုရလိမ့်မယ်''

ရက္ခစိုးကြီးရဲ့ စကားအဆုံးမှာ မိန်းကလေး ငိုင်ကျသွားခဲ့တယ်။

''ဒါပေမဲ့ သမီး ဆုတောင်းခဲ့သလို ကိုယ့်ကို တကယ်မြတ်နိုးတဲ့ ချစ်သူနဲ့ ဆုံဆည်းဖို့ရာက မဖြစ်နိုင်တော့ပါဘူးလေ၊ သမီးနဲ့သူ ပေါင်းစပ်ဖို့ ဆိုတာကမဖြစ်နိုင်တော့မယ့် အရာပဲ''

''သမီး ထင်နေတဲ့အတိုင်း သူ့ကို ဘုရင့်တပ်တော်သားတွေ

www.burmeseclassic.com

www.burmeseclassic.com



က ဖမ်းသွားတာ ဟုတ်ပါတယ်။ ဒါပေမဲ့ ဘုရင်ကြီးက ဥပုသ်ဆောင်ထွက်ခါစမို့ လူမသတ်ချင်ဘူး၊ ပြီးတော့ သူက လည်း စားပြမှုကို ဒီတစ်ကြိမ်တည်းသာ ကျူးလွန်ဘူးသူဖြစ် တယ်၊ သမီးကိုယ်တိုင် လိုက်သွားပြီး သမီးအသက်ကို ကယ်တင်ခဲ့ဘူးတဲ့အကြောင်း ဘုရင်ကြီးဆီ လျှောက်တင်ခဲ့ ရင် သူ့အပြစ်က လွတ်ပါလိမ့်မယ်''

မိန်းကလေးမျက်နှာ ပြုံးသွားတယ်။ ဒါပေမဲ့ တစ်ချက် စဉ်းစားမိတာကြောင့် တွေကန်ကန်ကစ်ချက် ဖြစ်ပြန်တယ်။

''သမီးပြန်လာပါမယ်လို့ ကတိပြုထားရတာ နှစ်ယောက် တောင် ဖြစ်နေပါတယ်''

''ဘာကိုမှ တွေဝေမနေပါနဲ့ နှလုံးသားက စေညွှန်တဲ့လမ်းကို သာ ဖြောင့်ဖြောင့်တန်းတန်းလိုက်ပါ၊ သမီးတော်၊ တစ်နည်း အားဖြင့် ပြောရင်လည်း သူဟာသမီးကို တိုက်ရာပါပစ္စည်း တစ်ခုလို ရွေးနှုတ်ယူခဲ့တာမို့ သမီးအသက်ကို သူပိုင်နေပါပြီ အသက်ပိုင်သူဆီပြန်သွားတာ သမီးတရားပါတယ်၊ နောက် ပြီးသူက ပတ်ဝန်းကျင်မကောင်းလို့မို့ ဒီဘဝ ရောက်သွားတာ ပါ၊ သမီးတို့ လက်ဆက်ပြီးတဲ့အခါ သူဟာ လူကောင်း သူကောင်း ဖြစ်ပြီး သမီးတို့အောင်မြင်ပျော်ရွှင်တဲ့ မိသားစုဘဝ တစ်ခုကို ရရှိပိုင်ဆိုင်နိုင်ပါလိမ့်မယ်''



မိန်းကလေးက ပုဆစ်တုပ် ဝပ်ပြုနေတဲ့အတိုင်းရှိနေရာက ချက်ကနဲ ထရပ်တယ်။ ရှက္ခစိုးကြီးရဲ့ နောက်ဆုံးပြောစကားကို သူ မကြားလိုက်တော့ဘူး။

''ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ ... မိမိချစ်သူ အတွက် ကိုယ့်ရပ်တည်မှုကိုယ် ပြောင်းပြန်လှန်သလို ပြောင်း လဲပေးနိုင်တဲ့သူ၊ ဘဝမှာတကြိမ်တခါမှ မပြုကျင့်ခဲ့ဘူးတဲ့ အပြုအမူ အကျင့်အကြံမျိုးကိုတောင် မြတ်နိုးစိတ်တစ်ခုတည်း သက်သက်အတွက် ပြုမူကျင့်ကြံပေးနိုင်တဲ့ သူသာလျှင် တကယ့်အချစ်ဆုံးချစ်သူ ဖြစ်တယ်''

ဆိုတဲ့ စကားတစ်ခွန်းဟာ ပြေးထွက်သွားတဲ့ မိန်းကလေးရဲ့ ခြေလှမ်းတွေနောက်က အပြေးလိုက်ပါလို့ လောကတစ်ခွင်ကို အလှဆင် ပေးနေပါလေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတစ်ကြိမ်လျှောက်လဲချက်အပြီးတွင်

လူငယ်ကလေးက မြို့၏အရှေ့တောင်အရပ်သို့ ပျားရောက်လေ့လာခဲ့သည်

ချစ်သူတို့၏ ဂမ္ဘီရမြို့တော်မှ ထိုအရပ်တွင်လည်း ထူးခြားဆန်းပြားလှသော

ဂမ္ဘီရနည်းသစ်တစ်ခုကို ရရှိခဲ့သည်

ယင်းဂမ္ဘီရနည်း၏အမည်မှာ . . .

"အဝေးရောက်ချစ်သူသို့ ဂမ္ဘီရအတတ်ဖြင့် အနမ်းပျံ့ပို့နည်း"

ဖြစ်လေသည်။



# အဝေးရောက်ချစ်သူသို့ ဂမ္ဘီရအတတ်ဖြင့် အနမ်းပျံ့ပို့နည်း

ဝေးကွာနေတဲ့ချစ်သူဆီကို အနမ်းလက်ဆောင်ပို့ချင်ပါသလား။

သူအိပ်ပျော်နေတဲ့အချိန်မျိုးမှာ ပို့ရင်ပိုထိရောက်အဆင်ပြေပါလိမ့်မယ်။

ဒီနည်းကတော့ အင်မတန်ရိုးရှင်းလွယ်ကူသလောက် ဆန်းပြားထိရောက်လှတဲ့ ဂမ္ဘီရနည်းကလေးပါ။ ဒါပေမဲ့ ဒီနည်းဟာ ကောင်မလေးတွေအတွက် သီးသန့်ဖြစ်တယ်။

ဒီနည်းကို ပြုလုပ်ဖို့ရာအတွက်

၁။ နှုတ်ခမ်းနီအသစ်တစ်တောင့်ရယ်

၂။ တာရှူးလွှတ်လေးတစ်ရွက်ရယ်

၃။ ဘောပင်အသစ်တစ်ချောင်းရယ်ပဲ လိုပါတယ်။

ဒီနည်းကို . . .

လပြည့်ညသန်းခေါင်ယံအချိန်မှာ လုပ်ဆောင်ရမယ်။ လရောင်ထိတွေ့နေတဲ့အရပ် တစ်နည်းပြောရရင် လပြည့်ညရဲ့ အမိုးအကာကင်းလွတ်နေတဲ့နေရာမှာ လုပ်ဆောင်ရမှာဖြစ်ပါတယ်။

သင့်နှုတ်ခမ်းနီတောင့်လေးရဲ့ နံဘေးမှာ ဘောပင်နဲ့ XXX မှ သင်္ကေတ ကလေးကို ရေးခြစ်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါဟာ အနမ်းတွေကို ပိုပြီးလေးနက်စေပြီး လက်ဆောင်အဖြစ်ပို့ဆောင်ဖို့ သင်္ကေတကလေးပဲဖြစ်ပါတယ်။

ပြီးတော့ နှုတ်ခမ်းနီတောင့်ကလေးကို သင့်နှလုံးသားရှိရာ ရင်ဘတ်ပေါ်တင်ထားလို့ အောက်ပါ စာသားတွေကို ဂုဒေါက်ရွတ်ဆိုရပါမယ်။

ပထဝီရဲ့ အစွမ်း၊ ဝါယောရဲ့ အစွမ်း
တေဇောရဲ့ အစွမ်း၊ အာပေါရဲ့ အစွမ်းတို့နဲ့
နေရဲ့ အစွမ်း လရဲ့ အစွမ်း ကြယ်တွေရဲ့ အစွမ်းတို့နဲ့
ငါ့ချစ်သူ့အတွက် အနမ်းပျံတစ်ခုပို့ဆောင်ပါတယ်။
အောင်မြင်ပါစေသတည်း။

အင်္ဂလိပ်လို ရွတ်ချင်ရင်တော့ ...


By earth and air,
by fire and water.
By sun and moon and star.
I send a flying kiss for my love.
So mote it be.

ပြီးနောက် သင့်နှုတ်ခမ်းကို နှုတ်ခမ်းနီတောင့်နဲ့ ဆိုးလိုက်ပြီး စာရွက်ပေါ်မှာ အနမ်းတံဆိပ်ခတ်နှိပ်လိုက်ပါ။

ပြီးနောက် အဲဒီအနမ်းတံဆိပ်နှိပ်ထားတဲ့ စာရွက်ကလေးကို လေနဲ့လွှင့်ပစ်လိုက်ရပါမယ်။ အဝေးဆုံး သင့်မျက်စိနဲ့ မမြင်နိုင်တဲ့ဆီရောက်အောင်



လွှင့်လိုက်ပါ။ ကောင်းတာက တောင်ကုန်းထိပ်ကနေ အောက်က တောအုပ်ကို လွှင့်ပဲလိုက်သလိုမျိုးပေါ့။



ဒီလိုပို့ဆောင်မှုရဲ့ အကျိုးရလာဒ်ကတော့
သင့်ချစ်သူ သင့်ကို အိပ်မက်စေတတ်တယ်။
သူ့အိပ်မက်ထဲမှာ သင့်ဆီက အနမ်းတစ်ပွင့်ရရှိခံစားရတတ်တယ်။
ပြီးတော့ သင့်ချစ်သူဟာ သင့်ကို လွမ်းဆွတ်မှု ခံစားလာရစေတယ်။
မေ့လျော့နေရင်တောင် ပြန်သတိရလာစေနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆဌမမြောက်လျှောက်လဲချက်ကို လူငယ်ကလေးက မေးခွန်း တစ်ခုနှင့်စတင်လိုက်လေသည်။

"ချစ်သူဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်သလဲ"

နားထောင်နေသူပရိသတ်မှာ သူတို့ကို မေးသည်ထင်သော ကြောင့် လှုပ်လှုပ်ရွရွဖြစ်သွားကြလေသည်။ ရုတ်တရက်ဖြေဆိုရန်လည်း သူတို့မှာ အဖြေအသင့်မရှိ။

အီးအဲနှင့် လူတွေ အခက်ကြုံနေသည်ကိုကြည့်ကာ လူငယ် လေးက ပြုံးရင်း ကိုယ့်စကားကိုယ့်ဖာသာ ပိတ်သိမ်းလိုက်သည်။

"အဲဒါ ကျွန်တော် နောက်ထပ်ပြောပြမယ့် လျှောက်လဲချက်ရဲ့ နာမည်ဖြစ်ပါတယ်"

ထိုအခါမှပင် ပရိသတ်များ သက်ပြင်းချနိုင်ကြလေတော့ သည်။ ပြီးတော့ လူငယ်လေး၏ စိတ်ဝင်စားစရာကောင်းလွန်းသော လျှောက်လဲချက်တွင် မျောပါ ဝင်စားသွားကြလေတော့သည်။



# အချစ်နဲ့ ယုံကြည်မှု

လူရယ်လို့ ပေါ်ပေါက်လာစမှာ လူသားယောက်ျားနဲ့မိန်းမ နှစ်ဦးသာ ရှိခဲ့တယ်လို့ အဆိုရှိကြတယ်။

အဲဒီတုန်းက ...

ယောက်ျားလေးက ကျောက်သားစုလျှံမွှမ်းချုံတွေ ဒင်းကြမ်း ပြည့်နေတဲ့ မြေပြန့်လွင်ပြင်မှာ နေထိုင်ပြီး မိန်းကလေးက တောခြုံ ဝန်းရံထားတဲ့ နေရာလေးမှာ နေထိုင်ခဲ့သတဲ့။

ဆိုလိုတာက သူတို့ချင်း မတွေ့ကြဘူးပေါ့။

လူစဖြစ်အပြီး ...

သုံးရက်လောက်အကြာမှာတော့

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးက သူနေထိုင်ရာ မြေပြန့်လွင်ပြင်ရဲ့ ကျောက်သားဂမူအထစ်တွေကြားမှာ လင်းပွင့်တောက်ပနေတဲ့ ပန်းလေးတစ်ပွင့် ဖူးပွင့်နေတာကိုမြင်လိုက်သတဲ့။

အဲဒီတုန်းကတော့ သူ့အနေနဲ့ ဒါကိုပန်းလေးတစ်ပွင့်မှန်း မသိသေးဘူးပေါ့။

ကြည့်လို့ တော်တော်လှတာလေးကို သတိပြုမိတယ်။

ဟိုး ခြုံတောကလေး ဝန်းရံထားတဲ့နေရာမှာနေတဲ့တစ်ယောက်ကို ဒါလေးသွားပေးရင် ကောင်းမှာပဲလို့ သူ့စိတ်ထဲဖြစ်လိုက်မိပါတယ်။

အဲဒီတောခြုံတွေအကြားမှာ သူ့လို မျိုးတူတစ်ယောက်နေမှန်း သူသိတယ်လေ။ ကျားရယ် မရယ်လို့တော့ သူ့မှာ ခွဲခြား မှတ်သားမှု ဘယ်ရှိဦးမလဲ။

သူသိတာက ...

အဲဒီထဲကတစ်ယောက်ဟာ သူ့လို မကြမ်းတမ်းဘူး။ ကြောက်လည်းကြောက်တတ်တယ်။ ဒါကြောင့် ခြုံတွေ ကာရံထားတဲ့နောက်မှာ ပုန်းအောင်းနေထိုင်တာပေါ့။

ပြီးတော့ နွဲ့နွဲ့နှောင်းနှောင်းလဲ ရှိဟန်တူတယ်။

တစ်ခါတစ်လေ ဒင်းအရိပ်သဏ္ဍာန်ကို အပြင်ဘက်ကနေ ဝိုးတဝါး သူချောင်းကြည့်ဘူးတယ်လေ။

ဒါနဲ့ ... ပန်းကလေးကို သူခူးပြီး ခြုံတောစပ်ဆီမှာ ချထားပေးလိုက်တယ်။

နောက်နေ့ သူသွားကြည့်တော့ မရှိတော့ဘူး။

ဘာပဲဖြစ်ဖြစ် သူ့စိတ်ထဲ ပျော်သလိုလိုဖြစ်သွားမိတယ်။

ခြုံတောထဲက တစ်ယောက်ဟာ သူ့လက်ဆောင်လေးကို သဘောကျသွားပဲ။

အဲဒီနေ့မှာပဲ သူနောက်ထပ် ပန်းတစ်ပွင့်များရှိ မလားလို့ ဟိုနေ့က တွေ့ခဲ့တဲ့နေရာလေးဆီ သွားထပ်ကြည့်သေးတယ်။ မတွေ့တော့ဘူး။ ခြုံတောစပ်ကိုပြန်လာ။ ဘာရယ်မဟုတ် ဟာတာတာနဲ့ အထဲကို ကဲပြီးကြည့်။ အရိပ်သဏ္ဍာန်လေးတောင် မမြင်ရတော့ သူ စိတ်မောသွားတယ်။

အဲဒီက အပြန်ကျတော့ ...

သူ့လက်ထဲ ကိုင်နေကျ ကျောက်လက်နက်ကို မေ့ချန်ထားခဲ့မိတယ်။ စိတ်က နည်းနည်းရှုပ်သွားတယ် မဟုတ်လား။

သမိုင်းဦးခေတ်ကဆိုတော့ သူကိုင်တာ ရိုးရိုးကျောက်သားကွေးလေးတစ်ခုပါ။ ဒါနဲ့ပဲ သားကောင်တွေလိုက်။ သစ်သီး သစ်ဖုတွေလည်း ဖဲ့ချွေလှီးဖြတ်လို့ ရတယ်လေ။

●



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့နံနက်

အဲဒီကျောက်လက်နက်ကလေး ပျောက်သွားမှန်းသိတော့ သူ ဒေါင်းတောင်အောင် ရှာတော့တာပေါ့။

ခြုံတောအစပ်မှာ သွားပြန်တွေ့တယ်။

ဒါပေမဲ့ ဟိုနေ့ကလို ပုံစံမျိုး မဟုတ်တော့ဘူး။

ပိုကောင်းနေပြီ ပိုသပ်ယပ်နေပြီ။

အသွားတွေ ပိုထက်အောင် သွေးပေးထားတယ်။

လက်ကိုင်မှာ နွယ်ပင်ကလေးတွေနဲ့ ကိုင်ရမနာအောင် ပတ်ထားပေးတယ်။

အထဲကတစ်ယောက် လုပ်ပေးထားတာမှန်း ကြည့်လိုက်ရုံနဲ့ သူနားလည်လိုက်ပါတယ်။

ဒါနဲ့ ၅ိကနဲပျော်ရွှင်စွာ အသံပြုလိုက်ပြီး သူထွက်လာ။

နောက်ထပ် ပန်းလေးတစ်ပွင့်ကို မတွေ့တွေ့အောင် သူ အသဲအသန် လိုက်လံရှာဖွေတယ်။ တွေ့တော့ သူ ခြုံတောလေး အစပ်မှာ သွားချထားပြန်။ နောက်နေ့ကျတော့ နေရာမှာ မရှိပြန်တော့ဘူး။

ဇာတ်လမ်းကတော့ စနေပြီပေါ့။ ဒါပေမဲ့ ...

သူတို့ဇာတ်လမ်းလေးဟာ အဲဒီထက်ပိုပြီး ရှေ့ဆက်တက်လို့ မရပါဘူး။ အဲဒီထက်ပိုပြီး ဆန်းပြားခွင့်မကြုံလိုက်ရှာဘူး။



နောက်တစ်ရက်မနက်မှာပဲ ...

အသံတော်တစ်ခုကို သူတို့နှစ်ယောက်လုံးကြားလိုက်ရတယ်။

'ကဲ သားတော်နဲ့ သမီးတော်၊ မကြာခင်မှာပဲ ဒီလောကကို ငါ ပြန်လည်ဖျက်သိမ်းတော့မှာမို့ အကြောင်းကြားခြင်း ဖြစ်တယ်ကွဲ့'

လောကကို ပြန်လည်ဖျက်သိမ်းတော့မတဲ့။

လူယောက်ျားရော လူမိန်းမရော လန့်သွားမိတယ်။ လာပြော သူကို သူတို့ မမြင်ကြရဘူး။ ဟိုးအမြင့်ကောင်းကင်ဆီက လာတဲ့အသံ ဒါဟာ အသံတော်သာလျှင်ဖြစ်တယ်။

လူယောက်ျားက မေးကြည့်မိတယ်။

'လောကကို ပြန်ဖျက်သိမ်းတော့မယ်ဆိုတော့ ကျွန်တော်တို့ ကရော ခင်ဗျာ'

'မင်းတို့လည်း ပျောက်ကွယ်သွားရတော့မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောင့်များလည်း ရှင်၊ ကျွန်မတို့ ဘာအပြစ်များပြုမိလို့ပါလဲ'

လူမိန်းမက ဝင်မေးတယ်။ အသံတော်က စိတ်မကောင်းတဲ့လေသံနဲ့ …

'တကယ်တော့ ဟော့ဒီလောကကို ငါအစမ်းသဘောနဲ့ ဖန်ဆင်းလိုက်ခြင်းသာ ဖြစ်တယ်။ ဒါကြောင့် မပြည့်စုံဘူး၊ အဲဒါကြောင့်ပဲ ငါပြန်လည် နှုတ်သိမ်းလိုက်ရမှာဖြစ်တယ်'

'ဒါကို တားဆီးနိုင်ဖို့ရာ နည်းလမ်းမရှိတော့ဘူးလား'

'ဘယ်လိုများ မပြည့်မစုံဖြစ်နေရတာပါလဲ ရှင်'

လူယောကျ်ားဆီကရော လူမိန်းမဆီကရော မေးလိုက်သံနှစ်ခု တစ်ပြိုင်တည်း ထွက်ပေါ်လာတာပါ။

အသံတော်က အေးအေးဆေးဆေးရှင်းပြပါတယ်။

'အဓိကအနေနဲ့ ဟောဒီလောကဟာ အရောင်မဲ့လောက ဖြစ်နေတယ်။ လောကတစ်ခု ပြည့်စုံဖို့ရာ အရောင်စုံရှိဖို့လိုတယ်၊ ငါဖန်ဆင်းစဉ်က ကျန်ရစ်သွားခဲ့တာပါ၊ ဒါပေမဲ့ ခုလိုတည်ဆောက်ပြီးမှ အရောင်စုံအောင်ပြန်ဖြည့်ဖို့ရာခက်လှတယ်'

… ဒီတစ်ချက်ကြောင့်ပဲလား ရှင်'

'နောက်ထပ် အရေးကြီးတဲ့အချက် ရှိသေးတယ်၊ ဟောဒီလောကဟာ ဆက်လက်တည်တန့်နေဖို့ဆိုရင် ပြန့်ပွားစည်ပင်



နေဖို့လိုတယ်၊ အဲဒီအတွက် မျိုးနွယ်ပွားစီးမှုရှိရမယ်'

ဒီစကားရဲ့ သဘောသွားကိုတော့ နှစ်ယောက်လုံးပဲ နားလည်လိုက်ကြပါတယ်။ ဒါကြောင့် လူယောကျ်ားနဲ့ လူမိန်းမဟာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ခေါင်းတွေကိုယ်စီ ငုံ့လိုက်ကြတယ်။

နောက်ကျမှ … လူယောကျ်ားက ရှက်ရှက်နဲ့ပဲ …

'အဲဒီအတွက်ကိုတော့ ကျနော်တို့ ကြိုးစားလို့ ရနိုင်လိမ့်မယ်ထင်ပါတယ် ခင်ဗျာ'

'နောက်ထပ် တစ်ပတ်တိတိအချိန်ပေးမယ်၊ အဲဒီအတောအတွင်း ဟောဒီလောက ဆက်လက်တည်တံ့ပေးနိုင်ဖို့ရာ လုံလောက်တဲ့ အကြောင်းပြချက်ကို မင်းတို့ ပေးနိုင်မယ်ဆိုရင်တော့ စဉ်းစားပေးရပါလိမ့်မယ်'

နောက်တော့ မိန်းကလေးတစ်ယောက်တည်းကြားအောင် ဆက်ပြောလိုက်တယ်။

… ဒီနေ့ကနေစပြီး နောက်တစ်ပတ်အကြာ ကောင်းကင်မှာ အလင်းအိမ်တစ်ခုပေါ်လိမ့်မယ် ချစ်သမီး၊ အဲဒီ အလင်းအိမ်ဟာ အပြာ သို့မဟုတ် အနီရောင်ဖြစ်လိမ့်မယ်၊ သမီးက တစ်ပတ်အတွင်းမှာ သူ့ကို မေးခွန်းတစ်ခုမေးပါ။ ဘာကယ်ပြီး အဲဒီမေးခွန်းကို သူ အမှန်တိုင်းဖြေမယ်ဆိုရင် ပေါ်ပေါက်လာ

www.burmeseclassic.com

www.burmeseclassic.com



မယ့် အလင်းအိမ်ဟာ အနီရောင်ဖြစ်လိမ့်မယ်၊ တကယ်လို့ မှသားပါနေခဲ့ရင်တော့ ပေါ်ပေါက်လာမှာက အပြာရောင်ပေါ့၊ အဲဒီမေးခွန်းဟာ တစ်ကြိမ်သာ မေးလို့ ရမှာမို့ အထူးဂရုပြုပါ ချစ်သမီး'

ပြီးတော့ တစ်ဆက်တည်းပဲ ယောက်ျားလေးကြားအောင် ပြောပြန်တယ်။

··· ဘာပဲဖြစ်ဖြစ် ဟော့ဒီလောကကို အရောင်စုံအောင်တော့ ငါမတတ်နိုင်တော့ဘူး၊ နောက်တစ်ပတ်လောက် အကြာမှာ အလင်းအိမ်တစ်ခု ပေါ်လိမ့်မယ်၊ အဲဒီ အလင်းအိမ်ဟာ လောက ကို အရောင်တစ်မျိုးမျိုးရှိသွားအောင် ကူညီလိမ့်မယ်၊ အဲဒီအလင်းအိမ်ရဲ့ အရောင်ပေါ်မူတည်ပြီး ဟော့ဒီလောက ဘယ်လောက်ထိ ဆက်တည်တံ့မလဲဆိုတာ အဆုံးဖြတ်ပေးပါလိမ့်မယ်'



ဒီနောက် တစ်ပတ်အကြာ ကာလကတော့ ···

သူတို့မောင်နှံ ပေါင်းဖက်ခဲ့တဲ့ကာလလို့ ပြောနိုင်သလို သူတို့အတွက် စိုးရိမ်စိတ်တွေနဲ့ ဖြတ်သန်းခဲ့ရတဲ့ကာလပါပဲ။

မိန်းကလေးက စဉ်းစားတယ်။

အသံတော် မိန့်ကြားခဲ့တဲ့အတိုင်း ဘာမေးခွန်း ယောက်ျားလေးကို မေးရင်ကောင်းမလဲ?

မေးခွန်းအမေးမှားသွားမှာစိုးလို့ ဒီရက်ပိုင်းအတွင်း ဘာစကားမှတောင် မမေးဖြစ်အောင် သတိထားနေတယ်။ တော်ကြာ မေးခွန်းအမေးမှားသွားခဲ့ရင် အခက်မဟုတ်လား?

အဲဒီလို စဉ်းစားရင်းနဲ့ပဲ အချိန်တွေ တရွေ့ရွေ့ အကုန်မြန်ခဲ့ပေါ့။ တစ်ပတ်ပြည့်ခါနီး တစ်ညနေမှာတော့ ယောက်ျားလေးဟာ မိန်းကလေးကို ရင်ခွင်ထဲထည့်လို့ သူတို့ အတူနေထိုင်ဖြစ်ရာ လှိုဏ်ဂူဝမှာ ချစ်ကြည်ဆယ်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှာ ဘာအလင်းဓာတ်မှ မရှိသေးချိန်မို့ ညနေပိုင်းပေမယ့် အတော်လေးကို မှောင်မိုက်နေတာပေါ့။ အလင်းထွက်တဲ့ကျောက်လိုဆီက အလင်းရောင်မှိန်ပျပျသာ ရှိနေခဲ့တယ်။ အရောင်မဲ့နေတာမို့ ခပ်စင်းစင်း ဖျော့တော့တော့လောကကြီးကလည်း ငြိမ်ငြိမ်သက်သက် လဲလျောင်းလို့။

ယောကျ်ားပျို့နဲ့ မိန်းမပျိုကတော့ ဘေးဘီဝန်းကျင်အားလုံးကို မေ့လို့ နှစ်ယောက်တည်း အချင်းချင်း မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေမိကြတာပေါ့။

ယောကျ်ားပျိုရဲ့ ငုံ့ကိုင်းနေတဲ့ ပြုံးစစမျက်နှာကို မမှိတ်မသုန်ကြည့်ရင်း မိန်းမပျိုလေးပါးစပ်က လွတ်ကနဲ စကားတစ်ခွန်း ထွက်သွားခဲ့တယ်။

ဒါဟာ မေးခွန်းတစ်ခုပေါ့။ မေးလိုက်မိပြီးချင်းမှာပဲ… ဟာ ငါတော့ မေးခွန်းမေးမိပါပေါ့လားလို့ မိန်းမပျိုလေး အမှတ်ထားလိုက်မိပေမဲ့ နောက်ကျသွားခဲ့ပြီလေ။

‘ရှင် ကျွန်မကို တကယ်နှစ်နှစ်ကာကာ ချစ်မြတ်နိုးပါရဲ့လား ဟင်’

မိန်းကလေးမေးခွန်းကို ယောကျ်ားလေးကမဆိုင်းမတွပဲ အဖြေပေးပါတယ်။

‘ဘယ်နှယ့်ပြောပါလိမ့်၊ ချစ်တာပေါ့၊ အသက်နဲ့ထပ်တူ နှစ်



နှစ်ကာကာကြီးကို မြတ်နိုးပါတယ်ကွယ်’

အဲဒီလို သူပြန်ဖြေလိုက်အပြီးမှာပဲ ကောင်းကင်ကြီးတစ်ခုလုံးဝေါကနဲဖြစ်သွားသလို ထင်လိုက်ရတယ်။

တော်လဲသလို အသံကြီးတစ်ချက်မြည်တယ်။

ကောင်းကင်ကြီးတစ်ခုလုံး လင်းကနဲဖြစ်သွားလိုက်တာနဲ့

ယောကျ်ားပျို့နဲ့ မိန်းမပျိုတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြတယ်။ အသံတော်မိန့်မြွက်သွားတဲ့စကားကို သူတို့ချက်ချင်းကြားယောင်လိုက်ပါတယ်။

ကောင်းကင်ယံမှာ အလင်းအိမ်တစ်ခု ပေါ်တော့မယ်။

ဘာအရောင်အလင်းအိမ်များဖြစ်မလဲ?

သိချင်စိတ်ကြီးစွာ နှစ်ယောက်သား ဂူပြင်ထွက်ကြည့်မိကြပေါ့။

မိန်းကလေးကတော့ သိချင်စိတ်ပိုကဲလိမ့်မယ် ထင်ရဲ့။

သူ့ကိုဖြေသွားခဲ့တဲ့ ယောကျ်ားလေးရဲ့အဖြေ မှန်မမှန်လက်တွေ့သိရတော့မှာကိုး။

အလျှင်မြန်ဆုံး ခြေလှမ်းတွေကြောင့် ချက်ချင်းဆိုသလို ဂူပြင်ရောက်လာကြတယ်။

ကောင်းကင်ဆီ နှစ်ယောက်အတူ မော့ကြည့်လိုက်တယ်။

မိန်းကလေးရဲ့မျက်နှာ ချက်ချင်းပဲ ညှိုးငယ်သွားခဲ့[illegible]တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်မှာပေါ်ထွက်နေတဲ့ အလင်းအိမ်ရဲ့ အရောင်က အပြာရောင် ဒါဆို ယောက်ျားလေး ခုနက သူ့ကိုဖြေသွားခဲ့တဲ့ အဖြေဟာ မှားသွားထွက် နေခဲ့ပြီပေါ့။

ယောက်ျားလေးကတော့ ဘာကိုမှ သတိပြုမိဟန်မတူပါဘူး လောကတစ်ခွင် အံ့ဩထူးဆန်းစွာ ငေးကြည့်ရင်း မိန်းကလေးကိုသာ လက်ညှိုးတညွှန်ညွှန်ပြနေပေါ့။

'ဟာ ဟိုမှာကြည့်စမ်း၊ လောကကြီးတစ်ခုလုံး အရောင်တွေ ဖြာဝေစပြုလာပါလား၊ အပြာရောင်တွေယှက်သန်း တောက် လာကြတယ်၊ ဒါဟာ ကောင်းကင်ယံဆီက အလင်းအိမ်ရဲ့ အရောင်ကြောင့် ထင်တယ်'



အသံတော်နဲ့ ဆုံရချိန်မှာ နှစ်ယောက်လုံးဟာ ကိုစ္စကိုယ်စီ ကြောင့် တစ်ယောက်ကိုတစ်ယောက် မသိစေချင်ပဲ သီးသန့်စီ မေးမြန်းခဲ့ ကြတယ်။

'အပြာရောင် အလင်းအိမ်ဖြစ်လာခဲ့ပြီရှင်၊ ဒါဘယ်လိုများ အကျိုးသက်ရောက်မှု ရှိမှာပါလဲ'

'ချစ်သမီးကို ကိုကောင်းနေ့ကပြောပြီးသားပဲလေ၊ မင်းကိုဖြေတဲ့ မင်းလက်တွဲဖော်ရဲ့အဖြေဟာ မှားသားမကာင်းလို့ အပြာရောင် အလင်းအိမ် ထွက်ပေါ်လာတာပေါ့'

'ဒါဆို သူ ကျွန်မကို တကယ်မချစ်ဘူးပေါ့နော်'

အသံတော်က ပြန်မဖြေဘူး။ မိန်းကလေးက သက်ပြင်းချရင်း ဆက်မေးတယ်။

... ဟို ကျွန်မသိချင်တာကလေး၊ အပြာရောင်အလင်းအိမ်က မကောင်းဘူးပေါ့နော်'

'ဘာလို့ မကောင်းရမှာလဲ၊ အပြာရောင်ဆိုတာလဲ ရှိအပ်တဲ့ အရောင်ပဲလေ'

'ဒါပေမဲ့ သူက မှားကြောင့် ပေါ်လာရတာဆိုတာလေ'

www.burmeseclassic.com

www.burmeseclassic.com



'မှသားဆိုတာလဲ လောကမှာ လိုအပ်တဲ့အရာတစ်ခုပါပဲ၊ တစ်ခါတစ်လေမှာ အမှန်တရားဟာ သိပ်ခါးသီးနေတဲ့အခါမျိုးမှာ ဆိုရင်ပေါ့'

ယောက်ျားလေးနဲ့ အသံတော် ပြောဖြစ်တာကျတော့ တစ်မျိုး။

'အခု အပြာရောင်အလင်းအိမ် ပေါ်လာပြီဆိုတော့ ကျွန်တော်တို့နောက်ထပ်ပြီး လောကမှာ ဘယ်လောက်ဆက် အသက်ရှင်ခွင့် ရဦးမှာလဲ'

'နောက်ထပ် တစ်ပတ်အသက်ရှင်ခွင့်ရပါလိမ့်မယ်၊ အနီရောင်အလင်းအိမ်သာပေါ်ပေါက်ခဲ့ရင် နောက်ထပ် တစ်လ အသက်ရှင်ခွင့်ရမှာပါ၊ အခုတော့ … ကံဆိုးသွားတယ်လို့ပဲ ဆိုရတော့မှာပေါ့'

'ဒီအကြောင်း မိန်းကလေးကို မသိပါစေနဲ့နော်'

'ဘာကြောင့်များလဲ'

'သူက နဲ့နောင်းသူမို့ စိတ်ထိခိုက်ခံစားရမှာ စိုးလို့ပါ'



ဒီနောက်ပိုင်းရက်တွေကတော့

သူတို့အတွက် ကြေကွဲဖွယ် ဇာတ်လမ်းပိုင်းတစ်ပုဒ်ပါပဲ။

တစ်ယောက်ကိုတစ်ယောက် နောက်ဆုံးကျန်နေတဲ့ ရက်ကလေးတွေမှာ ယုယကြင်နာရင်း ဘဝအဆုံးသတ်မယ့် နောက်ဆုံးအချိန်ကို မျှော်နေမိကြတယ်။

တစ်ပတ်ဆိုတဲ့ အချိန်ဆိုတာကလည်း သိပ်မကြာလှဘူး မဟုတ်လား။ ဒီတစ်ပတ်အတွင်းမှာပဲ သူတို့ စကားတွေအများကြီး ပြောဖြစ်ကြတယ်။

မိန်းကလေးက အမှန်တိုင်းပြောပြတယ်။ ယောက်ျားလေးရဲ့ မှသားကြောင့် အပြာရောင်အလင်းအိမ်ဖြစ်လာရတဲ့ အကြောင်းပေါ့။ ဒါပေမဲ့ သူ့အပြစ်မယူပါကြောင်း အဲဒီအတွက် ဘယ်လိုမှ သဘောမထားပါကြောင်းပါ ဆက်ရှင်းပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးကလည်း မထူးတော့ပြီမို့ သူတို့ရဲ့ နောက်ဆုံး အချိန်တွေနဲ့ နီးကပ်လာတဲ့အကြောင်း ဖွင့်ပြောပြရတော့တာပေါ့။

ဒီလိုနဲ့ ...

နောက်ဆုံးနံနက်ခင်းမှာတော့ သူတို့နေထိုင်ရာ ဂူပြင်အဝ ကလေးမှာ လောကမြင်ကွင်းကို နှစ်ယောက်သား ငေးကြည့်နေမိကြပါ လေတယ်။

တစ်ယောက်ကိုတစ်ယောက် ပွေ့ပိုက်ရင်းသားက မိန်းကလေး က ရုတ်တရက် ထင်မှတ်မထားတဲ့ မေးခွန်းတစ်ခုကို မေးလိုက်တယ်။

'ရှင် ကျွန်မကို တကယ်နှစ်နှစ်ကာကာ ချစ်မြတ်နိုးပါရဲ့လား ဟင်'

မိန်းကလေးမေးခွန်းအကြားမှာ ယောက်ျားလေးမျက်နှာ ပျက် သွားတယ်။ တစ်ချိန်က သူလိမ်ညာမုသားစွက်ဖြေခဲ့မိတဲ့ အဖြစ်ကို သတိရသွားခဲ့တာကိုး။

'ကိုယ်မှားပါတယ်ကွယ်'

'ဘာလို့လဲ'

'မင်းကို မုသားစွက်ဖြေခဲ့မိတယ်လေ၊ တကယ်တော့ကိုယ်တို့ ယောက်ျားသားတွေဆိုတာ တကယ်တမ်း နှစ်နှစ်ကာကာ လေးလေးနက်နက်ကြီး ချစ်မြတ်နိုးစိတ်မရှိတတ်ဘူးနဲ့ တူပါ ရဲ့'



'ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ ကျွန်မမေးတဲ့ မေးခွန်းကို ဖြေပေးပါ ဦး'

'အခုမှတော့ အရာရာဟာ သိပ်နောက်ကျသွားခဲ့ပြီလေ'

'ဟုတ်ပါလိမ့်မယ်၊ ဒါပေမဲ့ ကျွန်မကြားချင်လို့ပါ'

'ကိုယ့်အဖြေက မုသားဖြစ်နေခဲ့ရင်ရောကွယ်'

ဒီစကားအရောက်မှာ မိန်းကလေးက ရုတ်တရက် နှုတ်ခမ်း နှစ်စုံကို တင်းတင်းစေ့လိုက်ပြီး ယောက်ျားလေးရဲ့မျက်လုံးတွေထဲကို တည့်တည့်စူးစူးစိုက်ကြည့်လိုက်တယ်။

'ကျွန်မယုံကြည်တယ်'

'ဘာကိုလဲ'

'ကျွန်မတို့ဒီတစ်ပတ်အတွင်းမှာ တစ်ယောက်ကိုတစ်ယောက် တကယ်ကို လေးနက်စွာနဲ့ အပြန်အလှန် ချစ်ခင်ဖွဲ့ခဲ့ကြတယ်၊ ဒါကြောင့် ရှင့်ရင်ထဲမှာလည်း ကျွန်မနည်းတူ ထူးခြားပြောင်း လဲမှု တစ်ခုခုတော့ ရှိမှာပါ၊ ရှင်တို့ ယောက်ျားလေးတွေက တကယ်မချစ်တတ်ဘူးဖြစ်စေ ခံစားတတ်တဲ့ နှလုံးသားမရှိ သည်ပဲဖြစ်စေ ဘာပဲဖြစ်ဖြစ် ပြောင်းလဲလာလိမ့်မယ်ဆိုတာ ကျွန်မယုံတယ်'

ယောက်ျားပျိုက မိန်းကလေးရဲ့လက်ကို တယုတယ [illegible] ဆုတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကိုကျေးဇူးတင်ပါတယ်ကွယ်'

'ရပါတယ်ရှင်၊ ကျွန်မမေးတာကိုသာ တိတိကျကျဖြေပေးပါ၊ ရှင့်ရင်ထဲမှာ ရှိတယ် …လို့ ရှင်ထင်တဲ့အတိုင်းပေါ့၊ ဒါဟာ ဘာအတွက်မှ မေးတာမဟုတ်ပါဘူး၊ အခုမှတော့ ဒီဖြေဆိုမှုဟာ ဘာကိုမှ မပြောင်းလဲစေနိုင်တော့မှန်း ကျွန်မ နားလည်ပါတယ်၊ တကယ်တမ်းတော့ ကျွန်မ သိချင်ယုံသက်သက်ပါ၊ ပြီးတော့ ထပ်ပြောပါဦးမယ်၊ ကျွန်မလိုရှင် ခံစားချက်ထပ်တူ ရှိလိမ့်မယ်မှန်း ကျွန်မ ယုံကြည်တယ်'

ယောက်ျားလေးက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး မိန်းကလေးရဲ့ မျက်နှာကို ရွှန်းရွှန်းစားစား တစ်ချက်ကြည့်လိုက် တယ်။ ပြီးတော့ ခေါင်းကို ဆတ်ကနဲ ညိတ်ပြရင်း …

'မင်းကိုကိုယ်ချစ်ပါတယ်၊ ချစ်တယ်၊ အသက်နဲ့ထပ်တူ နှစ်နှစ်ကာကာကြီးကို မြတ်နိုးပါတယ်ကွယ်'

ဒီတစ်ခါပြောင်းလဲမှုက ပိုပြီး သိသာတယ်လို့ ပြောရမှာပါ။ ယောက်ျားလေးရဲ့ အဖြေစကားသံ ဆုံးသွားချင်းမှာပဲ လောကကြီး တစ်ခုလုံး လတ်ဆတ်ရွှန်းစိုတဲ့အလင်းတွေနဲ့ ဖြာဝေသွားတယ်။

လွင့်လျားလှုပ်ခတ်သွားတယ်ဆိုပေမဲ့ ဝရုန်းသုံးကားကြီးတော့ မဟုတ်ပဲ ငြိမ့်ငြိမ့်လေး ညင်ညင်သာသာ ယမ်းခါသွားခြင်းမျိုးပါ။ ဒါပေမဲ့ လေးနက်တယ်။ အရှိန်ရှိတယ်။ လောကကြီးတစ်ခုလုံး သိသာ



လွန်းစွာ ပြောင်းလဲမှုဖြစ်ပေါ်သွားခဲ့ပါတယ်။

အထင်ရှားဆုံးပြောင်းလဲမှုကတော့ ကောင်းကင်မှာ ဖြစ်ပေါ် လာခဲ့တာပါ။

အလင်းအိမ် နောက်ထပ်အသစ်တစ်ခု ပေါ်ပေါက်လာခဲ့တယ် လေ။ ဒီတစ်ခါပေါ်လာတဲ့အလင်းအိမ်က အနီရောင်။

တောက်ပတဲ့အလင်းအောက်မှာ မိန်းကလေးက ယောက်ျား လေးကို ပြုံးရင်းကြည့်ရင်း ချိုမြစွာ ပြောလိုက်တယ်။

'အနီရောင် အလင်းအိမ် ပေါ်လာခဲ့ပြီ သိလား၊ အဲဒါ ရှင့် အမှန်ကို ပြောလိုက်လို့လေ၊ ကျွန်မကို ချစ်တယ်ဆိုတဲ့ ရှင့် အဖြေဟာ တကယ့်အမှန်တရားဖြစ်နေလို့ပေါ့'

ယောက်ျားလေးက ပြုံးပြီးကြည့်လျက်က မိန်းကလေးကို လောကကြီးတဝှမ်း ညွှန်ပြလိုက်တယ်။

'ဟိုမှာကြည့်စမ်း ချစ်သူရေ၊ လောကကြီးမှာ အရောင်တွေ စိုလက်ပြည့်လျှမ်းလာပြီကွယ်'

သူပြောမှပဲ မိန်းကလေးဟာ လောကကို ဂရုတစိုက် ကြည့်မိ လေတော့တယ်။

'ဟုတ်ပါရဲ့ လောကကြီးမှာ အရောင်တွေ အံ့အားသင့် ပြည့်ဝ လာပါလား၊ ဒါ ဘယ်လိုများဖြစ်ရတာလဲ'

ဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် အသံတော်က [illegible]

www.burmeseclassic.com

www.burmeseclassic.com



လာသမို့ သူတို့တွေ အသံတော်ကို သိချင်စိတ်စောစွာ ဝိုင်းမေးမိကြပေ၏။

'နောက်ထပ် အလင်းအိမ်တစ်ခု ပေါ်ပေါက်လာပါလား၊ ကျွန်တော်တို့ရဲ့ နောက်ဆုံးအချိန်မှာ ဒီလို စွမ်းဆောင်ပေးခဲ့တဲ့အတွက် ကျေးဇူးအထူးပဲ တင်မိပါတယ်'

'ငါ စွမ်းဆောင်ပေးခဲ့ခြင်းမဟုတ်ပါ၊ ချစ်သား ချစ်သမီးတို့ သင်တို့ကြောင့်သာ ပေါ်ပေါက်လာရခြင်းဖြစ်တယ်'

'နဂိုက အလင်းအိမ်တစ်ခုသာ ပေါ်ပေါက်လိမ့်မယ်လို့ ထင်ထားခဲ့တာပါ'

'ဟုတ်ပါတယ် အဲဒီလို မဖြစ်နိုင်တာကို ဖြစ်မြောက်စေအောင် ပြုလုပ်နိုင်တဲ့အစွမ်းဟာ ချစ်ခြင်းမေတ္တာဆီမှာပဲ ရှိပါတယ်၊ ချစ်ခြင်းမေတ္တာရဲ့ တန်ခိုးစွမ်းပကားကြောင့်ပဲ အရာအားလုံး ပြည့်စုံသွားခဲ့တာပါ'

ယောက်ျားလေးက သက်ပြင်းချသံတစ်ခုနဲ့အတူ ဝန်ခံတယ်။

'ကျွန်တော် အစကတော့ သူ့ကို ချစ်တဲ့အကြောင်း မုသားပြောမိပါတယ်'

'ဟုတ်တယ်လေ၊ ဒါပေမဲ့ မိန်းကလေးက မင်းကို ယုံကြည်ပေးခဲ့တယ် ကျောက်သားဂမူရိုင်းတွေပေါ်တဲ့ ဒေသမှာ ကြမ်းတမ်းစွာ ကြီးပြင်းလာသူ မင်းရင်ထဲကို နူးညံ့လှတဲ့ ချစ်ခြင်းမေတ္တာဆိုတဲ့အရာ ပေါ်ပေါက်လာမယ်ဆိုတာ စိတ်



ရှည် ယုံကြည်စွာ စောင့်စားပေးနိုင်ခဲ့တယ် ...

... သူ့ယုံကြည်ချက်ကြောင့်ပဲ ချစ်ခြင်းမေတ္တာ ဖြစ်ပေါ်လာရပါတယ်၊ အဲဒီ ချစ်ခြင်းမေတ္တာကြောင့်ပဲ လောကကြီးမှာ မဖြစ်နိုင်တာတွေ ဖြစ်လာခဲ့တယ်၊ တကယ်တော့ အလင်းအိမ်နှစ်ခုဟာအရောင်နှစ်ရောင်ကိုပဲ သက်ရောက်ဖြစ်ထွန်းစေမှာပါ၊ အခုတော့ စစ်မှန်တကျညီတဲ့ချစ်ခြင်းမေတ္တာက လောကကို အရောင်စုံစေခဲ့တယ်၊ ဒါကြောင့် စတင်ဖန်ဆင်းစဉ်က အကြမ်းထည်ပဲဖြစ်တဲ့ လောကကြီးဟာ ပြည့်ဝတဲ့လောကကြီး ဖြစ်လာခဲ့ရပါတယ်၊ ဒါတွေအားလုံးဟာ မင်းတို့ရဲ့ စွမ်းဆောင်မှု တွေပါပဲ'

'ဝမ်းသာလိုက်တာရှင်'

ယောက်ျားပျိုနဲ့ မိန်းမပျိုဟာ အသံတော်ရှိနေဟာတောင် ဂရုမပြုနိုင်အားပဲ တစ်ယောက်ကိုတစ်ယောက် ကြည်နူးတကြီး ဖက်တွယ်မိကြပါတယ်။

'နောက်ထပ် ဝမ်းသာစရာတစ်ခုရှိသေးတယ်၊ မင်းတို့တွေ အသက်ထက်ဆုံးအတူနေထိုင်သွားနိုင်ကြပါပြီ'

'ရှင်' ... 'ဗျာ'

အာမေဋိတ်သံတွေ စီညံလို့ သွားခဲ့တယ်။

အသံတော်က ဆက်ရှင်းပြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အစကတော့ ဒါဟာ အကြမ်းထည်လောကကြီးပါပဲ၊ ဒါကြောင့် ပြန်ဖျက်သိမ်းရမယ်လို့ ဆိုခဲ့တာပေါ့၊ ဒါပေမဲ့ ချစ်ခြင်းမေတ္တာဟာ အဲဒီ အကြမ်းထည်လောကကြီးကိုပဲ ပြည့်စုံအောင် လုပ်နိုင်စွမ်းခဲ့တယ်၊ ဒါကြောင့် ဒီလောကကြီးကို ဖျက်သိမ်းစရာမလိုပဲ ဆက်လက် နေထိုင်သွားလို့ ရပါပြီ၊ ဒီနေ့ကစပြီး မင်းတို့ဟော့ဒီစကားလေးတစ်ခွန်းကိုတော့ စွဲစွဲမြဲမြဲ မှတ်ထားပေးပါ ...

- ချစ်ခြင်းမေတ္တာဟာ အကြမ်းထည်လောကကိုတောင် ပြည့်စုံအောင် ဖြည့်စွမ်းနိုင်တဲ့ သူမတူတဲ့အစွမ်းရှိတယ်၊
- ပြီးတော့ အဲဒီချစ်ခြင်းမေတ္တာဟာလည်း ယုံကြည်မှုရှိပါမှသာ ရှင်သန်ဖြစ်ထွန်းလာနိုင်တယ် ... ဆိုတာပါပဲ'



ယခုတစ်ခါ လှျောက်လဲချက်အတွင် တစ်ပတ်တာ အခွင့်အရေးရပြန်သော အခါ လူငယ်ကလေးမှာ မြို့၏အနောက်မြောက်အရပ်သို့ ဦးတည်သွားရောက်ခဲ့သည်။

ထိုအရပ်တွင် ရရှိခဲ့သည့် ဂမ္ဘီရနည်းမှာ . . .

"မြင်မြင် ချင်းချစ်စေဖို့ ဂမ္ဘီရနည်း"

ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မြင်မြင်ချင်းချစ်စေဖို့ ဂမ္ဘီရနည်း

ဒီနည်းကတော့ စိတ်ညှို့နည်းနဲ့ အလားသဏ္ဍာန်တူပါတယ်။

ကိုယ့်ကိုယ်ကို ညှို့တဲ့သဘောပါ။

စိတ်ပညာအရ အောက်တိုဆပ်ဂျက်ရှင်းခေါ်ပါတယ်။

ဒီနည်းအတွက်

ကြေးမုံမှန်

တစ်ချပ်ပဲ လိုတယ်။

– မှန်ကို စူးစူးစိုက်စိုက်ကြည့်ပြီး ဟော့ဒီမန္တာန်လေးကို ရွတ်ဆိုပါ။

မှန်ကလေး မှန်းကလေး မင်းမြင်ကွင်းတို့ကြည်လင်စေ
ငါ့ပုဂ္ဂိုလ်စစ်ကို ပြသလော့။
ငါ့ဝိညာဉ် ရဲတိုက်မှ
မြင်သူ့ငေးမယ့် အလှစစ်ကို ပိုင်ဆိုင်စေ။

အင်္ဂလိပ်လို ရွတ်မယ်ဆိုရင် ...

Mirror, mirror, clear your sight;
Show my true self by this rite;
From the castle of my soul
An inner beauty to behold.



ဒါ့အပြင် အလှပြင်စဉ်တိုင်း မှန်ကြည့်ခေါင်းဖြီးတာမျိုး လုပ်စဉ်တိုင်းမှာ ... မိမိမျက်မှောင်နှစ်ခုကြားနှာခေါင်းရင်းကို စိုက်ကြည့်ပြီး ဟော့ဒီလို စိတ်ထဲက ရွတ်ဆို နှလုံးသွင်းရမှာဖြစ်ပါတယ်။

ငါဟာ လှပတယ်။ ငါဟာ တုနှိုင်းမဲ့ဖြစ်တယ်။
ဘယ်ပဲ ငါလုပ်လုပ် ငါ့ဝိညာဉ်အတွင်းပိုင်းကလာတဲ့အလှဟာ ထင်ဟပ်
ကြောင်း ငါနားလည်တယ်
လိုရာပြည့်ပါစေသတည်း။

အင်္ဂလိပ်လိုတော့ ခုလိုရွတ်နိုင်ပါလိမ့်မယ်။

I am beautiful, I am unique.
However I am made,
I know that my beauty reaches out from within
So mote it be.

www.burmeseclassic.com

www.burmeseclassic.com



ယခုလျှောက်လဲချက်မှာ နောက်ဆုံးလျှောက်လဲချက်ဖြစ်လေသည်။ အမှန်တော့ လူငယ်လေးအဖို့ မလျှောက်လဲလျှင်ပင် ရနေပါပြီ။ အဖြေက သိသိသာသာကြီး ပေါ်ထွက်နေပြီမဟုတ်လား။

ဘယ်လိုစီရင်မယ်ဆိုတာ လူတိုင်းက သိနေကြလေပြီ။

ယခုအခါ လူငယ်လေးမှာ အပြစ်သားတစ်ဦးအနေထက် မြို့၏ ဂုဏ်ထူးဆောင် ဧည့်သည်တစ်ဦးအနေနှင့် ရှိနေလေပြီ။ သူ့အား ဒါဏ်ပေးရန်မဆိုထားနှင့် သူ့အကြောင်း မကောင်းပြောကြလျှင်ပင် မြို့၏ လူထုထံမှ ငြိုငြင်မှုနှင့် ကြုံတွေ့ရစရာအကြောင်းရှိ၏။

သူ့လျှောက်လဲချက်များအား လာရောက်နားထောင်နေကြခြင်းမှာ အပြစ်ဒါဏ်ပေးသင့်မပေးသင့် စဉ်းစားလို၍ မဟုတ်။ အလွန်အဓိပ္ပါယ် ဖော်ရခက်ခဲလှသော အချစ်၏ အဓိပ္ပါယ်များကို ပေါ်လွင်ရှင်းလင်းအောင် ဖော်ပြနိုင်သောကြောင့်လည်းကောင်း။ ချစ်ခြင်းတရား၏ လျို့ဝှက်ချက်များကို ဖွင့်ဆိုပြနိုင်သောကြောင့်လည်းကောင်းနှစ်ခြိုက်စွာ လာအားပေးနားထောင်ကြခြင်းဖြစ်၏။

နောက်ဆုံးလျှောက်လဲချက်မှာ သူကိုယ်တိုင်တွေ့ကြုံခဲ့ရသော အဖြစ်ပျက်ကလေးအား လူငယ်လေးက လျှောက်လဲမှုသဖွယ် ပြန်လည်ပြောပြခြင်းဖြစ်လေသည်။



# ပန်းပွင့်စကား

လူစကားပြောတတ်တဲ့ ပန်းပွင့်လေးတစ်ပွင့်ရှိတယ်။

သူက ...

နိုင်ငံခြားသူလေးလေ၊ နိုင်ငံရပ်ခြားမှာ ပွင့်တဲ့ပန်းမို့ ဘိုလိုနာမည်ပဲ ရှိတာပေါ့။ သူ့မူရင်းနာမည်က Epiphyllum တဲ့။

ကျွန်တော်ကတော့ သူ့ဂုဏ်သိက္ခာကို ချီးကျူး လေးမြတ်စွာနဲ့ **သစ္စာပွင့်ကလေး** လို့ပဲ ခေါ်ပါတယ်။

''မင်းက သစ္စာရှိလိုက်တာနော်''

''ဘာဖြစ်လို့လဲ''

''ဪ၊ မင်းက တစ်သက်မှာ တစ်ကြိမ်သာ ပွင့်တတ်တာမို့ပါ၊ တို့မြန်မာစကားမှာ ရှိတယ်လေ၊ ပေတစ်သီး ကျိုးတန်

www.burmeseclassic.com



သွားတဲ့၊ တစ်ဘဝအတွက် တစ်ကြိမ်ပဲ ဖြစ်ပေါ်တတ်တာမျိုး တွေပြောတာ၊ အရမ်းတန်ဖိုးထားကြတယ်''

သစ္စာပွင့်ကလေးက ရယ်တယ်။

''ကျွန်မက ဒီလောက်တော့လည်း မဟုတ်သေးပါဘူးရှင်''

''အမယ်၊ မင်းက ပိုချင်တောင်ပိုပါလိမ့်ဦးမယ်၊ ဒါနဲ့ မင်းကို မေးစရာရှိတယ်''

''ပြောလေ''

''တစ်သက်မှာ တကြိမ်သာပွင့်ပြီး ပန်းပွင့်ချိန်ကလည်း ၄၊ ၅ နာရီလောက်ပဲ ကြာတတ်တာကိုဘာလို့များ ဟကြီးဘစား ပွင့်နေရသေးတာလဲ ဟင်''

''ဩော်၊ ဒါလား''

သစ္စာပွင့်လေးက ကြည်လင်တောက်ပတဲ့ မျက်လုံးလေးတွေနဲ့ အဝေးကို တစ်ချက်ငေးကြည့်ရင်း ညင်ညင်သာသာ စကား လေးတွေ ကို ပြောပြတယ်။

...အင်း ဟုတ်ပါတယ်၊ ကျွန်မဟာ တစ်ဘဝမှာ တစ်ခဏ လေးပဲ ဖူးပွင့်ခွင့်ရခဲ့သူပါ၊ ဒါပေမဲ့ ဘယ်လောက်ပဲ အချိန်နဲနဲ၊ ကျွန်မ ပွင့်ရမယ်လေ၊ ဒါကိုက ကျွန်မရဲ့ဘဝပဲ''

''မင်း ဝမ်းမနည်းဘူးလား''

''ဘာကိုလဲ''



''သက်တမ်းလေး တိုလွန်းတာကိုလေ''

''ဟင်အင်း၊ ဘဝရဲ့ ကြည်နူးစရာအစိတ်အပိုင်းတွေဆီ အာရုံ စိုက်နေတာနဲ့ ကိုယ်သက်တမ်းကိုယ်တောင် ဂရုမထားမိခဲ့ပါ ဘူး''

''ဘဝရဲ့ ကြည်နူးစရာ အစိတ်အပိုင်းတွေဆီ အာရုံစိုက်နေမိ လို့ ဟုတ်လား၊ စကားလေးက လှလိုက်တာ''

သစ္စာပွင့်လေးက ချိုချိုလွင်လွင်လေးရယ်ပြန်တယ်။

''ကျွန်မ တစ်ခုတော့ ပြောပြချင်တယ်၊ ဟို... သိပ် အလေး အနက် ကြီးတော့ မဟုတ်ပါဘူး''

''ပြောပါ၊ ကိုယ်စိတ်ဝင်စားလိုက်တာ''

''အင်း၊ ကျွန်မရဲ့ ဘဝအမြင်လေးတွေလို့ပဲ ပြောရမလား မသိဘူးနော်၊ ဒီလိုပါ ...

သစ္စာပွင့်လေးက သူ့လေသံအေးအေးလေးနဲ့ ဖြည်းဖြည်းချင်း ပြောပြတယ်။ ကျွန်တော် လေးမြတ်စွာ၊ တခုတ်တရ နားထောင်မိခဲ့ပါ တယ်။ သဘောကျမိတာလေးတွေ၊ ထပ်ကြားချင်မိတာလေးတွေ ရှိမေ မယ့် အရှိန်ပျက်သွားမစိုးလို့ ဝင်မဖြတ်မိဘူး။

သူ့စကားလေးတွေက ကဗျာလေးတွေနဲ့ တူလိုက်တာ

www.burmeseclassic.com



✻ကိုယ်တကယ်ချစ်တဲ့သူနဲ့ ဆုံတဲ့အခါ သူနဲ့ တစ်သက်တာ လက်တွဲနိုင်ဖို့ ကြိုးစားပါ။
သူမရှိတော့မှဆို အရာအားလုံးဟာ နောင်းသွားလိမ့်မယ်။

✻ကိုယ်ယုံကြည်ရတဲ့ သူငယ်ချင်းနဲ့ ဆုံတဲ့အခါ သင့်မြတ်အောင် နေထိုင်ဖို့ ကြိုးစားပါ။
ဘဝမှာ ကိုယ်နဲ့ တကယ်သဘောထားချင်း တိုက်ဆိုင်သူကို ဆုံဖို့ဆိုတာ မလွယ်လှဘူး။

✻ကိုယ့်ကို ကူညီသူနဲ့ ဆုံတဲ့အခါ သူ့ ကျေးဇူးကို မှတ်ထားပါ။
သူဟာ ကိုယ့်ဘဝကို ပြောင်းလဲစေခဲ့သူ ဖြစ်လို့ပါပဲ။

✻ကိုယ့်ချစ်သူဟောင်းနဲ့ ဆုံတဲ့အခါ ပြုံးပြပြီး ကျေးဇူးတင်ကြောင်းပြောပါ။
သူ့ကြောင့် အချစ်ကို ပိုနားလည်စေခဲ့လို့ပါပဲ။

✻ကိုယ့်ရန်သူဟောင်းနဲ့ ဆုံတဲ့အခါ ပြုံးပြပြီး နှုတ်ဆက်လိုက်ပါ။
သူ့ကြောင့် ကိုယ် ပိုကြံ့ခိုင်ခဲ့လို့ပါပဲ။

✻ကိုယ်နဲ့အတူနေနေသူ ကိုယ့်ကို အဖော်ပြုနေသူကို လုံးဝ ကျေးဇူးတင်ပါ။
သူ့ကြောင့် ပျော်ရွှင်ကြည်နူးမှုနဲ့ ချစ်ခြင်းမေတ္တာကို ကိုယ်ရရှိနေလို့ပါပဲ။



အနိုင်နှင့်ပိုင်းလိုက်သော လျှောက်လဲချက်ဟု ဆိုရပေလိမ့်မည်။

လူငယ်လေး၏ လျှောက်လဲချက်အဆုံးတွင် ဝေါကနဲ ညံသွားပေးသံများ ဆူညံ၍သွားလေ၏။

လူငယ်လေးကို ကောင်းချီးပေးကြ နှုတ်ဆက်ကြနှင့်လူငယ်လေး၏ အနား တွင် မြို့လူထုများဝိုင်းဝိုင်းလည်နေလေတော့သည်။

လူငယ်ကလေးက . . .

ဆူညံပွက်လောရိုက်နေသော လူအုပ်အား ခေတ္တရပ်တန့်စေကာ မြို့အုပ် ချုပ်ရေးလူကြီးများထံ ဦးတည်ကာ စကားလှမ်းပြောလေသည်။

"နေကြပါဦးခင်ဗျား၊ ကျွန်တော် ခုံသမာဓိလူကြီးမင်းများထံ မေးပါရစေဦး၊ အခုဆို ကျွန်တော့်ဘက်ကလျှောက်လဲချက်အားလုံး ပြီးမြောက်သွားခဲ့ပါပြီ ခုံသမာဓိလူကြီးများအနေနဲ့ ဘယ်လိုများဆုံးဖြတ်ပါသလဲ၊ ကျွန်တော့် လျှောက်လဲချက်တွေကို ကျေလည်မှုရှိကြပါရဲ့လား။ ဒါမှမဟုတ် ဘယ်လို အပြစ်ဒါဏ်ပေးဖို့များ ရည်ရွယ်ကြပါသလဲ ခင်ဗျာ"

"မင်းကိုသာ အပြစ်ပေးရင် ငါတို့လဲ နောက်နေ့အသက်နဲ့ခန္ဓာကိုယ်တည်မြဲ မှာမဟုတ်တော့ဘူးဟေ့၊ ပြီးတော့ မင်းရဲ့လျှောက်လဲချက်တွေကလည်း တကယ်ပဲ အနှစ်သာရရှိလှပါတယ်၊ ဒါကြောင့် မင်းကို အပြစ်က ကွင်းလုံးကျွတ် လွှတ်လိုက်ပါပြီကွယ်"

ခုံသမာဓိလူကြီးတစ်ယောက်၏ အဖြေစကားအဆုံးတွင် [illegible] ဝေါကနဲ့ဖြစ်သွားသည်ဟု ထင်ရလေသည်။ ပျော်ရွှင်စွာ ဟစ်ကြွေးလိုက်သံ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လက်ခေါက်မှုတ်သံနှင့် လေချွန်သံများ စီညံ၍သွားသည်။

ယခုအခါ လူငယ်လေးမှာ သွားလိုရာသို့ လွတ်လပ်စွာ ထွက်ခွာသွားနိုင်ပြီ ဖြစ်သော်လည်း မြို့လူထု၏ ဝိုင်းဝန်းတောင်းပန်ချက်အရ ထိုမြို့တွင် တစ်ပတ်မျှကြာအောင် နောက်ဆုံးအနေဖြင့် ဆက်လက်နေထိုင်ခဲ့သည်။

ထိုနောက်ဆုံးရက်များအတွင်း အစဉ်အလာမပြတ် မြို့၏ ဂမ္ဘီရလုပ်ငန်းရပ်များအား သူဆက်လက်လေ့လာဖြစ်ခဲ့သည်။ ဒီတစ်ကြိမ် သူသွားရောက်ဖြစ်ခဲ့သည်မှာ မြို့၏ အနောက်တောင်ဘက်သို့ဖြစ်သည်။ ထိုအရပ်တွင် သူနောက်ဆုံးရရှိခဲ့သော ဂမ္ဘီရနည်းမှာ . . .

"သင့်မျက်လုံးကို ညို့စာတ်သွင်းနည်း"

ဟူသော နည်းလမ်းတစ်ခု ဖြစ်လေသည်။



## သင့်မျက်လုံးကို ညို့ဓာတ်သွင်းနည်း

မျက်လုံးတွေဟာ စိတ်ရဲ့ ပြတင်းပေါက်ပဲလို့ ဆိုကြတယ်။

ပြီးတော့ တစ်ပါးသူကို ဆွဲဆောင်ဖို့ရာလည်း မျက်ဝန်းတွေက အခရာ… ပါ။ လူတစ်ယောက်က ကိုယ့်ကိုချစ်မြတ်နိုးလာဖို့ဆိုရင်၊ အထူးသဖြင့် ကိုယ့်အပေါ်… စွဲလန်းနေဖို့ဆိုရင် ကိုယ့်မျက်လုံးအကြည့်တွေမှာ ဆွဲဆောင်မှုရှိနေဖို့ လိုအပ်ပါ… တယ်။

ဟောဒီ မန္တာန်လေးကို မှတ်သားထားပါ။

မျက်လုံးတွေဟာ သန့်စင်တယ်
မျက်လုံးတွေဟာ တောက်ပတယ်
ငါ့အကြည့်ရဲ့ စွမ်းအားမှာ ဂမ္ဘီရညို့ချက်တွေ သက်ဝင်နေတယ်။
နေလိုတောက်ပပြီး လှပတဲ့မျက်ဝန်းတစုံ။
ကျောက်မြတ်ရတနာလို အစွမ်းတွေ ငါ့မျက်ဝန်းမှာရှိတယ်။

အင်္ဂလိပ်လို ရွတ်ချင်ရင်တော့ . . .

Eyes be clear and eyes be bright
May magic charm my powers of sight
Beautiful eyes that shine like the sun
With jewellery power my will be done.

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမန္တာန်လေးကို အသက်အောင့်ပြီး ဂုရုက်တိတိ ဂုဓါက်ရွတ်ဆိုရမှာ ဖြစ်ပါတယ်။

ပထမနေ့မှာ ထွက်ပြူစ နေရောင်ကိုကြည့်ပြီး ရွတ်ဆိုပါ။

ဒုတိယနေ့မှာ ထိုက်ခတ်နေတဲ့ လေကိုကြည့်ပြီး ရွတ်ဆိုပါ။

တတိယနေ့မှာ စီးဆင်းနေတဲ့ ရေကိုကြည့်ပြီး ရွတ်ဆိုပါ။

စတုတ္ထနေ့မှာ မြင့်မှင့်တဲ့ တောင်ကိုကြည့်ပြီး ရွတ်ဆိုပါ။

ပဉ္စမနေ့မှာ လပြည့်ည လမင်းကိုကြည့်ပြီး ရွတ်ဆိုပါ။

ဆဋ္ဌမနေ့မှာ ကြယ်စုံညရဲ့အတောက်ပဆုံးကြယ်ကိုကြည့်ပြီး ရွတ်ဆိုပါ။

သတ္တမနေ့မှာ ကျောက်မြတ်ရတနာတစ်ခုခုကို ကြည့်ပြီး ရွတ်ဆိုပါ။



# ဝိညာဉ်မိတ်ဖက် ဂမ္ဘီရကာန်ပြား

ဒါဟာ အဆောင်ကာန်ပြားတစ်ခုတင်မက အစီအရင်တစ်ခုလည်းဖြစ်ပါတယ်။ သင်ကိုယ်တိုင် ပြုလုပ်ဆောင်ထားရမှာဖြစ်တယ်။

ဒီလိုဆောင်ထားခြင်းအားဖြင့်

– **ချစ်သူဆီ အိပ်မက်စေလို့ရတယ်။**

– **ဒါမျိုးနှစ်ခုလုပ်ပြီး သင့်ချစ်သူနဲ့သင် တစ်ခုစီဆောင်ထားပါ။ သင်တို့အချစ်ရေးဟာ အမြဲနွေးထွေးတက်ကြွပြီး ထာဝရခိုင်မြဲနေစေပါလိမ့်မယ်**

ဒီ ဝိညာဉ်မိတ်ဖက် (အချစ်မီးလျှံ) ဆိုတဲ့ ဂမ္ဘီရကာန်ပြားလေးကို စီရင်နည်းကတော့...

၁။ အဖြူရောင် စက္ကူကာဒ်ပြားလွတ်တစ်ခုကို ယူပါ။ (သင့်ချစ်သူအတွက်ပါ တစ်စုံလုပ်မယ်ဆိုရင်တော့ ကာဒ်ပြား၂ ပြားပေါ့)

၂။ တစ်ဘက်စာမျက်နှာ ၂၁၉က ပုံကို ဖြတ်။ အဲဒီ ကာဒ်ပြားကလေးမှာ ကော်နဲ့ ပိရိသေသပ်စွာ ကပ်ရမှာဖြစ်ပါတယ်။

၃။ ပြီးရင် စာမျက်နှာ ၂၂၀မှာပါတဲ့ ပုံအတိုင်း အရောင်ခြယ်ပါ။

၄။ အလယ်က အသည်းပုံကို စတင်အရောင်ခြယ်ရမှာဖြစ်တယ်။ အသည်းပုံကို အနီရောင်တောက်တောက်ခြယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို အသည်းပုံအရောင်ခြယ်နေစဉ်မှာ 'ကရီမင်' ဆိုတဲ့မန္တာန်ကို နှုတ်က အဆက်မပြတ်ရွတ်နေရမှာဖြစ်ပါတယ်။ ဒီအသံကိုယ်နှိုက်က ပီယအစွမ်းတွေရှိတာမို့ ပီပီသသ ရွတ်ဆိုပါ။


၅။ ဘေးနှစ်ဘက်စွန်းက နေရာကွက်လေး၂ခုကို အပြာရင့်ရောင်ခြယ်ပါ။ ဒီလို ခြယ်နေစဉ်မှာ 'အာ-အုမ်'လို့ နှုတ်က အဆက်မပြတ် ရွတ်နေရမှာဖြစ်ပါတယ်။

၆။ ကျန်တဲ့ကဒ်ရဲ့ နေရာလပ်တွေကို အပြာနုရောင်ခြယ်ပါ။ ဒီလိုခြယ်နေစဉ်ခိုက်မှာ 'ဥုံ' လို့ နှုတ်က အဆက်မပြတ်ရွတ်ဆိုနေရမှာဖြစ်ပါတယ်။

၇။ အသည်းပုံလေးရဲ့အောက်မှာ နောက်ထပ် ကွက်လပ်လေးတစ်ခုတွေ့ပါလိမ့်မယ်။ မီးလျှံနေရာလို့ ရေးထားတယ်လေ။ အဲဒီနေရာဟာ နှလုံးသားမီးတောက်လေးဆီက မီးညွန့်ကလေးတွေ ရေးခြယ်ရမယ့်နေရာပါ။ မီးညွန့်ကလေးတွေလို အမွှားအမွှားကလေးတွေဖြစ်အောင် ဂရုစိုက်ရေးခြယ်ပါ။ အနီရောင်ဖျော့ဖျော့နဲ့ ခြယ်ရမှာဖြစ်ပြီး ဒီလိုခြယ်စဉ်မှာ 'ကရီမင်' လို့ ရွတ်ဆိုနိုင်သလို ဘာမှ မရွတ်ချင်လဲရပါတယ်။

ဒီအစီရင်အားလုံးကို လပြည့်ညမှာ အပြီးပြုလုပ်ရမှာဖြစ်ပြီး အဲဒီနေ့ကစလို့ဆောင်ထားနိုင်ပါပြီ။ သင့်ချစ်သူကို အိပ်မက်စေလိုရင်တော့ ခေါင်းအုံးအောက်ထားအိပ်ပြီး သင်မက်စေလိုတဲ့အိပ်မက်ကို ၁၀မိနစ်ခန့် အာရုံပြုနေရမှာဖြစ်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com